ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၈၀ ပြည့်နှစ် တပေါင်းလပြည့်ကျော် ၄ ရက်၊ တနင်္ဂနွေနေ့။ | Sunday, 24 March 2019 | ၄၆၀၀

**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော)လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။ လောကဝဂ်(ဓမ္မပဒ-၁၇၀)

# ၂၀၁၈ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အားပေးချီးမြှင့်



**ဒီနေ့အထိ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ Digital စနစ်နဲ့ ပြသနိုင်တဲ့ အဆင့်မြင့်ရုပ်ရှင်ရုံ ၁၂၆ ရုံရှိပြီး ရုပ်ရှင်ပိတ်ကား ၁၄၅ ခုအထိ တိုးပွားလာပြီဖြစ်တဲ့အတွက် ရုပ်ရှင်ချစ်ပရိသတ်တွေအနေနဲ့လည်း ယခင်ကထက် ရုပ်ရှင်ကြည့်နိုင်တဲ့ အခွင့်အလမ်းတွေ ပိုပြီးရရှိလာပြီဖြစ်**

**ရန်ကုန် မတ် ၂၃**

၂၀၁၈ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏရှိ The One Entertainment Park ၌ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အားပေးချီးမြှင့်သည်။

အခမ်းအနားသို့ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ဇနီး ဒေါက်တာရွှေလှမ်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးကျော်တင့်ဆွေ၊ ဒေါက်တာဖေမြင့်၊ သူရဦးအောင်ကို၊ ဒေါက်တာဝင်းမြတ်အေး၊ နိုင်သက်လွင်၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ မြန်မာနိုင်ငံ

**စာမျက်နှာ ၃ သို့ »»**

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၂၀၁၈ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ခြင်း အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။**





ကြေးမုံ

# မှန်မှန်ကန်ကန် ရဲရဲဝံ့ဝံ့ လိုက်ပါပြောင်းလဲ

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က နိုင်ငံသူ နိုင်ငံသားအားလုံး ပြုပြင်ပြောင်းလဲမှု ရေစီးကြောင်းပေါ်တွင် လိုက်ပါနိုင်မှသာ အခွင့်အလမ်းကောင်းများရရှိမည် ဖြစ်ပါကြောင်း၊ လိုက်ပါနိုင်ခြင်းမရှိပါက အခွင့်အလမ်းများ ဆုံးရှုံးမည်ဖြစ်ပါကြောင်း မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ပြည်နယ်အစိုးရအဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်တရားလွှတ်တော်နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မတ်လ ၂၁ ရက်နေ့က တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ပြုပြင်ပြောင်းလဲရေး ရေစီးကြောင်းဟူသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ဆိုလိုခြင်းဖြစ်သည်။ ယင်းကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လိုသည့်ဆန္ဒဖြင့် နိုင်ငံတော်သမ္မတသည် နယ်မြေဒေသများသို့ ကွင်းဆင်းသွားရောက်၍ ဒေသဆိုင်ရာတာဝန်ရှိသူများအား မှာကြားနေခြင်း ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် မတူကွဲပြားသော ပြည်ထောင်စုသားများစုပေါင်းနေထိုင်သည့် ပြည်ထောင်စုနိုင်ငံတော်နှင့် လျော်ကန်သင့်မြတ်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရန် သန္နိဋ္ဌာန်ချထားပြီးဖြစ်ရာ အဆိုပါ အသွင်ကူးပြောင်းမှု ထိရောက်မြန်ဆန်ရေးအတွက် ပြုပြင်ပြောင်းလဲမှုများတွင် နိုင်ငံသားအားလုံး လိုက်ပါနိုင်ရန် လိုအပ်ပေသည်။

အသွင်ကူးပြောင်းမှုတွင် လိုက်ပါရမည့် နိုင်ငံသားများဟုဆိုရာ၌ ပြည်သူ ပြည်သားများသာမက အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး ကဏ္ဍများမှ တာဝန်ရှိသူများအားလုံးနှင့် တာဝန်ထမ်းဆောင်နေကြသော အဆင့်ဆင့်သော နိုင်ငံ့ဝန်ထမ်းများအားလုံး ပါဝင်ပေသည်။ ၎င်းတို့အားလုံးသည် ပြုပြင်ပြောင်းလဲရေး ရေစီးကြောင်းတွင် ပြောင်းလဲလိုက်ပါနေသည်ဟု ခံယူပြီး လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်သည်။

ခေတ်ဟောင်း၊ စနစ်ဟောင်းမှ ခေတ်သစ်၊ စနစ်သစ်သို့ ကူးပြောင်းရာတွင် အခက်အခဲများ၊ အကျပ်အတည်းများ၊ စိန်ခေါ်မှုများ ရှိနေမည်မှာ အမှန်ဖြစ်သည်။ ယင်းအခက်အခဲ၊ အကျပ်အတည်းများနှင့် စိန်ခေါ်မှုများအား စိတ်မပျက်ဘဲ ကျရာတာဝန်ကို မလျှော့သောဇွဲဖြင့် ထမ်းဆောင်ကြရမည်ဖြစ်သည်။ ထိုသို့ထမ်းဆောင်ကြရာတွင် ကြုံတွေ့ရသည့် အခက်အခဲများသည် မိမိတို့၏ အရည်အချင်းနှင့် စွမ်းဆောင်ရည်ကိုပြသရန် အခွင့်အလမ်းတစ်ခုအဖြစ်သဘောပေါက်ပြီး ဆောင်ရွက်ကြရမည် ဖြစ်သည်။

အခက်အခဲ၊ အကျပ်အတည်းများကို ကြုံတွေ့ရသည့်အခါ အသွင်ကူးပြောင်းရေးဖြစ်စဉ်ကို အချို့က နှောင့်နှေးမှု၊ တုံ့ဆိုင်းမှု၊ ဝန်လေးမှုနှင့် စိုးရိမ်မှုများ ရှိနိုင်ပါကြောင်း၊ ယင်းမှာ စိုးရိမ်စရာမဟုတ်ပါကြောင်း၊ မိမိတို့သည် ပြုပြင်ပြောင်းလဲမှုကို ရန်သူသဖွယ် စိုးရိမ်ကြောင့်ကြစရာ မလိုပါကြောင်း၊ ပြုပြင်ပြောင်းလဲမှုသည် မိမိတို့ နိုင်ငံသူ နိုင်ငံသားများနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိတ်ကောင်း၊ ဆွေကောင်းဆိုသည်ကို သဘောပေါက်စေလိုပါကြောင်း၊ ပြုပြင်ပြောင်လဲရေးသည် ခြိမ်းခြောက်မှု၊ အန္တရာယ်ပြုမှုမဟုတ်ဘဲ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းတစ်ခုအဖြစ် နားလည်စေလိုပါကြောင်း နိုင်ငံတော်သမ္မတခရီးစဉ်တွင် မကြာခဏ မှာကြားလေ့ရှိသည်။

ပြုပြင်ပြောင်းလဲရေး ရေစီးကြောင်းတွင် လိုက်ပါစီးဆင်းပြောင်းလဲကြရာတွင် နိုင်ငံတော်သမ္မတကြီး လမ်းညွှန်မှာကြားထားသည်နှင့်အညီ သတိမမူမိကြ၍လည်းကောင်း၊ ခေတ်ဟောင်း၊ စနစ်ဟောင်းမှ သူတစ်ပါးတို့၏ အမူအကျင့်ဟောင်းများနောက်သို့ လိုက်ပါမိ၍လည်းကောင်း၊ မိမိတို့၏ အမူအကျင့်ဟောင်းများကို မပြုပြင်မိ၍လည်းကောင်း လုပ်ကိုင်မိကြသူများအနေဖြင့် ပြည်သူများ၏ ငြိုငြင်စိတ်ပျက်မှုကိုခံကြရပြီး နိုင်ငံ့ပုံရိပ်ကိုပင် ထိခိုက်နိုင်ပေသည်။ အချို့သူများအနေဖြင့် စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေနှင့် ကျင့်ဝတ်များကို ဖောက်ဖျက်မိကြသဖြင့် အပြစ်ပေးအရေးယူခြင်းကို ခံကြရသည်။

သို့ဖြစ်ရာ ဒီမိုကရေစီအသွင်ကူးပြောင်းရေး ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် နိုင်ငံသူ နိုင်ငံသားအားလုံးအနေဖြင့် ပြုပြင်ပြောင်းလဲရေး ရေစီးကြောင်းတွင် ပြည်သူကိုမျက်နှာမူ၍ မိမိတို့၏ အလုပ်ကိုမိမိတို့ မှန်မှန်ကန်ကန် ရဲရဲဝံ့ဝံ့လုပ်ဆောင်ပြီး လိုက်ပါပြောင်းလဲကြရန် တိုက်တွန်းအပ်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm



## မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

**နေပြည်တော် မတ် ၂၃**

ကချင်ပြည်နယ်တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

## ၂၀၁၉ ခုနှစ်၊ (၇၄) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

**(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် ကာကွယ်စောင့်ရှောက်ရေးတို့ကို အဓိကထားဆောင်ရွက်ရေး။**

**(ခ) သမိုင်းကြောင်းအရ နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် စဉ်ဆက်မပြတ် ခံယူလုပ်ဆောင်ရေး။**

**(ဂ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသောပြည်ထောင်စုအဖြစ် တည်ဆောက်ရာတွင် မဖြစ်မနေ လိုအပ်သော ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ဒို့တာဝန်အရေးသုံးပါးကို အခြေခံသော ငြိမ်းချမ်းရေး မူဝါဒ (၆)ရပ်ဖြင့် တပ်မတော်မှ ခိုင်ခိုင်မာမာဆောင်ရွက်ရေး။**

**(ဃ) နိုင်ငံတော်၏ ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်မည့် စွမ်းရည်ထက်မြက်သည့် တပ်မတော် တည်ဆောက်ရေး။**

# (၅၉)ကြိမ်မြောက် ကမ္ဘာ့မိုးလေဝသနေ့အခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၂၃**

(၅၉)ကြိမ်မြောက် ကမ္ဘာ့မိုးလေဝသနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Royal ACE ဟိုတယ်၌ ကျင်းပသည်။



အခမ်းအနားတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က မိုးလေဝသဖြစ်စဉ်များ ကောင်းမွန်စေရေးအတွက် လူတိုင်းပါဝင် ဆောင်ရွက်လာ ရန်ရည်ရွယ်ပြီး "နေ၊ ကမ္ဘာနှင့် မိုးလေဝသ ကောင်းမွန်ရေး လူတိုင်း ဖော်ဆောင်ပေး"ဟု ယခုနှစ်၏ ဆောင်ပုဒ်ကို ရွေးချယ်သတ်မှတ်ထားကြောင်း၊ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်ပြီး ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံစားနေရသည့်နိုင်ငံဖြစ်ကြောင်း၊ ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံစားရမှု လျော့နည်းအောင် သဘာဝပတ်ဝန်းကျင်၊ ရေအရင်းအမြစ်နှင့် သဘာဝသယံဇာတများ ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း ပြည်သူများအနေဖြင့် ပြောင်းလဲလာသည့် ရာသီဥတုနှင့်အညီ လိုက်လျောညီထွေနေနိုင်အောင် ရာသီဥတုဆိုင်ရာ ဗဟုသုတများရှိရန်၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာများ သိရှိရန်လိုအပ်ကြောင်း၊ မိဘပြည်သူများအနေဖြင့် ခရီးသွားလာရာတွင် အန္တရာယ်ကင်းအောင်၊ စိုက်ပျိုးသီးနှံများ မပျက်စီး မဆုံးရှုံးအောင်၊ အသက်အိုးအိမ်စည်းစိမ်ကို သဘာဝဘေးကြောင့် ထိခိုက်လျော့ပါးမှု နည်းနိုင်သမျှနည်းအောင် ဖြစ်စေရန်အတွက် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည့် ခန့်မှန်းချက်များ၊ သတိပေးချက်များကို အလေးထားလိုက်နာ ဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူးချုပ်ထံမှ ပေးပို့သော သဝဏ်လွှာကို ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ကျော်မိုးဦးက ဖတ်ကြားသည်။

ယင်းနောက် ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိသူများကို ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ဆုများပေးအပ်ပြီး မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ ပြသထားသည့် လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများနှင့် ပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အငြိမ်းစားဝန်ထမ်းများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

ကြေးမုံ
စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ်ဖြင့် ဒီ ၁၆ တွင် စတင်တည်ထောင်သည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၄၄၂၇

»» ရှေ့ဖုံးမှ

ရုပ်ရှင်အစည်းအရုံးနာယကများ၊ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ သဘင်၊ ဂီတအစည်းအရုံးအဖွဲ့ဝင်များ၊ ၂၀၁၈ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုအတွက် စိစစ်အကဲဖြတ်အဖွဲ့ဝင်များ၊ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆုချီးမြှင့်ပွဲမစတင်မီ ရုပ်ရှင် ၊ ဂီတအနုပညာရှင်များက တေးသံသာများဖြင့် လည်းကောင်း၊ မြန်မာ့ရုပ်ရှင် အကယ်ဒမီဂုဏ်ပြု အကယ်ဒမီကြယ်စင်အကဖြင့် လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်ကြီးများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အမှာစကားပြောကြားရာတွင် ဒီနေ့ကျင်းပပြုလုပ်တဲ့ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို တက်ရောက်လာကြတဲ့ ရုပ်ရှင်လောကမှ အနုပညာရှင်၊ အတတ်ပညာရှင်များ၊ ဧည့်သည်တော်များ၊ ရုပ်မြင်သံကြားဖန်သားပြင်ပေါ်က ကြည့်ရှုအားပေးနေကြတဲ့ ရုပ်ရှင်ချစ်ပရိသတ်များနဲ့ အခမ်းအနားဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်သူများအားလုံး ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်းနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မအနေနဲ့ ဒီအခမ်းအနားကို မနှစ်ကလည်း တက်ရောက်ခဲ့ပါတယ်။ မတက်ရောက်ဖြစ်တဲ့ နှစ်တွေမှာတော့ ရုပ်ရှင်လောကသားများအတွက် သဝဏ်လွှာပေးပို့ခဲ့ပါတယ်။

**အသစ်တစ်ဖန်မှတ်တမ်းတင်**

ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားဆိုတာ ရုပ်ရှင်လောကသားများအနေနဲ့ မိမိတို့ရဲ့အနုပညာ၊ အတတ်ပညာကို မိမိတို့မြတ်နိုးတန်ဖိုးထားသလို မိမိတို့ရဲ့ ဖန်တီးမှုလက်ရာတွေ ပီပြင်ပြောင်မြောက်ရေး၊ အဆင့်အတန်းမြင့်မားရေးကိုလည်း ဘယ်လောက်အလေးထားတယ်ဆိုတာ ပြသတဲ့ ပွဲတစ်ခုဖြစ်တယ်လို့ မြင်မိပါတယ်။ ဒါ့အပြင် ဒီပွဲဟာ ရုပ်ရှင်အနုပညာရှင်များအပေါ် ရုပ်ရှင်ကြည့်ပရိသတ်ရဲ့ ရင်းနှီးချစ်ခင်မှု၊ နှစ်သက်မြတ်နိုးမှုကို တစ်နှစ်တာအတွက် အသစ်တစ်ဖန်မှတ်တမ်းတင် ဂုဏ်ပြုလိုက်တဲ့ပွဲလို့လည်း ဆိုနိုင်ပါတယ်။

ကျွန်မအနေနဲ့ ရုပ်ရှင်ပညာကိုရော၊ သရုပ်ဆောင်နေကြတဲ့ ရုပ်ရှင်သရုပ်ဆောင်တွေကိုရော၊ ရိုက်ကွင်းရဲ့နောက်ကွယ်က အတတ်ပညာရှင်တွေကိုရော တန်ဖိုးထားပါတယ်။ ရုပ်ရှင်အပါအဝင် အနုပညာနဲ့ပတ်သက်တဲ့ လုပ်ငန်းတိုင်းမှာ အမြဲတီထွင်ဆန်းသစ်နေမှသာ အများစိတ်ဝင်စားမှု၊ အားပေးထောက်ခံမှုတွေ ရနေမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ မြန်မာ့ရုပ်ရှင်လောကသားများအနေနဲ့ ရုပ်ရှင်ဇာတ်ကားကောင်းတွေ ပေါ်ထွက်နိုင်ဖို့ ဆန်းသစ်တီထွင် ကြိုးပမ်းကြသလို ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားများကိုလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုပြီးဆန်းသစ်စွာနဲ့ ကြီးကျယ်ခမ်းနားအောင် စီစဉ်ဆောင်ရွက်နိုင်ကြမယ်လို့ ယုံကြည်ပါတယ်။ အထူးသဖြင့် ဒီနှစ်မှာ ထူးချွန်ဆုတစ်ခုချင်းစီတွေအတွက် မြန်မာ့ရုပ်ရှင်လောကရဲ့ဝါရင့်သက်ရင့် အနုပညာရှင်၊ အတတ်ပညာရှင်ကြီးတွေက အချိန်ယူပြီး အသေးစိတ်စစ်ဆေး စိစစ်ရွေးချယ်မှုတွေပြုလုပ်ခဲ့ကြကြောင်း သိရှိရတဲ့အတွက် သူတို့ရဲ့စိတ်စေတနာနဲ့ ကြိုးပမ်းအားထုတ်မှုများကိုလည်း လေးစားအသိအမှတ်ပြုမိကြောင်း ပြောကြားလိုပါတယ်။

**စိန်ခေါ်မှုတွေပြည့်နှက်နေ**

ကျွန်မအနေနဲ့ မြန်မာနိုင်ငံကြီးကို သာယာဝပြောပြီး ဖွံ့ဖြိုးတိုးတက်စေချင်တယ်၊ တိုင်းရင်းသားတွေအားလုံး စည်းလုံးညီညွတ်တဲ့ ပြည်ထောင်စုမျိုး ဖြစ်စေချင်ပါတယ်။ အခုအချိန်မှာတော့ ကမ္ဘာပေါ်က ဘယ်နိုင်ငံကိုပဲ ကြည့်ကြည့် စိန်ခေါ်မှုတွေ ပြည့်နှက်နေတာတွေ့ရမှာဖြစ်သလို ကျွန်မတို့နိုင်ငံမှာလည်း ဘက်ပေါင်းစုံက စိန်ခေါ်မှုတွေရှိနေဆဲပဲ ဖြစ်ပါတယ်။

ကျွန်မတို့နိုင်ငံကို ငြိမ်းချမ်းအောင်၊ ညီညွတ်အောင်၊ တိုးတက်ဖွံ့ဖြိုးအောင် လုပ်ဆောင်တဲ့နေရာမှာ အနုပညာဖန်တီးမှုများကလည်း ရှိနေတဲ့ သိမ်မွေ့တဲ့ စွမ်းအားကို အကျိုးရှိရှိ ဘယ်လိုအသုံးချနိုင်မလဲဆိုတာ စဉ်းစားပါတယ်။ ဘာကြောင့်လဲဆိုတော့ ရုပ်ရှင်များကပေးတဲ့ ဩဇာဟာ လူအများရဲ့ စိတ်နှလုံးကိုအများကြီး လွှမ်းမိုးနိုင်ပါတယ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ငါးထပ်ကွမ်းရုပ်ရှင်ထူးချွန်ဆုရ စည်သူ ဒေါ်မြင့်မြင့်ခင်အား ရုပ်ရှင်တစ်သက်တာဆု ပေးအပ်ချီးမြှင့်စဉ်။

ဒါဟာ ကျွန်မပြောလေ့ရှိတဲ့ Soft Power ပါပဲ။ အဲဒီလို သိမ်မွေ့တဲ့စွမ်းအားကို မှန်မှန်ကန်ကန်အသုံးချပြီးတော့ ကျွန်မတို့နိုင်ငံအတွက်သာမကဘဲ တစ်ကမ္ဘာလုံးအတွက်ပါ အကျိုးဖြစ်ထွန်းစေချင်ပါတယ်။

နေ့စဉ်နဲ့အမျှ ပြောင်းလဲတိုးတက်နေတဲ့ ကမ္ဘာကြီးနဲ့အတူ ကျွန်မတို့အနုပညာရှင်တွေရဲ့ ဖန်တီးမှုတွေလည်း ပြောင်းလဲရုံသာမက တိုးတက်စေချင်ပါတယ်။ ဒါကြောင့်လည်း မနှစ်က ရုပ်ရှင်အနုပညာရှင်များနဲ့ တွေ့ဆုံချိန်မှာ နေပြည်တော်ကို ရုပ်ရှင်မြို့တော်အဖြစ် တည်ဆောက်လိုတဲ့အကြောင်းကို ပြောပြခဲ့ပါတယ်။ ရုပ်ရှင်ကဏ္ဍဖွံ့ဖြိုးတိုးတက်စေဖို့ဆိုရင် ရုပ်ရှင်လောကသားများရဲ့ ကြိုးပမ်းအားထုတ်မှုများအပြင် နိုင်ငံတော်ကလည်း ထိရောက်တဲ့ အကူအညီတွေပေးဖို့ လိုအပ်တယ်ဆိုတာ နားလည်မိပါတယ်။ မချမ်းသာသေးတဲ့အချိန်မှာ နိုင်ငံတော်အစိုးရအနေနဲ့ ငွေကြေးအရပံ့ပိုးမှုဟာ အတိုင်းအတာတစ်ခုအထိပဲ ရှိနိုင်မှာဖြစ်ပါတယ်။ သို့သော် ယခင်ကရိုက်ကူးဖို့ အခက်အခဲရှိခဲ့တဲ့ကဏ္ဍများမှာ သက်သာလွယ်ကူစေဖို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက အားတက်သရော ကူညီဆောင်ရွက်ပေးနေကြပါတယ်။ စီးပွားရေးလုပ်ငန်းရှင်ကြီးများကလည်း ရေရှည်မှာ အကျိုးအမြတ်ကြီးကြီးမားမား ရရှိလာနိုင်မှာဖြစ်တဲ့ ရုပ်ရှင်လုပ်ငန်းထဲကို ဝင်ရောက်ရင်းနှီးမြှုပ်နှံခြင်းအားဖြင့် ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း တစ်ဖက်တစ်လမ်းက ပံ့ပိုးပေးကြဖို့ ဒီနေရာကနေ အထူးမေတ္တာရပ်ခံလိုပါတယ်။

**ဝမ်းမြောက်မိ**

လက်ရှိအချိန်အခါမှာ ရုပ်ရှင်လောကသားများအနေနဲ့ မြန်မာ့ရုပ်ရှင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေဖို့ အဘက်ဘက်က ကြိုးစားကြံဆနေကြတာကိုကြားသိရတဲ့အတွက် ဝမ်းမြောက်မိပါတယ်။ အနုပညာရှင်တွေရဲ့ အနုပညာစွမ်းအား၊ စိတ်ခတ်ခွန်အားတွေနဲ့ ခေတ်အဆက်ဆက်မှာ နိုင်ငံအတွက် ကြိုးစားပေးခဲ့ကြတာကိုလည်း အသိအမှတ်ပြုပါတယ်။ ကျွန်မတို့နိုင်ငံကြီး ဒီမိုကရေစီလမ်းကြောင်းပေါ်ရောက်ရှိလာဖို့အတွက် စွမ်းဆောင်ပေးခဲ့ကြတာကို ကျေးဇူးတင်ရှိကြောင်း အခါအခွင့်သင့်တိုင်း ပြောကြားခဲ့သလို ဒီနေ့မှာလည်း ထပ်လောင်းပြီးပြောပါရစေ။

၁၉၂၀ ပြည့်နှစ်ကစတင်ခဲ့တဲ့ မြန်မာ့ရုပ်ရှင်သမိုင်းဟာ လာမယ့် ၂၀၂၀ ပြည့်နှစ်ဆိုရင် နှစ်တစ်ရာသက်တမ်းကို ရောက်ရှိတော့မှာ ဖြစ်ပါတယ်။ ခေတ်တွေစနစ်တွေ မြောက်မြားစွာကို ဖြတ်သန်းလာခဲ့ကြရတဲ့ ရုပ်ရှင်အနုပညာလောကသားတွေအနေနဲ့လည်း အတွေ့အကြုံတွေ၊ သင်ခန်းစာတွေများစွာ တွေ့ကြုံခဲ့ကြပြီး ဖြစ်ပါတယ်။ ရုပ်ရှင်နဲ့ပတ်သက်တဲ့ ပုဂ္ဂိုလ်များရဲ့အားထုတ်ကြိုးပမ်းမှုနဲ့ ဒီနေ့ရုပ်ရှင်လောကဟာ အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုတွေ ပြန်လည်ရရှိလာတာကို တွေ့ရမှာဖြစ်ပါတယ်။ မနှစ်ကစတင်ပြီး ရုပ်ရှင်အနုပညာနဲ့ ပြည်သူကို နှစ်ပေါင်းများစွာ အလုပ်အကျွေးပြုခဲ့တဲ့ သက်ကြီး ရုပ်ရှင်အနုပညာသည်တွေအတွက် “ရုပ်ရှင်တစ်သက်တာထူးချွန်ဆု”အဖြစ် ဂုဏ်ပြုချီးမြှင့်ပေးခဲ့တာကလည်း ကောင်းမွန်တဲ့ အစဉ်အလာတစ်ခုဖြစ်ပါတယ်။ အခုဆိုရင် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရဲ့ဂုဏ်ကို ပိုမိုမြင့်မားစေခဲ့တယ်လို့ ဆိုရမှာပဲ ဖြစ်ပါတယ်။

**အခွင့်အလမ်းတွေ ပိုမိုရရှိလာ**

ဒီနေ့ကျင်းပမယ့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု အကယ်ဒမီ ချီးမြှင့်ပွဲအတွက် ၂၀၁၈ ခုနှစ်အတွင်း ရုံတင်ပြသနိုင်တဲ့ ဇာတ်ကား ၈၃ ကားပေါ်မှာ ကြည့်ရှုအကဲဖြတ်ခဲ့တယ်လို့ သိရှိရပါတယ်။ ယမန်နှစ်ကဆိုရင် ရုပ်ရှင်ကားအရေအတွက် ၁၅၉ ကား အထိ ထုတ်လုပ်နိုင်ခဲ့တာကို တွေ့ရှိရပါတယ်။ ရုပ်ရှင်ဇာတ်ကားတွေ ပိုမိုထုတ်လုပ်လာနိုင်သလို တစ်ဖက်က အဆင့်မီရုပ်ရှင်ရုံတွေလည်း တိုးပွားပြသလာနိုင်တာကို တွေ့ရပါတယ်။ ကျွန်မသိရသလောက် ဒီနေ့အထိ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ Digital စနစ်နဲ့ပြသနိုင်တဲ့ အဆင့်မြင့် ရုပ်ရှင်ရုံ ၁၂၆ ရုံရှိပြီး ရုပ်ရှင်ပိတ်ကား ၁၄၅ ခုအထိ တိုးပွားလာပြီဖြစ်တဲ့အတွက် ရုပ်ရှင်ချစ်ပရိသတ်တွေအနေနဲ့လည်း ယခင်ကထက် ရုပ်ရှင်ကြည့်နိုင်တဲ့ အခွင့်အလမ်းတွေ ပိုပြီးရရှိလာပြီ ဖြစ်ပါတယ်။ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ ဆိုသလို ရုပ်ရှင်ဇာတ်ကားတွေ များများထွက်ရှိလာတာနဲ့အမျှ ရုပ်ရှင်ရုံလုပ်ငန်းမှာ ရင်းနှီးမြှုပ်နှံမယ့်သူတွေ တိုးပွားလာမှာဖြစ်လို့ ခေတ်မီရုပ်ရှင်ရုံတွေလည်း နိုင်ငံတစ်ဝန်းမှာ အများအပြား ပေါ်ပေါက်လာမှာပဲ ဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့လည်း ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ဖို့အတွက် လိုအပ်တဲ့ စတူဒီယိုတွေ၊ ရိုက်ကွင်းနေရာတွေ ဖန်တီးပေးနိုင်ဖို့ တတ်နိုင်တဲ့ဘက်ကနေ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ဒီနေရာမှာ ရုပ်ရှင်လောကသားတွေအနေနဲ့လည်း လက်ရှိရောက်နေတဲ့နေရာမှာတင် တင်းတိမ်ကျေနပ်မနေဘဲ နိုင်ငံတကာရုပ်ရှင်တွေနဲ့ အဆင့်အတန်းမီအောင် ရည်မှန်းချက်ထားပြီး လတ်တလောကာလမှာ ဒေသတွင်းရှိ ရုပ်ရှင်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်နေတဲ့ နိုင်ငံများလိုဖြစ်လာအောင် ကြိုးစားကြဖို့ တိုက်တွန်းလိုပါတယ်။ ရုပ်ရှင်အပါအဝင် ဖျော်ဖြေရေးလုပ်ငန်းတွေကနေတစ်ဆင့် ကျွန်မတို့ ပြည်ထောင်စုနိုင်ငံသားတွေရဲ့ သမိုင်း၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ စိတ်နေစိတ်ထား၊ ကျွန်မတို့ရဲ့မျှော်လင့်ချက်တွေကို ကမ္ဘာကသိအောင်၊ နားလည်စာနာအောင်လုပ်နိုင်တဲ့ အခွင့်အရေးတွေ အများကြီးရှိနေတယ်ဆိုတာ မှတ်ယူထားစေချင်ပါတယ်။ ကျွန်မတို့အာရှမှာ ကိုရီးယား၊ ဂျပန်၊ တရုတ်၊ အိန္ဒိယရုပ်ရှင်ဇာတ်ကားတွေဟာ မိမိတို့ရဲ့ယဉ်ကျေးမှုသမိုင်းတန်ဖိုးတွေနဲ့ တံဆိပ်ခတ်ထားပြီး ကမ္ဘာမှာ ထင်ရှားကျော်ကြားနေပါတယ်။ ကျွန်မတို့အနေနဲ့လည်း ကိုယ့်နိုင်ငံရဲ့ သမိုင်းအမွေအနှစ်တွေ၊ အနုပညာအမွေအနှစ်တွေကို တစ်မူထူးခြားတဲ့ရှုထောင့်က ဖော်ထုတ်ပြနိုင်ပြီး ကမ္ဘာကစိတ်ဝင်စားအလေးထားတဲ့ ရုပ်ရှင်ယဉ်ကျေးမှုတစ်ရပ်အဖြစ် တည်ဆောက်စေချင်ပါတယ်။ သူတို့လို ရုပ်ရှင်များကတစ်ဆင့် ဖော်ထုတ်ပြသနိုင်မယ်ဆိုရင် နောင်မျိုးဆက်တွေအထိ ဂုဏ်ယူရမယ့် မှတ်တိုင်တွေအဖြစ် မော်ကွန်းတင်နိုင်မှာပဲ ဖြစ်ပါတယ်။

ကမ္ဘာတစ်ဝန်းမှာရုပ်ရှင်ကို စွဲလမ်းနှစ်သက်ကြပြီး ရုပ်ရှင်သရုပ်ဆောင်များကိုလည်း ချစ်ခင်လေးစားအရေးထားတတ်ကြပါတယ်။ အထူးသဖြင့် လူငယ်များအဖို့ အားကျအတုယူဖွယ်ရာ စံနမူနာပုဂ္ဂိုလ်များအဖြစ်လည်း မှတ်ယူတတ်ကြပါတယ်။ ဒါကြောင့်မို့လို့ ရုပ်ရှင်သရုပ်ဆောင်များအနေနဲ့လည်း ကိုယ့်ပရိသတ်ပြည်သူများရဲ့ စံနမူနာပြဖြစ်အောင် ကောင်းမွန်တဲ့ ကိုယ်ကျင့်တရား၊ ကြိုးစားတဲ့စိတ်၊ ရိုးသားတဲ့စိတ်၊ နိုင်ငံနဲ့လူမျိုးကို ချစ်မြတ်နိုးတန်ဖိုးထားတဲ့စိတ်တွေနဲ့ ဦးဆောင်လမ်းပြသူများအဖြစ် ဂုဏ်ယူတန်ဖိုးထားတတ်ကြဖို့ တိုက်တွန်းချင်ပါတယ်။

ဒီလိုတန်ဖိုးထားမှုတွေကို ရှေးရိုးဆန်တယ်လို့ ယူဆသူများပြားလာတဲ့ ပစ္စုပ္ပန်ကာလမှာ တီထွင်စွမ်းအားနဲ့ ပြန်လည်သစ်ဆန်းခေတ်မီအောင် ကြိုးစားပေးစေချင်ပါတယ်။ တစ်ဖက်ကလည်း ကိုယ့်ရဲ့ပရိသတ်ဖြစ်တဲ့ ပြည်သူတွေအားလုံး လိုလားတောင့်တနေကြတဲ့ ငြိမ်းချမ်းရေး၊ အမျိုးသားရင်ကြားစေ့ရေး၊ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး စတဲ့ကဏ္ဍတွေမှာ ကိုယ်တတ်ကျွမ်းရာ အနုပညာအစွမ်းနဲ့ တစ်ဖက်တစ်လမ်းကနေ ပါဝင်ဆောင်ရွက်ပေးစေလိုပါတယ်။ ရုပ်ရှင်လောကရဲ့ပရဟိတအင်အားတွေကို ဖော်ထုတ်ပြပေးစေချင်ပါတယ်။

ဒီနှစ်မှာ ထူးခြားမှုတစ်ခုအနေနဲ့ ဟောင်ကောင်အခြေစိုက် Shaw Brothers Pictures International Ltd. မှ Line Walker (Operation Midnight Shadow) ဇာတ်ကားရဲ့ဇာတ်ဝင်ခန်းအချို့ကို မြန်မာနိုင်ငံမှာ လာရောက်ရိုက်ကူးသွားခဲ့တာကြောင့် ကိုယ့်နိုင်ငံရဲ့ အေးချမ်းသာယာတဲ့ ပုံရိပ်ကောင်းတွေ၊ ဖော်ရွေရိုင်းပင်းတဲ့ မြန်မာ့ဓလေ့စရိုက်တွေ၊ ဂုဏ်ယူဖွယ်ရာ မြန်မာ့ယဉ်ကျေးမှုတွေကို ဒီရုပ်ရှင်ကနေတစ်ဆင့် ကမ္ဘာကိုသိရှိစေနိုင်တဲ့အတွက် အခွင့်အလမ်းကောင်းတစ်ခုအဖြစ် မှတ်ယူရမှာဖြစ်ပါတယ်။ ဒီလိုရိုက်ကူးနိုင်ဖို့အတွက် သက်ဆိုင်ရာတာဝန်ရှိတဲ့ ဌာနဆိုင်ရာအဖွဲ့အစည်းများအပြင် ရိုက်ကူးရေးမှာ အဓိကကျတဲ့ ပြည်သူတွေကလည်း ဝိုင်းဝန်းပူးပေါင်းပါဝင်ပြီး ကူညီခဲ့ကြတယ်လို့ သိရှိရတဲ့အတွက် နှစ်ထောင်းအားရမိပါတယ်။

**လက်တွေ့ဖြစ်လာနိုင်**

အခုဆိုရင် ပြီးခဲ့တဲ့ ၂၀၁၈ ခုနှစ်အတွင်း နေပြည်တော်မှာ ရုပ်ရှင်ဇာတ်ကား သုံးကား၊ ဇာတ်လမ်းတွဲ သုံးတွဲနဲ့ ဇာတ်လမ်းတိုတစ်ခုကို လာရောက်ရိုက်ကူးခဲ့ကြတယ်လို့ သိရပါတယ်။ နေပြည်တော်ဟာ ဖျော်ဖြေရေးနဲ့ပတ်သက်တဲ့ မြို့တော်တစ်ခုအသွင် စတင်လာပြီဆိုတဲ့အသိနဲ့ အလွန်ပဲဝမ်းသာမိပါတယ်။ ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များနဲ့ ပြည်ပရင်းနှီးမြှုပ်နှံလိုသူများရဲ့ရုပ်ရှင်ကဏ္ဍအပေါ် စိတ်ဝင်စားမှု ပိုမိုမြင့်တက်လာတာနဲ့အမျှ ကျွန်မတို့မျှော်လင့်ခဲ့တဲ့ နေပြည်တော်မှာ ရုပ်ရှင်မြို့တော် တည်ဆောက်ရေးဆိုတဲ့ အတွေးဟာ လက်တွေ့ဖြစ်လာနိုင်တဲ့ အခြေအနေကို ပုံဖော်ပေးနိုင်တော့မှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ဒီနေ့ကျင်းပတဲ့ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားအခါသမယမှာ ကျွန်မတို့ရုပ်ရှင်လောက တိုးတက်ပါစေ၊ အောင်မြင်ပါစေ၊ နိုင်ငံနဲ့လူမျိုးအကျိုးကို ကိုယ်တတ်စွမ်းရာပညာနဲ့ ကျရာကဏ္ဍကနေ သယ်ပိုးရင်း ပြည်သူကချစ်တဲ့ အနုပညာရှင်တွေ၊ ပြည်သူကိုချစ်တဲ့ အနုပညာရှင်တွေအဖြစ် မားမားမတ်မတ် ရပ်တည်ရင်း မြန်မာ့ရုပ်ရှင်ဂုဏ်သတင်းဟာ ရာစုနှစ်ပေါင်းများစွာ မွှေးပျံ့သင်းကြိုင် တည်တံ့ခိုင်မြဲပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်ဟု ပြောကြားသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အမှာစကားပြောကြားရာတွင် ယနေ့သည် ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်အတွင်း ရုံတင်ပြသခဲ့သည့် မြန်မာ့ရုပ်ရှင်ဇာတ်ကား ၈၃ ကားထဲမှ အထူးခြားဆုံး ရုပ်ရှင်၊ အထူးချွန်ဆုံး သရုပ်ဆောင်ခဲ့သည့် အနုပညာရှင်များ၊

စာမျက်နှာ ၄ သို့

❍ စာမျက်နှာ ၃ မှ

အပြောင်မြောက်ဆုံးဖန်တီးခဲ့သည့် အတတ်ပညာရှင်များနှင့် အကောင်းဆုံး စီစဉ်ထုတ်လုပ်သူများကို ဂုဏ်ပြုချီးမြှင့်မည့် အခမ်းအနားဖြစ်ပါကြောင်း။

ရုပ်ရှင်ထူးချွန်ဆုများ ရွေးချယ်ချီးမြှင့်ခြင်းကို ၂၀၁၃ ခုနှစ်မှစတင်ပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ဆောင်ရွက်လာခဲ့ရာတွင် တစ်နှစ်ထက် တစ်နှစ် ပိုပြီးခမ်းနားအောင်၊ ထူးခြားဆန်းသစ်အောင် ဆောင်ရွက်လာသည်ကို တွေ့ရပါကြောင်း၊ ယခုနှစ်တွင် အဓိကထူးခြားချက်အနေဖြင့် ဆုရွေးချယ်ရေးအဖွဲ့က အဘက်ဘက်မှ ပြည့်စုံကောင်းမွန်အောင် ဖွဲ့စည်းပြင်ဆင်ဆောင်ရွက်ခဲ့သည်ကို တွေ့ရပါကြောင်း၊ ရုပ်ရှင်လောက၏ သက်ကြီးဝါကြီးပုဂ္ဂိုလ်များ၊ အနုပညာရှင်ကြီးများကိုယ်တိုင် အသက်အရွယ်ကြီးရင့်သည့်ကြားထဲမှ အပင်ပန်းခံပြီး စနစ်တကျ အဆင့်ဆင့်စိစစ်ရွေးချယ်သည့်တာဝန်များကို ဆောင်ရွက်ခဲ့သည်ကို သိရသည့်အတွက် အနုပညာရှင်ကြီးများ၏ စိတ်စေတနာနှင့် ကြိုးပမ်းအားထုတ်မှုများကို အထူးလေးစားချီးကျူးဂုဏ်ပြုပါသည်ဟု ပြောကြားလိုပါကြောင်း။

**အပြောင်းအလဲများ စတင်ဖြစ်ပေါ်ချိန်ဖြစ်**

ရုပ်ရှင်လောကသားများ စုံညီစွာတက်ရောက်ကြသည့် ယနေ့အခမ်းအနားတွင် မြန်မာ့ရုပ်ရှင်နှင့်စပ်လျဉ်းပြီး မိမိ၏ရှုမြင်ချက်တစ်ရပ်ကို အနည်းငယ်တင်ပြလိုပါကြောင်း၊ ယနေ့အချိန်သည် မြန်မာ့ရုပ်ရှင်လောကတွင် သိသာထင်ရှားသော အပြောင်းအလဲများ စတင်ဖြစ်ပေါ်ချိန်ဖြစ်သည်ဟု ရှုမြင်ပါကြောင်း၊ မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်မှုအစပြုသည့် လက္ခဏာများ မြင်တွေ့နေရခြင်းကို အကြောင်းပြုပြီး ယခုစကားကို ပြောခြင်းဖြစ်ပါကြောင်း။

ပရိသတ်များအနေဖြင့် စဉ်းစားကြည့်စေလိုပါကြောင်း၊ မကြာသေးခင်နှစ်များအတွင်းက မြန်မာ့ရုပ်ရှင်လောကတွင် ရုပ်ရှင်အရည်အသွေးနှင့်ပတ်သက်ပြီး အားမရနိုင်၊ မနှစ်သက်နိုင်၍ ဝေဖန်သည့်အသံများ၊ ထောက်ပြသည့်အသံများ ဆူညံနေပါကြောင်း၊ အညံ့စားကားများ ဆက်ပြီးမရိုက်ကြရန်နှင့် ထုတ်မနေကြရန်ဆိုပြီး ကန့်ကွက်သံ၊ ပြစ်တင်သည့်အသံများ မပြတ်ကြားခဲ့ရပါကြောင်း။

သို့သော် ယနေ့ ဆုရွေးချယ်ချီးမြှင့်မည့်ဇာတ်ကားများ ပြသခဲ့သည့် ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်တွင် ရုပ်ရှင်ကြည့်ပရိသတ်များအကြား ရေပန်းစားသွားသည့် ရုပ်ရှင်ဇာတ်ကားကောင်းများ တစ်ကားပြီးတစ်ကား ပေါ်ထွက်လာသည်ကို တွေ့ရပါကြောင်း။

ယင်းမှာ ရုပ်ရှင်အရည်အသွေးကောင်းမွန်ရန်၊ မြင့်မားရန်အတွက် အပြိုင်အဆိုင် ကြိုးပမ်းလာကြသည်ဆိုသည့် လက္ခဏာဖြစ်ပါကြောင်း၊ တစ်ဖက်တွင်လည်း ရုပ်ရှင်ဇာတ်ကားများ လူကြိုက်များသည့်အတွက် ဝင်ငွေစံချိန်ချိုးသွားပြီဆိုသည့် အသံများကိုလည်း ကြားရပါကြောင်း၊ တစ်ဆက်တည်းတွင် ဇာတ်ကားကောင်းပါက ဝင်ငွေကောင်းသည်ဆိုသည့်အချက်က ထင်ရှားလာသည့်အတွက်ကြောင့် ဇာတ်ကားကောင်းများ ရိုက်ကူးထုတ်လုပ်နိုင်ရန်အတွက် ငွေကြေးများများ စိုက်ထုတ်လုပ်ကိုင်လာကြသည်ကို ကြားသိလာရပါကြောင်း၊ အင်မတန်ကောင်းသည့်လက္ခဏာများ ဖြစ်ပါကြောင်း။

**ရင်းနှီးမြှုပ်နှံသူများအတွက် အခွင့်အလမ်းဖြစ်**

နောက်တစ်ခုမှာ ရုပ်ရှင်ရုံများနှင့်ပတ်သက်သည့်အပိုင်း ဖြစ်ပါကြောင်း၊ ပြီးခဲ့သည့်နှစ်များက ရုပ်ရှင်ရုံမလုံလောက်သည့်ပြဿနာကို ကြီးကြီးမားမား ကြားသိရပါကြောင်း၊ ယင်းပြဿနာသည် ဖြေရှင်းရခက်သည့် ပြဿနာတစ်ရပ်ဖြစ်နေခဲ့ပါကြောင်း၊ ယနေ့အချိန်အထိလည်း လုံလောက်သည့်အနေအထားအထိ မရောက်သေးပါကြောင်း၊ သို့သော် ရုပ်ရှင်ရုံလုပ်ငန်းသည် ရင်းနှီးမြှုပ်နှံသူများအတွက် အခွင့်အလမ်းဖြစ်သည်ဆိုသည်ကို သိမြင်သူများ တိုးပွားလာသည့်အလျောက် ရုပ်ရှင်ရုံလုပ်ငန်းတွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံ လုပ်ကိုင်လာကြပါကြောင်း၊ ထို့ကြောင့် ရုပ်ရှင်ရုံအရေအတွက်သည် တစ်နေ့တခြား တိုးတက်လာနေပါကြောင်း၊ ထို့ကြောင့် ၂၀၁၆ ခုနှစ်က ရုပ်ရှင်ဇာတ်ကား ၃၃ ကား ရုံတင်နိုင်ခဲ့ရာမှ ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်တွင် ၈၃ ကားအထိ ရုံတင်လာနိုင်ပါကြောင်း၊ ရုပ်ရှင်ရုံအရေအတွက်၊ ရုပ်ရှင်ပိတ်ကားအရေအတွက် ၁၄၆ ခုအထိရှိလာပြီး တစ်ချိန်တည်းတွင် နောက်ထပ်အသစ်အသစ် တိုးတက်လာမှုများလည်း ရှိနေပါကြောင်း၊ လာမည့် နှစ်လ၊ သုံးလအတွင်းတွင် နောက်ထပ်ဖွင့်လှစ်မည့်ရုပ်ရှင်ရုံ ၂၀ ခန့်ရှိမည်ဟု သိရှိရပါကြောင်း၊ ယခုနှုန်းအတိုင်း တိုးတက်သွားမည်ဆိုပါက ထွက်ပေါ်လာမည့် ရုပ်ရှင်ကားအရေအတွက်နှင့် ရုပ်ရှင်ရုံများ၏အရေအတွက်သည် မျှတသွားမည့်အနေအထားကို ရောက်ရှိလိမ့်မည်ဟု မြင်ပါကြောင်း။

ယင်းမှာ မြန်မာ့ရုပ်ရှင်လောကတွင် ရုပ်ရှင်ပညာသည်များဘက်က အနုပညာ အတတ်ပညာပိုင်းဆိုင်ရာတွင် အားထုတ်လာသည့်အပိုင်းနှင့် ရုပ်ရှင်တွင် ရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းသမားများ၏အပိုင်းကလည်း တိုးတက်ပြီး ရင်းနှီးမြှုပ်နှံလာသည့် အပိုင်းနှစ်ပိုင်း ချိတ်ဆက်မိလာသည့်အနေအထား ဖြစ်ပါကြောင်း၊ ယင်းမှဆက်လက်ပြီး ရုပ်ရှင်လုပ်ငန်းကဏ္ဍတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်မည့်ဆီသို့ ဦးတည်ရွေ့ရှုလာနေသည်ကို မြင်ရပါကြောင်း။

မြန်မာ့ရုပ်ရှင်သည် လာမည့်နှစ်တွင် သက်တမ်းနှစ် ၁၀၀ ပြည့်တော့မည်ဖြစ်ပါကြောင်း၊ မြန်မာ့ရုပ်ရှင်သည် ကမ္ဘာတွင် ရုပ်ရှင်ပေါ်ထွန်းစ ခေတ်ဦးပိုင်းကာလကတည်းက ပေါ်ပေါက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတကာတွင် အသံတိတ်ရုပ်ရှင်၊ အသံတိတ်မှ အသံထွက်၊ အဖြူအမည်းမှ ဆေးရောင်စုံ စသည်ဖြင့် ပြောင်းလဲလာသည့်ကာလတစ်လျှောက်တွင် မိမိတို့နိုင်ငံတွင်လည်း ရုပ်ရှင်သည် ထိုသို့ပြောင်းလဲပြီး တိုးတက်လာခဲ့ပါကြောင်း၊ မြန်မာ့ရုပ်ရှင်ကို ပြည်တွင်း



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် အမှာစကားပြောကြားစဉ်။



မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်း မြန်မာ့ရုပ်ရှင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပန်ကြားချက်ကို တင်ပြစဉ်။

ပရိသတ်သာမက နိုင်ငံတကာကပါ ယခင်ကတည်းက ကြည့်ရှုခဲ့ကြပါကြောင်း၊ မိမိသိရသည့် စာရင်းတစ်ခုအရ ၁၉၃၀ ခုနှစ်ဝန်းကျင်တွင် မြန်မာရုပ်ရှင်ကား ၂၀ နီးပါးကို ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ခဲ့ပါကြောင်း၊ ဂျပန်-ထိုင်း-အိန္ဒိယ စသည့် နိုင်ငံများသို့ မြန်မာ့ရုပ်ရှင်ကားများကို တင်ပို့ပြသနိုင်ခဲ့သည်ကို သိရပါကြောင်း၊ အိန္ဒိယနိုင်ငံတွင် မြန်မာဇာတ်ကားများကို ၎င်းတို့ဘာသာဖြင့် စာတန်းထိုးပြသခဲ့ပါကြောင်း၊ စစ်ပြီးခေတ်တွင် မြန်မာရုပ်ရှင်ကားများ တရုတ်၊ ဆိုဗီယက် စသည့် နိုင်ငံများကို တင်ပို့ပြသနိုင်ခဲ့သည်ကို အားလုံးသိရှိပါကြောင်း၊ ယင်းမှာ မိမိတို့ မြန်မာ့ရုပ်ရှင်သည် အစောပိုင်းကာလများတွင် နိုင်ငံတကာကို ဝင်ဆံ့နိုင်ခဲ့သည်ကို သိရပါကြောင်း။

**စွမ်းဆောင်ရည်မြင့်မား**

မြန်မာ့ရုပ်ရှင်သည် နိုင်ငံတကာနှင့် အထူးသဖြင့် အနီးဝန်းကျင်တွင် ဝင်ဆံ့နိုင်ရန်အတွက် မိမိတို့ရုပ်ရှင်နယ်ပယ်ထဲတွင် စွမ်းဆောင်ရည်မြင့်မားသော အတတ်ပညာရှင်၊ အနုပညာရှင်များရှိသကဲ့သို့ ရုပ်ရှင်လုပ်ငန်းထဲတွင် ရင်းနှီးမြှုပ်နှံလိုသူများ၊ တီထွင်ဆန်းသစ်လိုသူများသည် ယခင်ကတည်းက ရှိနေသည်ကို တင်ပြခြင်းဖြစ်ပါကြောင်း။

တစ်ခေတ်တစ်ခါက နိုင်ငံတကာတွင် ဝင်ဆံ့ခဲ့ရာမှ ကာလတစ်ခုတွင် ရုပ်ရှင်သည် အကြောင်းကြောင်းကြောင့် ယိုယွင်းကျဆင်းခဲ့သည်ကိုလည်း အားလုံးအသိပင်ဖြစ်ကြောင်း။

ထိုသို့ ယိုယွင်းကျဆင်းသည့်အနေအထားမှ ယနေ့ကာလတွင် မြန်မာဇာတ်ကားကောင်းများ ပေါ်ထွက်လာပြီး ယင်းဇာတ်ကားများသည် ပြည်တွင်းသာမက ပြည်ပကို တင်ပို့လာနိုင်ပါကြောင်း၊ ၂၀၁၈ ခုနှစ်အတွက် ဆန်ခါတင်စာရင်းတွင်ပါဝင်ခဲ့သည့် ဇာတ်ကားများထဲမှ ၁၀ ကားသည် အိမ်နီးချင်းတိုင်းပြည်များသို့ တင်ပို့ပြသနိုင်ခဲ့သည့် အနေအထားများအပေါ်မူတည်ပြီး မြန်မာ့ရုပ်ရှင်သည် ပြန်လည်ဆန်းသစ်စပြုကာ ရှေ့ဆက်၍ ဖွံ့ဖြိုးတိုးတက်မည့်လက္ခဏာများ ပြသနေပြီဟု ဆိုလိုခြင်းဖြစ်ပါကြောင်း။

**မြန်မာ့ရုပ်ရှင်လောကသားများဖြစ်**

မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ အဓိကစွမ်းဆောင်နိုင်သူများသည် မြန်မာ့ရုပ်ရှင်လောကသားများ ဖြစ်ပါကြောင်း။

တစ်ဖက်တွင်လည်း နိုင်ငံတော်အစိုးရအနေဖြင့် ရုပ်ရှင်လောကသားများ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သည့်နေရာတွင် ပိုပြီးထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် လိုအပ်သည်များကို ဖြည့်ဆည်းကူညီဆောင်ရွက်ပေးရန် စိတ်အားထက်သန်လျက်ရှိသည်ကို တင်ပြလိုကြောင်း။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ရုပ်ရှင်အနုပညာ၊ အတတ်ပညာရပ်များကို နှစ်သက်တန်ဖိုးထားသကဲ့သို့ ရုပ်ရှင်လောကသားများနှင့် ရင်းနှီးခင်မင်သည်ကို ရုပ်ရှင်လောကသားများ အသိဖြစ်ပါကြောင်း၊ ရုပ်ရှင်လုပ်ငန်းနှင့်သက်ဆိုင်သော ပြန်ကြားရေးဝန်ကြီးဌာနကိုလည်း မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစွမ်းကုန်ပါဝင်ကူညီဆောင်ရွက်ရန် တိုက်တွန်းလမ်းညွှန်လျက်ရှိပါကြောင်း။

ယင်းလမ်းညွှန်ချက်များနှင့်အညီ မိမိတို့အကောင်အထည်ဖော် ဆောင်ရွက်နေသည်များကို အသေးစိတ်အစီရင်ခံတင်ပြခြင်းမပြုဘဲ ရုပ်ရှင်လောကသားများကို အသိပေးလိုသည့် အချက်နှစ်ခုကို တင်ပြချင်ပါကြောင်း။

ပထမတစ်ခုမှာ ရန်ကုန်မြို့လယ် ဗဟန်းမြို့နယ်ရှိ ရုပ်ရှင်မြှင့်တင်ရေးခြံ ဖြစ်ပါကြောင်း၊ ယင်းခြံသည် ယခင်က ရုပ်ရှင်လောကသားများအတွက် အကျိုးရှိစွာ အသုံးပြုခဲ့သော နေရာတစ်ခုဖြစ်ခဲ့ပြီး နာဂစ်အပါအဝင် သဘာဝဘေးရန်များနှင့် အခြားသောအကြောင်းကြောင်းများကြောင့် ကာလရှည်ကြာ ပျက်စီးယိုယွင်းခဲ့ပါကြောင်း၊ ယခုအခါ အဆိုပါရုပ်ရှင်ခြံကို ပြုပြင်မှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ ရုပ်ရှင်စတူဒီယို (၁)၊ (၂)၊ (၃) စသည့် အဆောက်အဦများကို ပြန်လည်မွမ်းမံပြင်ဆင်ပြီး ယခုအခါ ရိုက်ကူးရေးလုပ်ငန်းများကို ဆောင်ရွက်နေပြီဖြစ်၍ ပြည့်ပြည့်ဝဝ အသုံးပြုသွားကြရန် ဖိတ်ခေါ်ပါကြောင်း။

**ထိထိရောက်ရောက်အသုံးပြု**

ထို့ပြင် ရုပ်ရှင်ခြံကို ရုပ်ရှင်မြှင့်တင်ရေးစင်တာအဖြစ် ခင်းကျင်းပြင်ဆင်ပြီး ရုပ်ရှင်နှင့်ပတ်သက်သည့် စာတမ်းဖတ်ပွဲ၊ ဆွေးနွေးပွဲ၊ ရုပ်ရှင်သုံးသပ်ပွဲ၊ ရုပ်ရှင်ဆိုင်ရာ စာနယ်ဇင်းမိတ်ဆက်ပွဲ၊ ရုပ်ရှင်ပညာသင်တန်း စသည်တို့ကို အသုံးပြုလျက်ရှိပါကြောင်း၊ ယင်းနေရာကို မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရှင်များ လွတ်လပ်စွာနှီးနှောဖလှယ်ရာနေရာ၊ အချင်းချင်းအကြား ပညာမျှဝေရာနေရာတစ်ခုအဖြစ် ဖန်တီးပေးထားခြင်းဖြစ်သည့်အတွက် ယခုနေရာကို ထိထိရောက်ရောက် အသုံးပြုကြရန် ဖိတ်ခေါ်ပါကြောင်း။

ဒုတိယတစ်ခုမှာ ရုပ်ရှင်ရိုက်ကူးရေးတွင် ကြုံတွေ့နေကြရသည့် အခက်အခဲ၊ အတားအဆီးများကို အစဉ်တစိုက် ရုပ်ရှင်လောကသားများက ပြောဆိုဝေဖန်ခဲ့ကြပါကြောင်း၊ အဆိုပါ အတားအဆီး၊ အခက်အခဲများကို တတ်နိုင်သမျှ အဆင်အပြေဆုံးဖြစ်အောင် သက်ဆိုင်ရာနေရာဌာနအသီးသီးမှ တာဝန်ရှိသူများ၊ အဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းပြီး အဆင်အပြေဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ပေးနေပါကြောင်း၊ ဥပမာ- နေပြည်တော်တွင် ရုပ်ရှင်ရိုက်ကူးလိုသူများအတွက် လုပ်ငန်းအဆင်ပြေအောင် ညှိနှိုင်းဆောင်ရွက်ပေးရန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ကို ဖွဲ့စည်းထားပြီး ယင်းအဖွဲ့ကိုဆက်သွယ်ပြီး အကူအညီတောင်းပါက နေပြည်တော်တွင် ရိုက်ကူးရေးလုပ်ငန်းများ အဆင်ပြေအောင် ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထို့အပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် မိန့်ခွန်းတွင် ပါဝင်သည့် ဟောင်ကောင်မှ ရှောဘရားသားစ်ကုမ္ပဏီက ရုပ်ရှင်လာရောက်ရိုက်ကူးခဲ့သည်ကို အများအသိပင်ဖြစ်ပါကြောင်း၊ ယင်းရုပ်ရှင်ကို ရန်ကုန်မြို့လယ်တွင် လာရောက်ရိုက်ကူးခြင်းဖြစ်ပါကြောင်း၊ တစ်ချိန်တစ်ခါက ရိုက်ကူးမှု အင်မတန်ခက်ခဲသည်ကို ရိုက်ကူးဖြစ်အောင် ဝိုင်းဝန်းညှိနှိုင်းကူညီဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ထို့ပြင် ရုပ်ရှင်ရိုက်ကူးရေးတွင် အခက်အခဲ၊ အဟန့်အတား ဖြစ်နေသည်များကို အဆင်ပြေချောမွေ့အောင် မည်သည့်အတိုင်းအတာအထိ ညှိနှိုင်းကူညီဆောင်ရွက်ပေးလျက်ရှိသည်ကို တင်ပြခြင်းဖြစ်ပါကြောင်း၊ ထိုသို့ ရိုက်ကူးရေးအတွက် ကူညီဆောင်ရွက်ပေးခြင်းသည် နိုင်ငံခြားကုမ္ပဏီဖြစ်၍ ဆောင်ရွက်ပေးခြင်းမဟုတ်ဘဲ မြန်မာ့ရုပ်ရှင်ဇာတ်ကားကောင်းများ ပေါ်ထွက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြမည့် မြန်မာ့ရုပ်ရှင်သမားများ၏ ရိုက်ကူးရေးအစီအစဉ်များကိုလည်း ထိရောက်စွာညှိနှိုင်းကူညီဆောင်ရွက်ပေးရန် အဆင်သင့်ရှိကြောင်းကို ပြောကြားလိုပါကြောင်း။

**ဆုမွန်ကောင်းတောင်း**

ယနေ့ ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲတွင် ၂၀၁၈ ခုနှစ် ရုပ်ရှင်အနုပညာ ဖန်တီးမှုများအတွက် အသင့်တော်ဆုံး၊ အထိုက်တန်ဆုံး၊ အနုပညာရှင် အတတ်ပညာရှင်များနှင့် ထုတ်လုပ်သူများ ဆုရရှိကြပါစေ၊ ဆုရရှိသူများကိုယ်တိုင်နှင့် ၎င်းတို့ကို နှစ်သက်အားပေးသူများ ပျော်ရွှင်ကြပါစေ၊ ဆုနှင့်ကပ်၍ လွဲချော်ခဲ့ကြသူများလည်း စိတ်ပျက်အားလျော့ခြင်းမဖြစ်ဘဲ နောက်နှစ်များတွင် မိမိဆုရရှိရန် ဆက်လက်ကြိုးစားအားထုတ်နိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်းက မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပန်ကြားချက်ကို တင်ပြသည်။

ထို့နောက် ၂၀၁၈ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများပေးအပ်ရာတွင် ပါဝင်အားဖြည့်ကူညီကြမည့် မျိုးဆက်သစ်အနုပညာရှင် အကူမောင်မယ်များနှင့် မိတ်ဆက်ပေးသည်။

ယင်းနောက် ၂၀၁၈ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများကို ကြေညာပြီး ဆုချီးမြှင့်ပွဲကိုကျင်းပရာ ရှေ့ဦးစွာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ငါးထပ်ကွမ်းရုပ်ရှင်ထူးချွန်ဆုရ စည်သူ ဒေါ်မြင့်မြင့်ခင်အား ရုပ်ရှင်တစ်သက်တာဆု ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ရုပ်ရှင်တစ်သက်တာဆုရရှိသူ ငါးထပ်ကွမ်းရုပ်ရှင်ထူးချွန်ဆုရ စည်သူ ဒေါ်မြင့်မြင့်ခင်က ကျေးဇူးတင်သြဝါဒစကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ၂၀၁၈ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများကို ဆက်လက်ကြေညာရာ ရုပ်ရှင်အတတ်ပညာဆုတစ်ဆုဖြစ်သည့် အကောင်းဆုံး ရုပ်ရှင်အသံထူးချွန်ဆုကို "မုန်းစွဲ"ဇာတ်ကားဖြင့် ကိုအေးကလည်းကောင်း၊ အကောင်းဆုံး ရုပ်ရှင်တည်းဖြတ်ထူးချွန်ဆုကို "ရွှေကြာ"ဇာတ်ကားဖြင့် ကျော်ခိုင်စိုးကလည်းကောင်း၊ အကောင်းဆုံး ရုပ်ရှင်ဓာတ်ပုံထူးချွန်ဆုကို "မုန်းစွဲ" ဇာတ်ကားဖြင့် ဝင်းလွင်ထက်ကလည်းကောင်း၊ အကောင်းဆုံး ရုပ်ရှင်နောက်ခံတေးဂီတထူးချွန်ဆုကို

စာမျက်နှာ ၅ သို့ ❖



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ ဇနီး ဒေါက်တာရွှေလှမ်း၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဇနီးတို့ ရုပ်ရှင်ထူးချွန်ဆုရရှိသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် အကောင်းဆုံးဇာတ်ကားဆု ရရှိသည့် ငွေသော်တာရုပ်ရှင်ထုတ်လုပ်ရေးမှ ဒေါ်လေးသန္တာမြင့်အား ရုပ်ရှင်ထူးချွန်ဆု ပေးအပ်ချီးမြှင့်စဉ်။

❖ စာမျက်နှာ ၄ မှ

"မျက်နှာပြင်များ" ဇာတ်ကားဖြင့် ရှလုံးအမ်ရောနမ်က လည်းကောင်း၊ အကောင်းဆုံးရုပ်ရှင် ဇာတ်ညွှန်းထူးချွန်ဆုကို "ရွှေကြာ" ဇာတ်ကားဖြင့် ဝိုင်းက လည်းကောင်း၊ အကောင်းဆုံးရုပ်ရှင် ဒါရိုက်တာထူးချွန်ဆုကို "မုန်းစွဲ" ဇာတ်ကားဖြင့် ဒါရိုက်တာဩရသက လည်းကောင်း၊ အကောင်းဆုံး ရုပ်ရှင်ဇာတ်ကား ထူးချွန်ဆုကို "ရွှေကြာ" ဇာတ်ကားဖြင့် ငွေသော်တာ ရုပ်ရှင်ထုတ်လုပ်ရေးမှ ဒေါ်လေးသန္တာမြင့်က လည်းကောင်း၊ အကောင်းဆုံး အမျိုးသား ရုပ်ရှင်ဇာတ်ပို့ထူးချွန်ဆုကို "မုန်းစွဲ" ဇာတ်ကားဖြင့် ကျော်ကျော်ဗိုက လည်းကောင်း၊ အကောင်းဆုံး အမျိုးသမီး ရုပ်ရှင်ဇာတ်ပို့ထူးချွန်ဆုကို "နောင်တွင် ဥဒါန်းတွင်စေသတည်း"ဇာတ်ကားဖြင့် အေးမြတ်သူက လည်းကောင်း၊ အကောင်းဆုံးအမျိုးသမီး ရုပ်ရှင်ဇာတ်ဆောင်ထူးချွန်ဆုကို "ရွှေကြာ" ဇာတ်ကားဖြင့် ဖွေးဖွေးက လည်းကောင်း၊ အကောင်းဆုံး အမျိုးသားရုပ်ရှင်ဇာတ်ဆောင်ထူးချွန်ဆုကို "မှော်ဝင်သမန်းကျား" ဇာတ်ကားဖြင့် သူထူးစံက လည်းကောင်းရရှိကြပြီး ဆုရရှိကြသူများအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဝါရင့်အကယ်ဒမီ အနုပညာရှင်ကြီးများက ထူးချွန်ဆုများကို အသီးသီးပေးအပ်ချီးမြှင့်ကာ ထူးချွန်ဆုရ အနုပညာရှင်များက ကျေးဇူးတင်စကားပြန်လည် ပြောကြားသည်။

ဆုချီးမြှင့်ပွဲ အခမ်းအနားအပြီးတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ ဇနီး ဒေါက်တာရွှေလှမ်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တာဝန်ရှိသူများသည် ၂၀၁၈ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ခြင်း အခမ်းအနားတွင် ထူးချွန်ဆု ဆွတ်ခူးရရှိခဲ့ကြသည့် ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များကို ဂုဏ်ပြုနှုတ်ဆက်ကြသည်။

ယခုကျင်းပသည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုကို ၂၀၁၈ ခုနှစ်အတွင်း ရုံတင်ပြသခဲ့သည့် မြန်မာ့ရုပ်ရှင်ဇာတ်ကား ၈၃ ကားထဲမှ ဆန်ခါတင် ၂၅ ကားကို အဆင့်ဆင့်အကဲဖြတ်ရွေးချယ်ခဲ့ပြီး ယင်းဇာတ်ကားများအနက်မှ ထူးချွန်ဆုများကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၂၀၁၈ ခုနှစ်အတွင်း ရုပ်ရှင်ဇာတ်ကား (၈၃)ကားအထိ ရုံတင်ပြသနိုင်ခြင်းသည် မြန်မာ့ရုပ်ရှင်သမိုင်းတစ်လျှောက် ဒုတိယစံချိန်အများဆုံး ရုံတင်ပြသနိုင်သည့် နှစ်အဖြစ် မှတ်တမ်းတင်နိုင်ခဲ့ကြောင်း သိရသည်။ ပထမ စံချိန်တင်နိုင်သည့်ကာလမှာ ၁၉၆၂ ခုနှစ်ကဖြစ်ပြီး ရုပ်ရှင်ဇာတ်ကားပေါင်း (၈၈) ကားဖြင့် စံချိန်တင်နိုင်ခဲ့ကြောင်းသိရသည်။

မြန်မာ့ရုပ်ရှင်ထူးချွန်ဆုကို ၁၉၅၂ ခုနှစ်က စတင်ပေးအပ်ချီးမြှင့်ခဲ့ရာ ဇာတ်ကားဆုကို "ချစ်သက်ဝေ"၊ အမျိုးသားပညာရှင်ဆုကို ကျော်ဝင်းနှင့် အမျိုးသမီးပညာသည်ဆုကို ကြည်ကြည်ဌေးတို့က စတင်ဆွတ်ခူးရယူနိုင်ခဲ့သည်။

၁၉၅၂ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ (၆၅)နှစ်အတွင်း ရုပ်ရှင်တစ်သက်တာဆု တစ်ဆု၊ ရုပ်ရှင်ဇာတ်ကားဆု ၄၇ ဆု (ဒုတိယဆုနှင့် တတိယဆု သုံးဆုစီ အပါအဝင်)၊ ဒါရိုက်တာဆု ၄၈ ဆု၊ အမျိုးသားဇာတ်ဆောင်ဆု ၅၁ ဆု၊ အမျိုးသမီးဇာတ်ဆောင်ဆု ၆၀၊ အမျိုးသားဇာတ်ပို့ဆု ၄၁ ဆု၊ အမျိုးသမီးဇာတ်ပို့ဆု ၄၄ ဆု၊ ရုပ်ရှင်ဓာတ်ပုံဆု ၅၀၊ ရုပ်ရှင်တေးဂီတဆု ၂၁ ဆု၊ ရုပ်ရှင်အသံဆု ၁၃ ဆု၊ ရုပ်ရှင်ဇာတ်ညွှန်းဆု ၁၄ ဆု၊ ရုပ်ရှင်တည်းဖြတ်ဆု ၁၄ ဆုနှင့် အထူးဆု ခြောက်ဆု အပါအဝင် ရုပ်ရှင်ထူးချွန်ဆုပေါင်း ၄၁၀ ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

ရုပ်ရှင်တစ်သက်တာဆုကို ၂၀၁၇ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ခြင်း အခမ်းအနားတွင် စတင်ပေးအပ်ချီးမြှင့်ရာ စည်သူဗိုလ်ကလေးတင့်အောင်က ဆွတ်ခူးရရှိခဲ့သည်။

မြန်မာ့ ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ သမိုင်းတစ်လျှောက်တွင် အကယ်ဒမီ ဦးညွန့်ဝင်းက ဇာတ်ဆောင်၊ ဇာတ်ပို့ ထူးချွန်ဆုများကို (၇)ကြိမ်ဖြင့် အများဆုံး ဆွတ်ခူးရရှိခဲ့သည်။

အကယ်ဒမီ ဒါရိုက်တာ ဦးသုခက ဒါရိုက်တာဆု၊ အကယ်ဒမီ ရန်အောင်က ဇာတ်ဆောင်ဆု၊ အကယ်ဒမီ သန်းညွန့်(ပန်းသာ)က ရုပ်ရှင်ဓာတ်ပုံဆုနှင့် ဇော်မင်း(ဟံသာမြေ)က ရုပ်ရှင်တည်းဖြတ်ဆုများကို (၆)ကြိမ်စီ ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



အကောင်းဆုံးရုပ်ရှင် အသံထူးချွန်ဆုကို ကိုအေး လက်ခံရယူစဉ်။



အကောင်းဆုံးရုပ်ရှင် တည်းဖြတ်ထူးချွန်ဆုကို ကျော်ခိုင်စိုး လက်ခံရယူစဉ်။



အကောင်းဆုံးရုပ်ရှင် ဓာတ်ပုံထူးချွန်ဆုကို ဝင်းလွင်ထက် လက်ခံရယူစဉ်။



အကောင်းဆုံးရုပ်ရှင် နောက်ခံတေးဂီတထူးချွန်ဆုကို ရှလုံးအမ်ရောနမ် လက်ခံရယူစဉ်။



အကောင်းဆုံးရုပ်ရှင် ဇာတ်ညွှန်းထူးချွန်ဆုကို ဝိုင်း လက်ခံရယူစဉ်။



အကောင်းဆုံးရုပ်ရှင် ဒါရိုက်တာထူးချွန်ဆုကို ဩရသ လက်ခံရယူစဉ်။

ကြေးမုံ

မတ် ၂၄၊ ၂၀၁၉



အကောင်းဆုံးရုပ်ရှင် အမျိုးသားဇာတ်ပို့ထူးချွန်ဆုကို သရုပ်ဆောင် ကျော်ကျော်ဗိုက လက်ခံရယူစဉ်။



အကောင်းဆုံးရုပ်ရှင် အမျိုးသမီးဇာတ်ပို့ထူးချွန်ဆုကို သရုပ်ဆောင် အေးမြတ်သူက လက်ခံရယူစဉ်။



အကောင်းဆုံးရုပ်ရှင် အမျိုးသမီးဇာတ်ဆောင်ထူးချွန်ဆုကို သရုပ်ဆောင် ဖွေးဖွေးက လက်ခံရယူစဉ်။



အကောင်းဆုံးရုပ်ရှင် အမျိုးသားဇာတ်ဆောင်ထူးချွန်ဆုကို သရုပ်ဆောင် သူထူးစံက လက်ခံရယူစဉ်။



အကောင်းဆုံးရုပ်ရှင် အမျိုးသား ဇာတ်ဆောင်ထူးချွန်ဆုရ သူထူးစံ



အကောင်းဆုံးရုပ်ရှင် အမျိုးသမီး ဇာတ်ဆောင်ထူးချွန်ဆုရ ဖွေးဖွေး



အကောင်းဆုံးရုပ်ရှင် အမျိုးသမီး ဇာတ်ပို့ထူးချွန်ဆုရ အေးမြတ်သူ



အကောင်းဆုံးရုပ်ရှင် အမျိုးသား ဇာတ်ပို့ထူးချွန်ဆုရ ကျော်ကျော်ဗို

ကျောဖုံးမှ

ဆုတောင်းပေးကြတယ်။ ကိုယ်နဲ့အတူတူ ဆန်ခါတင်စာရင်းဝင်တဲ့ အနုပညာရှင်တွေကလည်း တော်တယ်ဆိုတော့ ကိုယ့်အတွက်ကတော့ မဝံ့မရဲနဲ့ ရွှေကြာနဲ့ရသွားတဲ့အတွက် အတိုင်းမသိဝမ်းသာပါတယ်။ ဒီဇာတ်ကားကို စလက်ခံကတည်းက ဝေဖန်မှုတွေရှိခဲ့တယ်။ ဒါပေမယ့် ဘာလို့လက်ခံခဲ့သလဲဆိုတော့ ဒီလိုရွှေကြာလို ဖြစ်နေတဲ့၊ ရုန်းထွက်ချင်ရက်နဲ့ မရုန်းထွက်နိုင်တဲ့ မိန်းကလေးတွေက ဖွေးသရုပ်ဆောင်ထားတဲ့ ရွှေကြာကားကိုကြည့်ပြီး အားတစ်ခုရသွားမယ်။ အခုမရုန်းထွက်နိုင်သေးတောင် တစ်နေ့နေ့ရုန်းထွက်မယ်ဆိုတဲ့ စိတ်လေးဝင်သွားပြီဆိုရင် ဒီကားကိုရိုက်ရကျိုးနပ်ပါပြီ။

**အေးမြတ်သူ(အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုရှင်)**
**(နောင်တွင်ဥဒါန်းတွင်စေသတည်းဇာတ်ကား)**

ပြောမပြတတ်အောင် ဝမ်းသာတာပေါ့။ သရုပ်ဆောင်တစ်ယောက်အတွက် ဒါကမှတ်တိုင်တစ်ခုလေ။ ကားကောင်းတွေရှိတဲ့ကြားက ဒီလိုရရှိတဲ့အတွက် အလွန်ကိုဝမ်းသာပါတယ်။ အားလုံးကိုလည်း ကျေးဇူးတင်ပါတယ်လို့ပြောချင်ပါတယ်။ ဘယ်လိုပဲရရ ဒီလိုအကယ်ဒမီဆုလေးကို ကိုင်ခွင့်ရတဲ့အတွက် ဝမ်းသာလှပါပြီ။ ပရိသတ်ရဲ့ဆန္ဒရော အေးမြတ်သူရဲ့ဆန္ဒရော တစ်ထပ်တည်းကျသွားတာပေါ့။ ဒီထက်လည်းပိုပြီးကြိုးစားပါမယ်။

**ကျော်ကျော်ဗို(အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆုရှင်)(မုန်းစွဲဇာတ်ကား)**

ရင်ခုန်သံဆိုတာထက် ပီတိဖြစ်ပါတယ်။ ပီတိဖြစ်တယ်ဆိုတာက ကျွန်တော့်ရဲ့ပရိသတ်တွေက ဒီဆုရဖို့အတွက် ဆုတောင်းပေးကြပါတယ်။ ဆုတောင်းတွေပြည့်သွားတဲ့အတွက် ပီတိဖြစ်ရပါတယ်။ အနုပညာဖန်တီးမှုက ပရိသတ်အတွက် တင်ဆက်မှုကောင်း၊ ပညာပေးမှုကောင်းဖြစ်ဖို့ပဲ လိုတာပါ။ ကျွန်တော်တို့ ဖန်တီးမှုအားကောင်းရင် ပရိသတ်တွေရဲ့ခံစားမှုကလည်း လိုက်ပါလာတာပါပဲ။ ဒီတစ်ကားလုံးက ကျွန်တော့်အတွက် အမှတ်တရတွေချည်းပါပဲ။ ဒီကားမှာပါဝင်တဲ့သူတွေ အားလုံးကောင်းလို့ ဒီဆုကိုရရှိတာပါ။

**ဒါရိုက်တာသြရသ(အကောင်းဆုံးဒါရိုက်တာဆုရှင်)(မုန်းစွဲဇာတ်ကား)**

ခံစားမှုကတော့ ပျော်ရွှင်မှုနဲ့အတူ ဆက်လုပ်မယ့် အနုပညာတွေ ဒီထက်ပိုကောင်းအောင်ကြိုးစားဖို့ တာဝန်ရှိတယ်လို့ ခံစားမိပါတယ်။ မုန်းစွဲဇာတ်ကားမှာ လွယ်လွယ်ကူကူရိုက်ကူးခဲ့ရတာကတော့ တစ်ခုမှမရှိပါဘူး။ ကြီးမားတဲ့အခက်အခဲတွေတော့ မရှိပါဘူး။ အကယ်ဒမီလိုချင်လို့ မုန်းစွဲကို ရိုက်ခဲ့တာမဟုတ်ပါဘူး။ အလွန်ကြိုက်ပြီး ရိုက်သင့်တယ်ဆိုတဲ့ဇာတ်တစ်ခုကို အကောင်းဆုံးကြိုးစားပြီးတော့ ရိုက်ခဲ့တာပါ။ အဲဒီအတွက် ကျွန်တော့်စေတနာပြန်ပြီး အကျိုးပေးတယ်လို့ မှတ်ယူပါတယ်။ ပရိသတ်တွေ အားပေးရကျိုးနပ်အောင်၊ စိတ်မပျက်ရအောင် ကြိုးစားသွားမှာပါ။

**ဒါရိုက်တာဝိုင်း(အကောင်းဆုံးဇာတ်ညွှန်းဆုရှင်)(ရွှေကြာဇာတ်ကား)**

ဝမ်းသာပါတယ်။ ကျွန်တော့်ကားတွေအပေါ်မှာ ကျွန်တော်အကောင်းဆုံးကြိုးစားခဲ့ပါတယ်။ အဲဒီအတွက် အသိအမှတ်ပြုခံရတဲ့အတွက် ဝမ်းသာပါတယ်။ မရသေးတဲ့သူတွေအတွက်လည်း ဆက်ပြီးကြိုးစားပါ၊ တစ်နေ့နေ့မှာ ရလာမှာပါ။ ဒီကားမှာ ပြည့်တန်ဆာတွေရဲ့ လိုအပ်ချက်ရော ဘဝတွေကို ဖြေရှင်းပုံဖြေရှင်းနည်းကအစ တတ်နိုင်သလောက် လုံးစေ့ပတ်စေ့ ၁၀၀ ရာခိုင်နှုန်းမဟုတ်တောင်မှ ၅၀ နဲ့ ၇၀ ကြားမှာ ကျွန်တော့်ရုပ်ရှင်က ပြောပြနိုင်လိမ့်မယ်ထင်ပါတယ်။ ကျွန်တော့်ဘဝစခဲ့တာ ဒါရိုက်တာမဟုတ်ပါဘူး။ အသက် ၂၃၊ ၂၄ ကတည်းက ဇာတ်ညွှန်းစသင်ပြီး ဇာတ်ညွှန်းသမားဘဝနဲ့ စခဲ့တာပါ။ ဇာတ်ညွှန်းအပုဒ် ၃၀၊ ၄၀ ရေးပြီးမှသာ MTV ဒါရိုက်တာလုပ်တာပါ။ ပြီးတော့မှသာ ရုပ်ရှင်ရိုက်တာပါ။ ကျွန်တော့်ဘဝက ထင်သလောက် မချောမွေ့ဘူး။


**သတင်းနှင့် ဓာတ်ပုံ-ဇာနည်မောင်၊ အေးမင်းသူ**



အကောင်းဆုံးရုပ်ရှင် ဒါရိုက်တာထူးချွန်ဆုရ သြရသ



အကောင်းဆုံးရုပ်ရှင် ဇာတ်ညွှန်းထူးချွန်ဆုရ ဝိုင်း



မုန်းစွဲရုပ်ရှင်ဇာတ်ကားဖြင့် အကောင်းဆုံးရုပ်ရှင် အမျိုးသားဇာတ်ပို့ထူးချွန်ဆုရ သရုပ်ဆောင် ကျော်ကျော်ဗိုအား အနုပညာမောင်နှမများက ဂုဏ်ပြုကြစဉ်။

# ၂၀၁၈ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲ အခမ်းအနား ပုံရိပ်များ

ဓာတ်ပုံ-အေးမင်းသူ၊ ဇာနည်မောင်၊ ဇော်မင်းလတ်




ရန်အောင်




စိုးမြတ်သူဇာ



ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်



ရွှေထူးနှင့် ရွှေမှုံရတီ



သက်မွန်မြင့်နှင့် ကိုစစ်နိုင်



ချောရတနာ



မိုရီဆာကီဝင်း



အခမ်းအနားတက်ရောက်လာကြသည့် အနုပညာရှင်များကို တွေ့ရစဉ်။



နေမျိုးအောင် မိသားစု



အေးဝတ်ရည်သောင်း မီဒီယာများကို ဖြေကြားစဉ်။



နေတိုး အခမ်းအနားတက်ရောက်လာစဉ်။

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရန်ကုန်မြို့တော်စည်ပင်သာယာကော်မတီဝင်အဆင့်ဆင့် ရွေးကောက်တင်မြှောက်ပွဲအတွက် ကြိုတင်ဆန္ဒမဲပေး



**ရန်ကုန် မတ် ၂၃**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မတ် ၃၁ ရက်တွင်ကျင်းပမည့် ရန်ကုန်မြို့တော် စည်ပင်သာယာကော်မတီဝင်အဆင့်ဆင့် ရွေးကောက်တင်မြှောက်ပွဲအတွက် ယနေ့ညနေ ၄ နာရီခွဲက ရန်ကုန်မြို့ ဗဟန်းမြို့နယ်တွင် နည်းဥပဒေပါအတိုင်း ကြိုတင်ဆန္ဒမဲပေးခဲ့ကြောင်း သိရသည်။

**ရွေးကောက်ပွဲနည်းဥပဒေနှင့်အညီ**

အဆိုပါကြိုတင်ဆန္ဒမဲပေးရာတွင် ဗဟန်းမြို့နယ်စည်ပင်သာယာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသန်းလွင်၊ အဖွဲ့ဝင် ဦးနေဝင်းနှင့် ဒေါ်သီတာအောင်၊ အတွင်းရေးမှူး မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးသိန်းဇော်၊ ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် ဦးဝင်းကြည်၊ ဦးဇော်အောင်တို့က ရွေးကောက်ပွဲနည်းဥပဒေနှင့်အညီ ကြိုတင်ဆန္ဒမဲပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကိုယ်စားလှယ်လောင်း ၂၇၂ ဦး ဝင်ရောက်ယှဉ်ပြိုင်မည်**

အဆိုပါ ရန်ကုန်မြို့တော်စည်ပင်သာယာ ကော်မတီဝင်အဆင့်ဆင့် ရွေးကောက်တင်မြှောက်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး စည်ပင်နယ်နိမိတ်အတွင်းရှိ မြို့နယ် ၃၃ မြို့နယ်တွင် မဲဆန္ဒနယ် ခြောက်ခုသတ်မှတ်ကာ ကိုယ်စားလှယ်လောင်း ၂၇၂ ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရန်ကုန်မြို့တော် စည်ပင်သာယာကော်မတီဝင်အဆင့်ဆင့် ရွေးကောက်တင်မြှောက်ပွဲအတွက် ကြိုတင်ဆန္ဒမဲပေးစဉ်။**

# လူ့အခွင့်အရေးကောင်စီတွင် အီးယူမှတင်သွင်းသည့် မြန်မာနိုင်ငံ၏လူ့အခွင့်အရေး အခြေအနေဆိုင်ရာ ဆုံးဖြတ်ချက်အဆိုမူကြမ်းအား ပြတ်သားစွာပယ်ချခဲ့

**နေပြည်တော် မတ် ၂၃**

ဂျီနီဗာမြို့ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ အကြိမ် (၄၀)မြောက် ပုံမှန်အစည်းအဝေးသို့ ဥရောပသမဂ္ဂ(အီးယူ)က တင်သွင်းသည့် မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေဆိုင်ရာ ဆုံးဖြတ်ချက်အဆိုမူကြမ်းအား အရေးယူဆောင်ရွက်ရန်အတွက် ဆွေးနွေးမှုတစ်ရပ်ကို မတ် ၂၂ ရက်တွင် လူ့အခွင့်အရေးကောင်စီ၌ ပြုလုပ်ခဲ့သည်။

မြန်မာနိုင်ငံသည် ဆုံးဖြတ်ချက်အဆိုမူကြမ်းကို ပြတ်သားစွာပယ်ချခဲ့သည်။

ဆုံးဖြတ်ချက်အဆိုမူကြမ်းကို ဆုံးဖြတ်ခြင်းမပြုမီ သက်ဆိုင်ရာနိုင်ငံအနေဖြင့် မိန့်ခွန်းပြောကြားရာ၌ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးကျော်မိုးထွန်းက ယင်းဆုံးဖြတ်ချက်အဆိုမူကြမ်းအား မြန်မာနိုင်ငံမှ ပယ်ချရသည့် အဓိကအကြောင်းအရင်း အချက် (၇)ချက်ကို အောက်ပါအတိုင်း ရှင်းလင်းပြောကြားခဲ့သည်-

(၁) ဆုံးဖြတ်ချက်အဆိုမူကြမ်းသည် တစ်ဖက်သတ် ပြောကြားမှုများ၊ ပြင်းထန်သည့် နိုင်ငံရေးသွတ်သွင်းမှုများနှင့် မြန်မာနိုင်ငံက ပြတ်သားစွာကန့်ကွက်ထားသည့် အချက်အလက်ရှာဖွေရေးအဖွဲ့ (FFM)နှင့် အထူးအစီရင်ခံစာ တင်သွင်းသူတို့၏ မှားယွင်းချက်များစွာပါရှိသော အစီရင်ခံစာများကို အဓိကအခြေခံထားကြောင်း၊

(၂) ဆုံးဖြတ်ချက်အဆိုမူကြမ်းသည် မြန်မာနိုင်ငံအပေါ် ဆုံးဖြတ်ချက်တစ်ခုပြီးတစ်ခု၊ ယန္တရားတစ်ခုပြီးတစ်ခုတို့ဖြင့် နိုင်ငံတကာဖိအားများ ပိုမိုကျရောက်စေရန် ရည်ရွယ်ချက်ဖြင့်လုပ်ဆောင်သည်မှာ ထင်ရှားကြောင်း၊ လူ့အခွင့်အရေးအမည်တပ်၍ ကုလသမဂ္ဂယန္တရားမျိုးစုံကို အလွဲသုံးစားပြုကာ မြန်မာနိုင်ငံအပေါ် မကြုံစဖူး ခွဲခြားဆက်ဆံစစ်ဆေးမှုများကျရောက်စေရန် ရည်ရွယ်သည့်စွပ်စွဲမှုများကို အခြေခံထားသော စာပိုဒ်များစွာကို ဆုံးဖြတ်ချက်အဆိုမူကြမ်းတွင် တွေ့ရှိရကြောင်း၊ ယခုအခါ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂယန္တရားများစွာ၏ စောင့်ကြည့်စစ်ဆေးမှုကို ကြုံတွေ့နေရကြောင်း၊

(၃) ဆုံးဖြတ်ချက်အဆိုမူကြမ်းသည် အချုပ်အခြာအာဏာပိုင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ ဂုဏ်သိက္ခာ၊ အချုပ်အခြာနှင့် နယ်မြေတည်တံ့မှုတို့ကို လုံးဝအလေးမထားရာရောက်ကြောင်း၊ ဒီမိုကရေစီအသွင်ကူးပြောင်းစ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအပေါ် လူ့အခွင့်အရေးစံနှုန်းများသုံး၍ ခွဲခြားဆက်ဆံခြင်း၊ ဘက်လိုက်ခြင်းနှင့် စံနှစ်မျိုးဖြင့်ဆက်ဆံခြင်းကိုပြသနေသည့် ဥပမာ (classic example) တစ်ခုအဖြစ် မြင်တွေ့ရကြောင်း၊

(၄) ဆုံးဖြတ်ချက်အဆိုမူကြမ်းအား မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေဟု ခေါင်းစဉ်တပ်ထားသော်လည်း စာပိုဒ်အများစုသည် အပြုသဘောမဆောင်ဘဲ ကျဉ်းမြောင်းသည့်အမြင်များဖြင့် ရခိုင်ပြည်နယ်ရှိ လူတစ်စု၏ အခွင့်အရေးအတွက်ကိုသာ အာရုံစိုက်ထားသည်ကို တွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံသည် နိုင်ငံအတွင်းရှိ လူမျိုးပေါင်းစုံနှင့် ဘာသာရေးအသိုက်အဝန်းများအကြား စည်းလုံးညီညွတ်မှုနှင့် လူမှုအသိုက်အဝန်း သဟဇာတဖြစ်မှုကို ပျက်ပြားစေနိုင်သည့် မည်သည့်ကြိုးပမ်းမှုမျိုးကိုမျှ ခွင့်ပြုမည်မဟုတ်ကြောင်း၊

(၅) အီးယူ၏ ဆုံးဖြတ်ချက်အဆိုမူကြမ်းသည် မြန်မာနိုင်ငံ အထူးသဖြင့် ရခိုင်ပြည်နယ်ရှိ အသိုက်အဝန်းများအကြားတွင်သာမက မြန်မာနိုင်ငံနှင့် နိုင်ငံတကာအသိုက်အဝန်းအကြားတွင်ပါ ပိုမိုနားလည်မှုလွဲမှားပြီး အမြင်ကွဲပြားအောင် မျိုးစေ့ချနေကြောင်း၊ ထို့ပြင် အဆိုမူကြမ်းသည် ဖြေရှင်းမှု၊ နားလည်မှုနှင့် ပြန်လည်သင့်မြတ်မှုတို့ကို အဖြေရှာရမည့်အစား အပြစ်ပေးဒဏ်ခတ်လိုသည့် အငွေ့အသက်များဖြင့်သာ ပြည့်နှက်နေကြောင်း၊

(၆) လက်ရှိလူသားချင်းစာနာမှုဆိုင်ရာ အခြေအနေများဖြစ်ပေါ်စေခဲ့သည့် အဓိကအကြောင်းရင်းမှန်ဖြစ်သော အကြမ်းဖက်ခြိမ်းခြောက်မှုကို ဆုံးဖြတ်ချက်အဆိုမူကြမ်းတွင် ရည်ရွယ်ချက်ရှိရှိဖြင့် လျစ်လျူရှုထားကြောင်း၊ သို့ဖြစ်၍ ပူးတွဲအဆိုတင်သွင်းသူများ၏ ရည်ရွယ်ချက်၊ စိတ်ရင်းအမှန်တို့နှင့်ပတ်သက်၍ အလွန်စိုးရိမ်ပူပန်မိကြောင်း၊

(၇) မြန်မာနိုင်ငံသည် နိုင်ငံတစ်နိုင်ငံတည်းကို ဦးတည်သည့် ဆုံးဖြတ်ချက်များကို ဆန့်ကျင်ကြောင်း။

မြန်မာအမြဲတမ်းကိုယ်စားလှယ်က အဆိုပါအကြောင်းအရင်းများကြောင့် ဆုံးဖြတ်ချက်အဆိုမူကြမ်း L.19 ကို ပြတ်သားစွာပယ်ချကြောင်းနှင့် တရားမျှတမှုမရှိသော ဆုံးဖြတ်ချက်အဆိုသည် မြန်မာနိုင်ငံအပေါ် စည်းနှောင်မှုရှိမည်မဟုတ်ကြောင်း အလေးအနက်ပြောကြားခဲ့သည်။

**အလေးပေးပြောကြား**

မြန်မာအမြဲတမ်းကိုယ်စားလှယ်က ဆုံးဖြတ်ချက်အဆိုမူကြမ်းတွင် ပါဝင်သော အချို့စာပိုဒ်များသည် မြန်မာနိုင်ငံ၏အပြုသဘောဆောင်သော တိုးတက်မှုများစွာထဲမှ အချို့ကိုအသိအမှတ်ပြုကြိုဆိုထားသည်ကို တွေ့ရှိရသော်လည်း ရှေ့တွင်ဖော်ပြခဲ့သည့်အတိုင်း အချက်အလက်မှားယွင်းမှုများ၊ အချုပ်အခြာအာဏာကို နိုင်ငံရေးအရ ကျူးကျော်ထိပါးသည့်စာပိုဒ်များက ပိုမိုများပြားနေကြောင်း၊ မကောင်းသည့်ရည်ရွယ်ချက်၊ ဘက်လိုက်မှုနှင့် နိုင်ငံရေးလှုံ့ဆော်မှုများဖြင့် နောက်ထပ်ဆုံးဖြတ်ချက်အဆိုမူကြမ်းကို ချမှတ်ခြင်းသည် မြန်မာနိုင်ငံကို ကူညီရာမရောက်ကြောင်း အလေးပေးပြောကြားခဲ့သည်။

ထို့ပြင် အီးယူနှင့် ပူးတွဲအဆိုတင်သွင်းသူများအနေဖြင့် စစ်မှန်သော စိတ်ဆန္ဒရှိမည်ဆိုပါက မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးတွင် အပြုသဘောဆောင်သော ကူညီပံ့ပိုးမှုများပြုလုပ်ရန် အခွင့်အလမ်းများရှိကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက် အမြဲတမ်းကိုယ်စားလှယ်က လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရာတွင် အပြုသဘောဆောင်သည့် ချဉ်းကပ်ကြိုးပမ်းမှုများနှင့် စစ်မှန်သော ပူးပေါင်းဆောင်ရွက်မှုများ အရေးပါကြောင်းပြောကြားခဲ့ပြီး မြန်မာအစိုးရနှင့် ပြည်သူများသည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ထောင်ရေး ရည်မှန်းချက်အောင်မြင်ရေးအတွက် ဆက်လက်၍ ကြိုးပမ်းဆောင်ရွက်သွားရန် ခိုင်မာစွာကတိကဝတ်ပြုထားသည်ကို ထပ်လောင်းအတည်ပြုပြောကြားခဲ့သည်။

ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ ရေရှည်တည်တံ့သည့် အဖြေရရှိရေး ဆောင်ရွက်ရန် သန္နိဋ္ဌာန်ချထားကြောင်း၊ ဤကိစ္စကိုဖြေရှင်းရာတွင် နိုင်ငံတကာအသိုက်အဝန်း၏ စိတ်ရင်းစေတနာ၊ မှန်ကန်သည့် အပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်ကြိုဆိုသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။




**မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးကျော်မိုးထွန်း**

နိဂုံးချုပ်တွင် မြန်မာအစိုးရအနေဖြင့် မြန်မာနိုင်ငံအပေါ် မှန်ကန်သောမှုဖြင့် ထောက်ခံရပ်တည်ကြသည့် ကိုယ်စားလှယ်အဖွဲ့များကို အထူးပင်ကျေးဇူးတင်ရှိကြောင်းနှင့် ဆုံးဖြတ်ချက်အဆိုမူကြမ်းကို ကန့်ကွက်မဲပေးရန် ကောင်စီအဖွဲ့ဝင်နိုင်ငံများအား မေတ္တာရပ်ခံကြောင်း ပြောကြားခဲ့သည်။

လူ့အခွင့်အရေးကောင်စီအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံကိုယ်စားလှယ်က အဆိုပါဆုံးဖြတ်ချက်အဆိုမူကြမ်းသည် ပြဿနာများကို ဖြေရှင်းမည့်အစား မြေပြင်အခြေအနေများကို ပိုမိုရှုပ်ထွေးစေကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အပါအဝင် အပြုသဘောဆောင်သော တိုးတက်မှုများစွာကို အသိအမှတ်ပြုသင့်ကြောင်း၊ ကာယကံရှင် မြန်မာနိုင်ငံက ဆုံးဖြတ်ချက်အဆိုမူကြမ်းကို ပယ်ချထားကြောင်း၊ နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို လေးစားရမည်ဖြစ်ကြောင်းပြောကြားခဲ့ပြီး လူ့အခွင့်အရေးကောင်စီအဖွဲ့ဝင်နိုင်ငံ၏ လုပ်ပိုင်ခွင့်ကိုကျင့်သုံးလျက် ဆုံးဖြတ်ချက်အဆိုမူကြမ်းအား မဲခွဲရန် တောင်းဆိုခဲ့သည်။

ထို့နောက် ဆုံးဖြတ်ချက်အဆိုမူကြမ်းအား အဖွဲ့ဝင် ၄၇ နိုင်ငံပါဝင်သည့် လူ့အခွင့်အရေးကောင်စီတွင်မဲခွဲခဲ့ရာ ကန့်ကွက်မဲ ၃ မဲ၊ ကြားနေမဲ ၇ မဲနှင့် ထောက်ခံမဲ ၃၇ မဲဖြင့် အတည်ပြုခဲ့သည်။ တရုတ်၊ ကျူးဘားနှင့် ဖိလစ်ပိုင်တို့က မြန်မာနိုင်ငံဘက်မှရပ်တည်လျက် ကန့်ကွက်မဲပေးခဲ့ကြပြီး အန်ဂိုလာ၊ ကင်မရွန်း၊ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ အိန္ဒိယ၊ ဂျပန်၊ နီပေါနှင့် ဆီနီဂေါနိုင်ငံတို့ကလည်း အီးယူ၏ဆုံးဖြတ်ချက်အဆိုမူကြမ်းအား ထောက်ခံခြင်းမပြုဘဲ ကြားနေမဲပေးခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

# နိုင်ငံတကာကုန်စည်ပြပွဲနှင့် စီးပွားရေးဆိုင်ရာဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

**မန္တလေး မတ် ၂၃**

မန္တလေး နိုင်ငံတကာကုန်စည်ပြပွဲနှင့် စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲ (၂၀၁၉) (Mandalay International Trade Fair & Business Forum 2019) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် မန္တလေးမြို့ရှိ Mandalay Convention Center (MCC) ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းရင်းသား တိုင်းရင်းသူများက MRCCI Theme Song နှင့် တိုင်းရင်းသားရိုးရာသီချင်း များဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။



**ဖွင့်လှစ်**

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်၊ ပြည်နယ် စီမံ/ဘဏ္ဍာဝန်ကြီး ဦးမြတ်သူ၊ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဂုဏ်ထူးဆောင်နာယက ဦးအောင်ဝင်းခိုင်၊ ဥက္ကဋ္ဌ ဦးကျော်မင်းနှင့် လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များ အသင်းမှ ဒေါ်သင်းသင်းကျော်တို့က ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်က ယနေ့ပွဲ၏ ရည်ရွယ်ချက်အနေဖြင့် တိုင်းဒေသ ကြီးအတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များနှင့် နိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များအားလုံး စီးပွားရေးနှင့် ပတ်သက် သော အခွင့်အရေးများရရှိအောင် ဆောင်ရွက်ခြင်း ဖြစ်ပါ ကြောင်း၊ ထိုသို့ ရရှိလာသော စီးပွားရေးအခွင့်အလမ်းများ အပေါ် ရင်းနှီးမြှုပ်နှံမှုတိုးပွားလာစေရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိလာစေရေးနှင့် Mandalay International Trade Fair & Business Forum 2019 ကို တိုင်းဒေသကြီး၏ မြို့တော်ဖြစ်သည့် မန္တလေးမြို့ တော်တွင် ကျင်းပနိုင်ခြင်းအားဖြင့် နိုင်ငံတော်၏ တည်ငြိမ် မှုနှင့် အေးချမ်းမှုအား ပြယုဂ်တစ်ခုအနေဖြင့် နိုင်ငံတကာမှ သိမြင်လာစေရန် ဖြစ်ပါကြောင်း၊ ယနေ့ကျင်းပသည့် ကုန်စည်ပြပွဲနှင့် ဆွေးနွေးပွဲသည် မန္တလေးတိုင်းဒေသကြီး ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို တစ်ခေတ်ဆန်းသစ် စေမည်သာမက မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှုတွင် အထင်ကရမှတ်ကျောက်တစ်ခု တင်နိုင်မည်ဟု မျှော်လင့် မိပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက မြန်မာနိုင်ငံတွင် နိုင်ငံတကာမှ လာရောက်ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားနေကြသည့် ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ချုပ် ဦးဆောင်သည့် အဖွဲ့အစည်းအသီးသီးက ကြိုးပမ်း ဆောင်ရွက်နေသည့်အတွက် အချိန်တိုအတွင်း ယခုကဲ့သို့ အခြေအနေမျိုး ရောက်ရှိလာခြင်းဖြစ်ပါကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအနေဖြင့်လည်း သက်ဆိုင်ရာဝန်ကြီးဌာန အသီးသီးနှင့် ချိတ်ဆက်၍ ပြည်သူများနှင့် တိုက်ရိုက် ပူးပေါင်းညှိနှိုင်းဆောင်ရွက်၍ လက်တွေ့ကျကျ အောင်မြင် နိုင်သော လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှု လက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း နှင့် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှု လက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးကျော်မင်းတို့က အမှာစကား ပြောကြားကြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က တိုင်းဒေသကြီးအတွင်း ရင်းနှီး မြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများနှင့် ပတ်သက်၍ Mandalay Vision 2030 ခေါင်းစဉ်ဖြင့် ရှင်းလင်းတင်ပြ သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့် တက်ရောက် လာကြသူများသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက် ကြပြီး သက်ဆိုင်ရာကဏ္ဍအလိုက် ပြသထားသည့် ပြခန်း များအား လှည့်လည်ကြည့်ရှုကြသည်။ (ဓါတ်ပုံ)

မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက Mandalay Beyond Horizon ခေါင်းစဉ်ဖြင့် ဆွေးနွေး ပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများ၏ မေးမြန်း ချက်များအား ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

အဆိုပါ Mandalay International Trade Fair & Business Forum 2019 ကို မတ် ၂၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပမှ လူသုံးကုန် ပစ္စည်းများ၊ လျှပ်စစ်အသုံးအဆောင်ပစ္စည်းများ၊ ဆောက်လုပ်ရေးဆိုင်ရာပစ္စည်းများ စသည်ဖြင့် အမျိုးအစား စုံလင်စွာဖြင့် ပြခန်းပေါင်း ၂၆၉ ခန်း ပါဝင်ပြသထားသည်။ ထို့ပြင် ဆွေးနွေးပွဲများ၊ Business Matching များ လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

# နိုင်ငံတော်အဆင့် MSMEs ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် မတ် ၂၃**

အသေးစား၊ အငယ်စားနှင့် အလတ် စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့် နိုင်ငံတော်အဆင့် MSMEs ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ ကို နေပြည်တော်ရှိ မြန်မာအပြည်ပြည် ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန - ၂ ၌ ယနေ့တွင် ဒုတိယနေ့အဖြစ် ဆက်လက် ကျင်းပလျက်ရှိရာ နံနက်ပိုင်းမှ ညနေ ပိုင်းအထိ လာရောက်ကြည့်ရှုလေ့လာ ကြသူများနှင့် အထူးစည်ကားလျက်ရှိ သည်။

"မနေ့က ဖွင့်ပွဲနဲ့ဆိုတော့ လူ တော်တော်များများလာကြတယ်။ ဒီနေ့က ရုံးပိတ်ရက်ဆိုတော့ ပိုလာကြ တဲ့အတွက် ပွဲကပိုစည်ပြီး ရောင်းအား လည်းကောင်းပါတယ်။ ဒါမျိုးပွဲတွေမှာ ပါဝင်ပြသတဲ့အတွက် ကျွန်မတို့ရဲ့ ထုတ်ကုန်တွေကို လူတိုင်းသိအောင် လုပ်ဖို့ ပိုပြီး အဆင်ပြေလွယ်ကူပါ တယ်" ဟု မောချယ်ရီကော်ဖီဆိုင် ဝန်ထမ်း မတိုးအိအိအောင်က ပြော သည်။

အဆိုပါပြပွဲကို MSMEs လုပ်ငန်း များ၏ ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးဖွံ့ဖြိုးမှု အားကောင်းလာရန်၊ ပါဝင်ပြသသူ အချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင် ရန်၊ ထုတ်ကုန်အရည်အသွေး၊ တီထွင် ဆန်းသစ်မှုများကို လေ့လာနိုင်ရန်၊ ဒေသအလိုက်ထုတ်ကုန်များကို စားသုံးသူများနှင့် မိတ်ဆက်ပေးနိုင် ရန်၊ ထုတ်လုပ်မှုမှ ကုန်သွယ်မှုအထိ လုပ်ငန်းစဉ်တစ်လျှောက် လိုအပ်ချက် များကို ပိုမိုနားလည်ဆန်းသစ် အဖြေ ရှာနိုင်ရန်နှင့် အစိုးရကဏ္ဍ၊ ပုဂ္ဂလိက ကဏ္ဍ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် MSMEs များ နီးကပ်စွာ ပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် Regional Trade Promotion မှ နိုင်ငံတကာ ဈေးကွက်အတွင်းသို့ လွယ်ကူစွာ ဝင်ရောက်နိုင်ရန် ရည်ရွယ်၍ ကျင်းပ ခြင်းဖြစ်ကြောင်း သိရသည်။

ဇမ္ဗူသီရိမြို့နယ်နေ ဒေါ်စိမ့်စိမ့်ဆွေ က "ဒေသစုံက ဒေသထွက်ကုန်တွေ ကို ဝယ်ယူလို့ရပါတယ်။ ကိုယ့်နိုင်ငံရဲ့ အသေးစား၊ အလတ်စားလုပ်ငန်းတွေ က ထွက်တဲ့ ထုတ်ကုန်ပစ္စည်းတွေကို လေ့လာဝယ်ယူချင်လို့ လာတာပါ။ ဈေးနှုန်းတွေကလည်း သင့်တင့်ပါ တယ်။ တိုက်ရိုက်လာပြီး ရောင်းချတာ ဆိုတော့ အပြင်က ဈေးထက်တော့ သက်သာပါတယ်။ ဒီပွဲက သုံးရက်ပဲ ဆိုတော့ ကျွန်မတို့ ဝန်ထမ်းတွေက စနေ၊ တနင်္ဂနွေနဲ့ တိုက်လို့သာလာနိုင် တာ။ ဖြစ်နိုင်ရင် ငါးရက်လောက်ဆိုရင် ပိုကောင်းတယ်။ ဒါမှ နေပြည်တော် အနီးပတ်ဝန်းကျင် ဒေသကသူတွေ လည်း လာနိုင်မှာပါ"ဟု ပြောသည်။

တိုင်းဒေသကြီး၊ ပြည်နယ် အသီး သီးတွင် MSMEs လုပ်ငန်းများ၏ ဒေသတွင်း ထုတ်ကုန်ပစ္စည်းပြပွဲနှင့် ပြိုင်ပွဲများကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ လမှစတင်၍ မန္တလေး၊ မကွေး၊ ပုသိမ်၊ တောင်ကြီး၊ မုံရွာ၊ ပဲခူး၊ ရန်ကုန်၊ မော်လမြိုင်နှင့် မြိတ်မြို့တို့တွင် စုစု ပေါင်း (၉) ကြိမ်တိုင်တိုင် ကျင်းပ ပြီးစီးခဲ့ပြီး ပြိုင်ပွဲများတွင် ဝင်ရောက် ယှဉ်ပြိုင်ခဲ့သော လုပ်ငန်းများကို အမျိုးအစားအလိုက် ဆုများချီးမြှင့် ပေးခဲ့ရာ လုပ်ငန်းပေါင်း ၄၀ နှင့် လုပ်ငန်းရှင် ၁၂၂ ဦးတို့ကို ဆုများ ချီးမြှင့်နိုင်ခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီး ပြပွဲ၊ ပြိုင်ပွဲတွင် ဝါးဖြင့် ပထမဆုရရှိခဲ့သူ လှော်တက်ကုမ္ပဏီမှ မသင်းသင်းမာ က "ကျွန်မတို့က ဝါးကို ငါးမျှားတံက စပြီး ဝါးလုံးတွေကို အဝတ်တန်း၊ အမိုး စတဲ့ အိမ်သုံးပစ္စည်းအမျိုးမျိုးကို ထုတ်လုပ်ရောင်းချပါတယ်။ ကုန်ကြမ်း တွေကို ကိုယ်တိုင် စိုက်ပျိုးထုတ်လုပ်ပါ တယ်။ အခုလက်ရှိ ပြည်ပတင်ပို့မှု အနေနဲ့ အမေရိကန်နဲ့ စင်ကာပူနိုင်ငံ တွေကို တင်ပို့နေပါတယ်" ဟု ပြော သည်။



မတိုးအိအိအောင်



မသင်းသင်းမာ



ဒေါ်စိမ့်စိမ့်ဆွေ

နေပြည်တော်တွင် ကျင်းပလျက်ရှိ သည့် နိုင်ငံတော်အဆင့် MSMEs ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲသည် မြန်မာ နိုင်ငံအနှံ့ တိုင်းဒေသကြီး၊ ပြည်နယ် များတွင် ကျင်းပခဲ့သည့် ထုတ်ကုန် ပြပွဲနှင့် ပြိုင်ပွဲ ကိုးခုမှ ဆုရရှိခဲ့သော MSMEs များကို ထပ်မံယှဉ်ပြိုင်ပြီး မတ် ၂၄ ရက်၌ နိုင်ငံတော်အဆင့်ဆု များ ရွေးချယ်ချီးမြှင့်သွားမည့် ပြပွဲနှင့် ပြိုင်ပွဲဖြစ်သည်။

**သတင်းဆောင်းပါး -နန္ဒာဝင်း**
**ဓာတ်ပုံ - ကျော်ဇင်ထိုက်**



# တာဝန်ယူမှုရှိသောအုပ်ချုပ်ရေးနှင့် စီးပွားရေးလုပ်ငန်းများခေါင်းစဉ်ဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အလုပ်ရုံဆွေးနွေး




**ပုသိမ် မတ် ၂၃**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ပူးပေါင်း၍ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)၏ နည်းပညာအကူအညီဖြင့် "တာဝန်ယူမှုရှိသောအုပ်ချုပ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ" ခေါင်းစဉ်ဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။**(ယာပုံ)**

**စကားဝိုင်းအသွင်ဖြင့် ဆွေးနွေး**

အလုပ်ရုံဆွေးနွေးပွဲတွင် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်တို့က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီး၊ ကော်မရှင်အဖွဲ့ဝင်နှင့် ပြင်ပ ပညာရှင်များ၊ ဒေသခံစီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်း ခြောက်ဦးတို့က အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာများ၊ တာဝန်ယူမှုရှိသောအုပ်ချုပ်ရေး၊ စီးပွားရေးကဏ္ဍများကို စင်မြင့်ထက်တွင်စကားဝိုင်းအသွင်ဖြင့် ဆွေးနွေးကြသည်။

အလုပ်ရုံဆွေးနွေးပွဲ၌ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် ပြည်သူအား အသိပညာပေးခြင်းကို ကြိုးစားဆောင်ရွက်နေခြင်းအား ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် အဂတိကင်းစင်သော ရပ်ဝန်းကြီးဖြစ်ပေါ်လာရေးအတွက် ပူးပေါင်းလိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းမှာ အဂတိတိုက်ဖျက်ရေးဆိုင်ရာ အသိအမြင်များ မြှင့်တင်ပေးခြင်းဖြင့် အဂတိလိုက်စားမှုများ လျော့နည်းကျဆင်းသွားစေရန် ရည်ရွယ်ခြင်းဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှုသည် နိုင်ငံအားဆင်းရဲနွမ်းပါးသည့် အခြေအနေထိဖြစ်ပေါ်စေသည့် စနစ်ဆိုးကြီးဖြစ်၍ တိုက်ဖျက်ရမှာဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှု လျော့ပါးလာသည်နှင့်အမျှ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ဆက်လက်ဆောင်ရွက်**

ဆက်လက်၍ ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်က ကော်မရှင်သည် တရားစွဲဆိုအရေးယူဆောင်ရွက်ရခြင်းများ လျော့ပါးသက်သာသွားစေရေးအတွက် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးရေးလုပ်ငန်းများနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများကိုလည်း တစ်ချိန်တည်း တစ်ပြိုင်တည်း တိုးမြှင့်ဆောင်ရွက်သွားရန် လိုအပ်သည်ဟု သုံးသပ်ပြီး အလုပ်ရုံဆွေးနွေးပွဲများကို ဆက်လက်ဆောင်ရွက်နေရခြင်းဖြစ်ပါကြောင်း။

လုပ်ပိုင်ခွင့်အာဏာရှိသူများအနေဖြင့် မိမိတို့ဌာနများတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး သို့မဟုတ် တားဆီးကာကွယ်ရေးလုပ်ငန်းကို စတင်လုပ်ဆောင်တော့မည်ဟု ဆုံးဖြတ်ပြီးလျှင် မိမိတို့ကိုယ်တိုင်နှင့် မိမိတို့အဖွဲ့အစည်းများကို အဂတိကင်းစင်သွားအောင် ကိုယ်တိုင်ကစတင်၍ စွန့်လွှတ်အနစ်နာခံ၊ အဆင်းရဲအပင်ပန်းခံပြီး စနစ်တစ်ခုလုံးကို ပြောင်းလဲသွားစေရန် တာဝန်ယူဆောင်ရွက်ရသည့် အလုပ်ဖြစ်ပါကြောင်း၊ ဤသည်မှာ စစ်မှန်သော ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး အလုပ်တစ်ခုပင်ဖြစ်ပါကြောင်း၊ အစိုးရဌာနများအတွင်း၌ဖြစ်စေ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများ၌ဖြစ်စေ၊ ပင်ကိုရိုးသားဖြူစင်သော အသိစိတ်ဓာတ်ဖြင့် အဂတိလိုက်စားမှုကို စွဲမြဲစွာ ဆန့်ကျင်နေကြသည့်လူများ အများအပြားရှိနေကြဆဲဖြစ်သည်ဟု ယုံကြည်ပါကြောင်း၊ အဆိုပါပုဂ္ဂိုလ်များသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး၌ နေရာပြန်ယူကြစေလိုပြီး အဂတိလိုက်စားမှုစနစ်ဆိုးကို ပြည်သူများနှင့်အတူ တက်ညီလက်ညီတိုက်ဖျက်ကြရန် အချိန်ကျရောက်နေပြီဖြစ်ပါကြောင်း။

**ကိုယ်တိုင်တာဝန်ယူကြမည်**

မိမိတို့ဌာနအတွင်း၌ အဂတိလိုက်စားမှုစနစ်ကို လျော့ကျသွားစေရန် မိမိတို့ကိုယ်တိုင် တာဝန်ယူကြမည်ဟူသော ပင်ကိုဖြောင့်မတ်တည်ကြည်သော စိတ်ကောင်းစေတနာရှိသည့် နိုင်ငံ့ဝန်ထမ်းကောင်းများအနေဖြင့် မြို့နယ်နှင့် ကျေးလက်ဒေသအသီးသီးတွင် မိမိဌာနနှင့်ပတ်သက်၍ အဂတိလိုက်စားမှု ဖြစ်ပွားနေမှုများကို စိစစ်ဖော်ထုတ်ရန်၊ သေးငယ်သော လာဘ်ပေးလာဘ်ယူမှုများရှိခဲ့လျှင် နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ အရေးယူနိုင်ရေး တင်ပြသွားရန်၊ ပိုမိုကြီးမားသော အဂတိလိုက်စားမှုများဖြစ်ခဲ့လျှင် ပြည်ထောင်စုဝန်ကြီးဌာန(သို့မဟုတ်) သက်ဆိုင်ရာအစိုးရအဖွဲ့မှတစ်ဆင့် ကော်မရှင်သို့ ဆောလျင်စွာ လွှဲပြောင်းပေးပို့ရန်၊ ဌာနကကျင့်သုံးနေသည့် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ညွှန်ကြားချက်များ၌ အဂတိလိုက်စားမှု ဖြစ်နိုင်ခြေအန္တရာယ်များကို တွေ့ရှိရလျှင် ပြည်ထောင်စုဝန်ကြီးဌာန၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (CPU) နှင့် သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းတို့ကို ကြိုတင် တင်ပြသွားသင့်ပါကြောင်း ကော်မရှင်အနေဖြင့် တိုက်တွန်းပြောကြားလိုပါကြောင်း။

အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (CPU) ဖွဲ့စည်းခြင်းနှင့် အဂတိလိုက်စားမှု ဖြစ်နိုင်ခြေအန္တရာယ်ရှိမှုအကဲဖြတ်ခြင်း (CRA) လုပ်ငန်းစဉ်တို့သည် ကမ္ဘာလုံးဆိုင်ရာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များ (SDG) အမှတ်စဉ် ၁၆ နှင့်လည်း ဆီလျော်ကိုက်ညီမှုရှိပါကြောင်း၊ ယခုအခါ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းသည် ကမ္ဘာလုံးဆိုင်ရာ အခြေခံကျင့်သုံးမှု (Universality)ဖြစ်သည်ဟု ပြောနိုင်နေပြီဖြစ်ကြောင်း၊ မိမိတို့ကိုယ်တိုင် စတင်ပြောင်းလဲခြင်းနှင့် မိမိတို့၏အဖွဲ့အစည်းများကို ပြောင်းလဲလာစေရန် တာဝန်ယူခြင်းတို့ဖြင့် မိမိတို့လူ့အဖွဲ့အစည်း၏ ဂုဏ်သိက္ခာကို ပြန်လည်မြှင့်တင်ပေးကြပါ၊ နိုင်ငံတော်၏ အုပ်ချုပ်ရေးလုပ်ငန်းနှင့် စီးပွားရေးလုပ်ငန်းတို့တွင် တာဝန်ယူမှုမြှင့်တင်ပေးကြပါရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ယင်းနောက် ကော်မရှင်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**ဆွေးနွေး**

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ကော်မရှင်အဖွဲ့ဝင် ဦးစိုးတင့်က "ကော်မရှင်၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ဆောင်ရွက်မှုများ"၊ တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဌေးဝင်းက "တာဝန်ယူမှုရှိသော အုပ်ချုပ်ရေးကဏ္ဍ"၊ ဒေါက်တာတင်မောင်သန်း (သင့်ဘဝ)က "တာဝန်ယူမှုရှိသော အုပ်ချုပ်ရေးကဏ္ဍ"၊ ဒေါက်တာဇော်ဦးက "တာဝန်ယူမှုရှိသော CSO များကဏ္ဍ"၊ ကုန်သည်/စက်မှုအသင်းချုပ်မှ ဦးဝင်းမြင့်အောင်က "တာဝန်ယူမှုရှိသော စီးပွားရေးကဏ္ဍ"နှင့် ဒေသခံစီးပွားရေးလုပ်ငန်းရှင် ဦးဝင်းမြင့်လှိုင်က "တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများ"ခေါင်းစဉ်များဖြင့် ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် တက်ရောက်ကြသူများက သိရှိလိုသည်များ မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးမှုရလဒ်များအပေါ် သုံးသပ်ပြောကြားသည်။

ဆွေးနွေးပွဲသို့ ကော်မရှင်အဖွဲ့ဝင်များ၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)မှ တာဝန်ရှိသူများ၊ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများနှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ မီဒီယာများ စုစုပေါင်း အင်အား ၅၀၀ ခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# (၃၂)ကြိမ်မြောက် ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာပွဲ အခမ်းအနား ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပ



**ရန်ကုန် မတ် ၂၃**
ရခိုင်ပြည်နယ် ဓမ္မာရုံထိန်းသိမ်းစောင့်ရှောက်ရေး ဂေါပကအဖွဲ့ (ရန်ကုန်)က ကြီးမှူးကျင်းပသည့် (၃၂)ကြိမ်မြောက် ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်အနီးရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပသည်။

**သာသနာတော်ဆိုင်ရာများ လျှောက်ထား**

အခမ်းအနားတွင် ရခိုင်ပြည်နယ် ဓမ္မာရုံဂေါပကအဖွဲ့ ဦးဆောင်နာယက ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်က သာသနာတော်ဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဒက္ခိဏာရာမစာသင်တိုက် ဆရာတော် ဘဒ္ဒန္တစန္ဒ၊ တိပိဋကပုလဲရောင်ရှိန်စာသင်တိုက် ဆရာတော် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ ဆရာတော်များထံမှ ... ဘဒ္ဒန္တဣန္ဒပါလနှင့် ကမ္ဘာလုံးဆိုင်ရာ ဓမ္မဗြိမ်းချမ်းရေးဆုတံဆိပ်တော်ရ အလိုတော်ပြည့် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဒေါက်တာဘဒ္ဒန္တအရိယဝံသ ဆရာတော်များထံမှ ညွှန်ပရိသတ်တို့က သြဝါဒတရားနာယူကြပြီး ဆရာတော်သံဃာတော်များက မေတ္တာသုတ်နှင့် ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ကြသည်။

ယင်းနောက် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဒက္ခိဏာရာမစာသင်တိုက် ဆရာတော် ဘဒ္ဒန္တစန္ဒ၊ ကမ္ဘာလုံးဆိုင်ရာ ဓမ္မငြိမ်းချမ်းရေးဆုတံဆိပ်တော်ရ အလိုတော်ပြည့် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဓဇ ဒေါက်တာဘဒ္ဒန္တ အရိယဝံသနှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ကြာအင်းဆိပ်ကြီး ပရိယတ္တိသဒ္ဓမ္မဝါစီမင်းကျောင်းဆရာတော် ဘဒ္ဒန္တရေဝတာဘိဝံသတို့၏ ထေရုပ္ပတ္တိအကျဉ်းများကို ဂေါပကအဖွဲ့ဝင်များက ဖတ်ကြားပူဇော်ကြသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် ဘွဲ့တံဆိပ်တော်ရ ဆရာတော် ၁၇ ပါး၊ ကမ္ဘာလုံးဆိုင်ရာ ဓမ္မငြိမ်းချမ်းရေးဆုတံဆိပ်တော်ရ ဆရာတော်တစ်ပါး၊ စာပေထူးချွန်သံဃာတစ်ပါးနှင့် သီလရှင်ဆရာလေးတစ်ပါးတို့ကို ဓမ္မာရုံဂေါပကအဖွဲ့က ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြပြီး ကြာအင်းဆိပ်ကြီး ပရိယတ္တိသဒ္ဓမ္မဝါစီမင်းကျောင်းဆရာတော် ဘဒ္ဒန္တရေဝတာဘိဝံသထံမှ ညွှန်ပရိသတ်များက အနုမောဒနာ တရားနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

**အစဉ်အလာမပျက် ကျင်းပ**

ရခိုင်ပြည်နယ် ဓမ္မာရုံဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးစောသိန်းက "နိုင်ငံတော်က လွတ်လပ်ရေးနေ့မှာ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်တွေ ချီးမြှင့်ခံရတဲ့ ရခိုင်ဆရာတော်တွေကို ရခိုင်ဒကာ၊ ဒကာမတွေက ထပ်ဆင့်ဂုဏ်ပြုပူဇော်တဲ့ ပွဲဖြစ်ပါတယ်။ ကျင်းပလာတာ ယခုဆိုရင် ၃၂ ကြိမ်ရှိပြီ။ ထူးခြားမှုအနေနဲ့ ဒီနှစ်မှာတော့ ရခိုင်ဆရာတော်ကြီးတွေထဲက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ထဲမှာ အမြင့်ဆုံးဖြစ်တဲ့ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်တစ်ပါး ရရှိခဲ့ပါတယ်။ နောက်ထပ် ဒီနှစ်မှာ အလိုတော်ပြည့်ဆရာတော်ကြီးဆိုရင် ကမ္ဘာလုံးဆိုင်ရာ ဓမ္မငြိမ်းချမ်းရေးဆုကြီးကို ရရှိခဲ့ပါတယ်။ ဘွဲ့တံဆိပ်ရ၊ ဆုရ ဆရာတော်တွေကို ရခိုင်ဒကာ၊ ဒကာမတွေ၊ ရခိုင်မြို့နယ်အသင်း၊ ရခိုင်လူမှုရေးအသင်းအဖွဲ့တွေက စုပေါင်းပြီး ထပ်ဆင့်ဂုဏ်ပြုပူဇော်တဲ့ပွဲဖြစ်ပါတယ်။ ဒီလို ပွဲမျိုးကို နှစ်တိုင်းအစဉ်အလာမပျက် ကျင်းပသွားမယ်"ဟု ပြောသည်။

**သတင်း - ရီရီမြင့်၊ ဓာတ်ပုံ - ရဲထွန်း**

# လူတစ်ဦးလျှင် အော်ပရေတာတစ်ခုစီထံမှ ဆင်းကတ်နှစ်ကတ်စီ ဝယ်ယူသုံးစွဲနိုင်

**နေပြည်တော် မတ် ၂၃**
ဧပြီ ၁ ရက်မှစ၍ အော်ပရေတာများအနေဖြင့် လူတစ်ဦးလျှင် ဆင်းကတ်နှစ်ကတ်သာ ရောင်းချသွားရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း၊ သုံးစွဲသူများအနေဖြင့် မိမိနှစ်သက်ရာ အော်ပရေတာများထံမှ ဆင်းကတ် နှစ်ကတ်စီ ဝယ်ယူသုံးစွဲနိုင်မည်ဖြစ်ကြောင်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးစိုးသိန်းက ပြောကြားသည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားတစ်ခုလျှင် ဧပြီ ၁ ရက်မှစတင်၍ ဆင်းကတ်နှစ်ကတ်သာ ကိုင်ဆောင်ခွင့်ပြုမည်ဆိုသည့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်နှင့် စပ်လျဉ်း၍ ပြည်သူများ ရှင်းလင်းစွာသိရှိနိုင်စေရန် အမြဲတမ်းအတွင်းဝန် ဦးစိုးသိန်းကို ဆက်သွယ်မေးမြန်းခဲ့ရာ ၎င်းက အထက်ပါအတိုင်း ဖြေကြားခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် တယ်လီဖုန်းအော်ပရေတာများဖြစ်သည့် MPT, Telenor, Ooredoo နှင့် MyTel တို့သည် တယ်လီဖုန်းဆက်သွယ်ရေးဝန်ဆောင်မှုများ ဆောင်ရွက်လျက်ရှိပြီး ဧပြီ ၁ ရက်မှစတင်၍ အသိအမှတ်ပြုသက်သေခံကတ်ပြားကိုင်ဆောင်ထားသည့် လူတစ်ဦးလျှင် အော်ပရေတာတစ်ခုစီထံမှ ဆင်းကတ်နှစ်ကတ်စီ ဝယ်ယူသုံးစွဲနိုင်မည် ဖြစ်သည်။

"လာမယ့် ဧပြီ ၁ ရက်ကစပြီး ဆင်းကတ်ဝယ်တဲ့နေရာမှာ အသိအမှတ်ပြု ကတ်ပြားတစ်ခုခုပြပြီးဝယ်ရမယ်။ ဝယ်တဲ့အခါမှာလည်း ဘယ်အော်ပရေတာဆီမှာမဆို ဆင်းကတ်နှစ်ကတ်ပဲ ဝယ်လို့ရမယ်။ အခုလမ်းဘေးမှာ ချရောင်းနေတာတွေ တွေ့ရှိနေရပါတယ်။ အဲဒီလမ်းဘေးမှာ ချရောင်းနေတာတွေက ကိုယ့်နာမည်နဲ့ မှတ်ပုံတင်ထားတာ မဟုတ်တဲ့အတွက် မဝယ်သင့်ပါဘူး၊ သက်ဆိုင်ရာအော်ပရေတာတွေက ရောင်းချတဲ့ တရားဝင်ဆိုင်တွေမှာပဲ မိမိအမည်နဲ့ မှန်မှန်ကန်ကန် မှတ်ပုံတင်ဝယ်ယူပြီး အသုံးပြုသင့်ပါတယ်"ဟု အမြဲတမ်းအတွင်းဝန် ဦးစိုးသိန်းကပြောသည်။

မြန်မာနိုင်ငံတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားတစ်ခုတည်းဖြင့် ဆင်းကတ်အမြောက်အမြားကို ဝယ်ယူအသုံးပြု၍ တစ်ဆင့်ပြန်လည်ရောင်းချလျက်ရှိခြင်း၊ မှန်ကန်စွာမှတ်ပုံတင်ထားခြင်းမရှိသည့် ဆင်းကတ်များကို ဈေးကွက်တွင် အလွယ်တကူ သုံးစွဲနေခြင်းတို့ကြောင့် mobile ငွေကြေးဝန်ဆောင်မှုများ စနစ်တကျလုံခြုံမှုရှိစေရေးနှင့် အများပြည်သူ၏ လုံခြုံရေးကိုထိရောက်စွာ အကာအကွယ်ပေးရေး ဆောင်ရွက်ရာတွင် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိနေခြင်းတို့ကြောင့် ယခုကဲ့သို့ စီစဉ်ရခြင်းဖြစ်ကြောင်း သိရသည်။

ဦးစိုးသိန်းက "အရင်တုန်းကတော့ ဆင်းကတ်တွေကို နှစ်ခုထက်ပိုပြီး သုံးနေကြတာတွေရှိတယ်။ အပြင်မှာလည်း ရောင်းနေတာတွေရှိတယ်။ အဲဒါတွေအများစုက အမည်အမှန်နဲ့ မှတ်ပုံတင်ထားတာတွေမဟုတ်တဲ့အတွက် Mobile ငွေကြေးဝန်ဆောင်မှုတွေလုပ်တဲ့အခါကျတော့လည်း စိတ်မချရဘူး၊ အဆင်မပြေဘူး။ ဒါ့အပြင် ကိုယ်ရေးကိုယ်တာ လုံခြုံရေးအရရော၊ နိုင်ငံတော်လုံခြုံရေးအတွက်ရော အဆင်မပြေဘူး။ ဒါကြောင့် အခုလာမယ့် ဧပြီ ၁ ရက်ကနေစပြီးတော့ အော်ပရေတာတစ်ခုစီအနေနဲ့ လူတစ်ယောက်ကို ဆင်းကတ်နှစ်ခုပဲ အမှန်တကယ်သုံးစွဲသူအမည်နဲ့ မှတ်ပုံတင်ပြီး ရောင်းချဖို့ ညွှန်ကြားထားပါတယ်။ လူတိုင်းကို ကိုယ့်နာမည်နဲ့ကိုယ်မှတ်ပုံတင်ပြီး ဆင်းကတ်တွေသုံးစေချင်တယ်။ ကိုယ့်နာမည်နဲ့မှတ်ပုံတင်ထားတဲ့ ဆင်းကတ်ကို တခြားသူတွေကသုံးစွဲနေမယ်ဆိုရင်လည်း ဆင်းကတ်သုံးစွဲမှုနဲ့ပတ်သက်ပြီး တစ်စုံတစ်ခုဖြစ်လာခဲ့ရင် မိမိမှာတာဝန်ရှိမှာဖြစ်တဲ့အတွက် သက်ဆိုင်ရာအော်ပရေတာတွေကို မေးမြန်းစိစစ်ပြီးတော့ ပိတ်ခိုင်းဖို့ လိုပါတယ်" ဟု ပြောသည်။

ဆက်လက်၍ ၎င်းက"လက်ရှိအနေအထားအရ မှတ်ပုံတင်မရှိသေးသူတွေ၊ တောရွာဒေသတွေမှာသုံးနိုင်ဖို့အတွက်ကလည်း အရေးကြီးတယ်။ နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသေးတဲ့သူတွေကတော့ ယာဉ်မောင်းလိုင်စင်တွေ၊ ကျောင်းသားကတ်ပြား အဲဒီလိုဟာတွေနဲ့ ဝယ်ခွင့်ပေးထားပါတယ်။ နိုင်ငံခြားသားဆိုရင်လည်း ပတ်စ်ပို့တွေနဲ့ဝယ်လို့ရအောင် လုပ်ထားပါတယ်။ တွေ့ကြုံလာတဲ့အခက်အခဲတွေအပေါ် မူတည်ပြီးတော့လည်း လိုအပ်တာတွေကို ပြန်လည်ဖြည့်စွက်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်"ဟု ပြောသည်။

လက်ရှိအနေဖြင့် မှန်ကန်စွာမှတ်ပုံတင်ထားခြင်းမရှိဘဲ ရောင်းချနေသည့် တယ်လီဖုန်းဆင်းကတ်များနှင့်ပတ်သက်၍ မည်သို့ဆောင်ရွက်ရမည်ကို ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် သီးခြားညွှန်ကြားမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



ကြေးမုံ
မတ် ၂၄၊ ၂၀၁၉

# မြောက်ကိုရီးယားနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများ ထပ်မံချမှတ်ခြင်းမပြုရန် သမ္မတထရန့် ဆို



**ဝါရှင်တန် မတ် ၂၃**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က မြောက်ကိုရီးယားနိုင်ငံအပေါ်စီးပွားရေး ပိတ်ဆို့မှုများ ထပ်မံချမှတ်ခြင်း မပြုရန် အမိန့်ထုတ်ပြန်ထားသည်ဟု သူ၏တွစ်တာစာမျက်နှာတွင် ယနေ့ရေးသားခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်အရ သိရသည်။

မတ် ၂၂ ရက်တွင် အမေရိကန်ဘဏ္ဍာရေးဌာနက ကြေညာခဲ့သည့် မြောက်ကိုရီးယားနိုင်ငံအပေါ် ချမှတ်မည့် ကြီးမားသော စီးပွားရေးထပ်မံပိတ်ဆို့မှုများကို ဆိုလိုခြင်းဖြစ်သည်ဟု သမ္မတဒေါ်နယ်ထရန့်က ရေးသားခဲ့ကြောင်း သိရသည်။

မတ် ၂၂ ရက်က အမေရိကန်ဘဏ္ဍာရေးဌာနက မြောက်ကိုရီးယားနိုင်ငံသို့ ကူညီထောက်ပံ့ပေးလျက်ရှိသည့် တရုတ်သင်္ဘောကုမ္ပဏီနှစ်ခုအား ပိတ်ဆို့မှုတစ်ရပ်ချမှတ်ရန် ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

သမ္မတထရန့်အနေဖြင့် မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်နှင့် ဆက်ဆံရေးကောင်းမွန်လျက်ရှိသည့်အတွက် နောက်ထပ်စီးပွားရေးပိတ်ဆို့မှုများကို ပြုံယမ်းအပေါ် ထပ်မံချမှတ်ရန် စီစဉ်ထားခြင်းမရှိသေးကြောင်း အိမ်ဖြူတော် ပြောရေးဆိုခွင့်ရှိသူ ဆာရာဆန်းဒါးစ်က ဆိုသည်။

မြောက်ကိုရီးယားနိုင်ငံအား နျူကလီးယားလက်နက်ကင်းစင်ပပျောက်စေရန် ဖိအားပေးမှုတစ်ရပ်အဖြစ် စီးပွားရေးပိတ်ဆို့ချမှတ်မှုသည် အရေးပါသည်ဟု သမ္မတထရန့်အစိုးရ၏ ထပ်တလဲလဲထုတ်ပြန်ခဲ့သော ကြေညာချက်များနှင့် သမ္မတထရန့်၏ ယခုရေးသားခဲ့သော တွစ်တာစာမျက်နှာပေါ်မှ မှတ်ချက်များသည် ရှေ့နောက်ညီညွတ်မှုမရှိကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။

**အင်န်အိတ်ချ်ကေ**

# တရုတ်နိုင်ငံမှ ဓာတုပစ္စည်းစက်ရုံ ပေါက်ကွဲမှု သေဆုံးသူ ၆၄ ဦးထိ မြင့်တက်

**ပေကျင်း မတ် ၂၃**

တရုတ်နိုင်ငံ အရှေ့ပိုင်းကျန်းဆုပြည်နယ် ယန်ချန်းမြို့တွင် မတ် ၂၁ ရက်က ဖြစ်ပွားခဲ့သည့် ဓာတုပစ္စည်းစက်ရုံပေါက်ကွဲခဲ့မှုကြောင့် သေဆုံးသူဦးရေသည် မတ် ၂၃ ရက်တွင် ၆၄ဦးထိ မြင့်တက်လာကြောင်းနှင့် ပျောက်ဆုံးနေသူ လူနှစ်ဒါဇင်ကျော်အနက်မှ တစ်ဦးကို ရှာဖွေကယ်ဆယ်ရေးသမားများက အသက်ရှင်လျက် ရှာဖွေတွေ့ရှိခဲ့ကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

ပျောက်ဆုံးနေသူ နှစ်ဒါဇင်ကျော်ခန့်မှာ စက်ရုံအဆောက်အအုံ အပျက်အစီးများအောက်တွင် ရှိနေနိုင်ပြီး ယခုစက်ရုံပေါက်ကွဲမှုသည် မကြာသေးမီနှစ်များအတွင်း တရုတ်နိုင်ငံ၏ အဆိုးရွားဆုံးသော စက်မှုလုပ်ငန်းဆိုင်ရာ မတော်တဆဖြစ်ရပ်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

မတ် ၂၁ ရက်က ယန်ချန်းမြို့ ဓာတုပစ္စည်းစက်ရုံပေါက်ကွဲမှုသည် ယင်းစက်ရုံတည်ရှိရာ စက်မှုဇုန်တစ်လျှောက် ပျံ့နှံ့သွားပြီး လူပေါင်းရာချီကာ ထိခိုက်ဒဏ်ရာများရခဲ့သည်။

မတ် ၂၃ ရက် အရုဏ်တက်ချိန်တွင် အသက် ၄၀ ကျော်အရွယ်ရှိ လူတစ်ဦးကို ဒေသခံမီးသတ်တပ်ဖွဲ့ဝင်များက ပေါက်ကွဲမှုကြောင့် ပြိုပျက်သွားသည့် စက်ရုံအဆောက်အအုံအပျက်အစီးများအောက်မှ ကယ်ဆယ်နိုင်ခဲ့ကြောင်း မြို့တော်အုပ်ချုပ်ရေးအဖွဲ့၏ တရားဝင်ထုတ်ပြန်ချက်များကို ဝီဘိုအကောင့်၌ ဖော်ပြသည်။

ကယ်ဆယ်ရရှိသူအား ဆေးရုံသို့တင်ပို့ကာ ဆေးကုသမှုခံယူစေခဲ့ကြောင်း ကြေညာချက်တွင် ဖော်ပြသော်လည်း ၎င်း၏အခြေအနေနှင့် ထိခိုက်ဒဏ်ရာရမှုများနှင့်ပတ်သက်ပြီး အသေးစိတ်ဖော်ပြခြင်းမရှိပေ။



ပျောက်ဆုံးနေသူ ၂၈ ဦးကို ရှာဖွေကယ်ဆယ်ရေးသမားများက ဆက်လက်ရှာဖွေနေသည်ဟု ယန်ချန်းမြို့တော်ဝန် ကောက်လူပေါင်က ကြေညာချက်တွင် ဖော်ပြသည်။

ယင်းစက်ရုံပေါက်ကွဲမှုဖြစ်ပွားပြီးနောက် လူပေါင်း ၆၀၀ ကျော်မှာ ဆေးဝါးကုသမှုများခံယူနေရကြောင်း မြို့အုပ်ချုပ်ရေးအဖွဲ့က ပြောကြားသည်။ ထိခိုက်ဒဏ်ရာရသူများထဲတွင် ၂၁ ဦးမှာ အသက်အန္တရာယ်စိုးရိမ်ရပြီး ၇၃ ဦးမှာ ဒဏ်ရာပြင်းထန်စွာ ခံစားနေရသည်ဟု ကြေညာချက်တွင် ဖော်ပြသည်။

ဓာတုပစ္စည်းစက်ရုံ ပေါက်ကွဲမှုကြောင့် စက်မှုဇုန်အတွင်းရှိ အဆောက်အအုံအချို့၏အမိုးများ ပွင့်ထွက်ခဲ့ပြီး မီးလောင်ကျွမ်းမှုကြီးမှာ ယင်းနေ့တစ်ညလုံးဖြစ်ပွားခဲ့သည်။ ရှာဖွေကယ်ဆယ်ရေးသမားများက စက်ရုံအပြိုအပျက်များထဲတွင် အသက်ရှင်ကျန်ခဲ့သူများကို အလျင်အမြန်ရှာဖွေလျက်ရှိသည်။

ရာနှင့်ချီသော ကယ်ဆယ်ရေးသမားများကို အခင်းဖြစ်နေရာသို့ စေလွှတ်ခဲ့ပြီး ပေါက်ကွဲမှုဖြစ်ပွားသည့်နေရာအနီးမှ လူပေါင်း ၄၀၀၀ ခန့်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**အေအက်ဖ်ပီ**

# အိုင်အက်စ်စစ်သွေးကြွများအပေါ် အောင်ပွဲရဟု ကာ့ဒ်ဦးဆောင်သည့် တပ်ဖွဲ့ကြေညာ

**ဒမတ်စကတ် မတ် ၂၃**

အစ္စလာမ္မစ်နိုင်ငံတော်ထူထောင်ရေးအဖွဲ့(အိုင်အက်စ်) စစ်သွေးကြွတို့အပေါ် အောင်ပွဲရခဲ့ကြောင်း ကာ့ဒ်ဦးဆောင်သည့် တပ်ဖွဲ့က မတ် ၂၃ ရက်တွင် ကြေညာခဲ့သည်။ ၎င်းတို့သိမ်းယူထားသည့် နယ်မြေအတွင်းမှ အိုင်အက်စ်စစ်သွေးကြွများအား အပြည့်အဝရှင်းလင်းပစ်ခဲ့ပြီး အဆိုပါနယ်မြေမှာ ကာ့ဒ်တို့ ဦးဆောင်သည့် တပ်ဖွဲ့များ၏ထိန်းချုပ်မှုအောက်တွင် ရောက်ရှိနေပြီဖြစ်ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

ဆီးရီးယားနိုင်ငံ အရှေ့ပိုင်း၏ ဘာဟိုဆောက်ကျေးရွာမှာ လွတ်မြောက်သွားပြီဖြစ်ကြောင်း အမေရိကန်က ထောက်ခံအားပေးသည့် ဆီးရီးယားဒီမိုကရက်တစ်တပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူက မတ် ၂၃ ရက်တွင် ၎င်း၏တွစ်တာစာမျက်နှာ၌ ရေးသားဖော်ပြသည်။

အမေရိကန်ဦးဆောင်သည့် ညွန့်ပေါင်းတပ်ဖွဲ့၏ ထောက်ခံပေးမှုဖြင့် ဆီးရီးယားဒီမိုကရက်တစ်တပ်ဖွဲ့က အိုင်အက်စ်စစ်သွေးကြွများ၏ နောက်ဆုံးထိန်းချုပ်ထားသည့် ဘာဟိုဇက်ကျေးရွာအား ပြန်လည်သိမ်းယူနိုင်ရေးအတွက် ဖေဖော်ဝါရီလကတည်းက စစ်ဆင်တိုက်ခိုက်မှုများ ပြုလုပ်နေခဲ့ခြင်းဖြစ်သည်။

ဆီးရီးယားနိုင်ငံတွင်းရှိ မည်သည့်နယ်မြေကိုမျှ စစ်သွေးကြွများအနေဖြင့် ကြာရှည်ထိန်းချုပ်ထားနိုင်မည် မဟုတ်ကြောင်း အမေရိကန်သမ္မတဒေါ်နယ်ထရန့်က မတ် ၂၂ ရက်တွင် ကြေညာခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ပြင်သစ်နိုင်ငံတွင် အစိုးရဆန့်ကျင်ဆန္ဒထုတ်ဖော်မှုများ ပိုမိုပြင်းထန်လာ

**ပါရီ မတ် ၂၃**

ပြင်သစ်နိုင်ငံ ပါရီမြို့နှင့် အခြားမြို့များတွင် အဝါရောင်ဝတ် ဆန္ဒထုတ်ဖော်သူများနှင့် လုံခြုံရေးရဲအရာရှိများအကြား အဓိကရုဏ်းဖြစ်ပွားမှုသည် ပိုမိုပြင်းထန်လျက်ရှိလာခဲ့ကြောင်း ယနေ့ အေအက်ဖ်ပီ သတင်းတစ်ရပ်အရ သိရသည်။

ပြင်သစ်အစိုးရက လောင်စာဆီသုံးစွဲမှုအခွန်အခ မြင့်တက်ရန် ကြေညာခဲ့ခြင်းကြောင့် နိုဝင်ဘာ ၁၇ ရက်တွင် အစိုးရအား ဆန့်ကျင်ဆန္ဒထုတ်ဖော်မှုများ စတင်ခဲ့သည်။

အစိုးရဆန့်ကျင်ဆန္ဒထုတ်ဖော်မှုများသည် ယခု ရက်သတ္တပတ်ဆိုလျှင် ၁၉ ပတ်မြောက် ဖြစ်လာခဲ့သည်။ လုံခြုံရေးအရာရှိများကလည်း အချို့သော ဆန္ဒထုတ်ဖော်သူများ၏ မင်းမဲ့စရိုက်ဆန်ဆန် လုပ်ဆောင်ကျူးလွန်မှုများကို ထိန်းချုပ်ရန်နှင့် လုယက်မှုများကို တားမြစ်ဟန့်တားရန် ကြိုးစားလျက်ရှိသည်။



ထောင်နှင့်ချီသော ဆန္ဒထုတ်ဖော်သူများသည် ပြင်သစ်သမ္မတ အီမက်နျူရယ် မက်ခရွန်အား နုတ်ထွက်ပေးရန် ဟစ်ကြွေးခဲ့ကြပြီး ပါရီမြို့ တောင်ပိုင်းရှိ ရင်ပြင်မှ မြောက်ဘက်ပိုင်းရှိ မွန့်မာထရီခရိုင်ရှိ Sacre-Coeur ဘုရားကျောင်းသို့ ဦးတည်ချီတက်ခဲ့သည်။

လုံခြုံရေးအရာရှိများက သမ္မတအိမ်တော်ရာနှင့် အမျိုးသားလွှတ်တော်အနီးဝန်းကျင်ရှိ လမ်းမများကို ဆန္ဒထုတ်ဖော်သူများ မဝင်ရောက်နိုင်ရန် ပိတ်ဆို့ထားခဲ့သည်။ ထို့ပြင် မောင်းသူမဲ့လေယာဉ်များ အသုံးပြုကာ ဆန္ဒထုတ်ဖော်သူများ၏ လှုပ်ရှားမှုများကို အချိန်ပြည့် စောင့်ကြည့်လျက်ရှိသည်။

ပါရီမြို့တွင် မင်းမဲ့စရိုက်ဆန်စွာ ကျူးလွန်ခဲ့သော ဆန္ဒထုတ်ဖော်သူ ၃၁ ဦးအား ဖမ်းဆီးခဲ့ပြီး ၁၅ ဦးအား တရားမဝင်သော ဆန္ဒထုတ်ဖော်မှုများ လုပ်ဆောင်ခဲ့ခြင်းကြောင့် ဒဏ်ငွေချမှတ်ခဲ့ကြောင်း သိရသည်။

ဆန္ဒထုတ်ဖော်သည့် စနေနှင့် တနင်္ဂနွေရက်များတွင် ဘဏ်များနှင့် အခြားသောစီးပွားရေးလုပ်ငန်းများလည်ပတ်မှု ရပ်ဆိုင်းထားရသည်။

ထို့ပြင် လာမည့်ရက်သတ္တပတ်အတွင်း တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် သမ္မတ မက်ခရွန်တို့ တွေ့ဆုံမည့် နိုက်စ်မြို့အပါအဝင် အခြားမြို့များ၏ မြို့လယ်ကောင်နေရာများကို ဆန္ဒထုတ်ဖော်ခွင့် ပိတ်ပင်တားမြစ်ထားကြောင်း သိရသည်။ **အေအက်ဖ်ပီ**

# ဂျင်းများနဲ့ ပိုးမတွေ့တီဘီ

**ပါမောက္ခဒေါက်တာဝင်းနိုင်**

အားလပ်ရက်နားနေတုန်း ငယ်သူငယ်ချင်းတစ်ဦးက ဖုန်းဆက်ပါတယ်။ သူ့မိခင်နေမကောင်းလို့တဲ့။ အဆုတ်တီဘီတဲ့။ သလိပ်ပိုးတော့ မတွေ့ဘူးတဲ့။ တီဘီဆေးသောက်ရမယ်ဆိုလို့သောက်နေတာ မသက်သာတဲ့အပြင် ပိုဆိုးလာတယ်တဲ့။ ဒါနဲ့ ငယ်သူငယ်ချင်းဖြစ်တဲ့ ကျွန်တော် အဆုတ်ဆရာဝန်ကို သတိရပြီး ဖုန်းဆက်တာပါတဲ့။ အားလပ်ရက်ပေမယ့် ကိစ္စတစ်ခုနဲ့ ဆေးရုံကိုသွားရမှာမို့ ဆေးရုံကိုပဲ ချိန်းလိုက်ပါတယ်။ ဆေးစစ်ချက်တွေနဲ့ သောက်နေတဲ့ဆေးတွေပါ ယူခိုင်းလိုက်ပါတယ်။

ဆေးရုံရောက်တော့ သူငယ်ချင်းရော လူနာဖြစ်သူ သူ့မိခင်ပါ တွေ့ရပါပြီ။ လူနာက အတော်လေးပိန်နေပြီး စိတ်ဓာတ်လည်း ကျနေပုံရပါတယ်။

ကျွန်တော်ဆရာဝန်။ ။ ကဲ သူငယ်ချင်းရေဖြစ်ကြောင်း ရယ်ကုန်စင် ပြောပေတော့။

သူငယ်ချင်း။ ။ ချောင်းဆိုးပြီး ဖျားဖျားနေလို့ဆရာဝန်ဆီ သွားပြတာ တီဘီဆိုပြီး ဆေးတိုက်တယ်ကွာ။ တီဘီပိုးတော့မတွေ့ဘူးတဲ့။ ပြဿနာက ဆေးဒဏ်မခံနိုင်ဘူး။ ဆေးတိုက်လိုက်မှ အစားမဝင်၊ နေလို့ပိုမကောင်းဖြစ်ပြီး အိပ်ရာထဲလဲနေပြီ။ မင်းတွေ့တဲ့အတိုင်းပဲ။

ကျွန်တော်ဆရာဝန်။ ။ ဒေါ်လေးရေ မတွေ့တာ ကြာသွားလို့လား မပြောတတ်ဘူး။ နည်းနည်း ပိုပိန်သွားသလိုပဲ။

လူနာ။ ။ ငါ့တူရေ၊ မင်းသူငယ်ချင်း ပြောသလိုပဲ။ ဆေးသောက်လေပိုဆိုးလေမို့ ဖုန်းဆက်အကူအညီတောင်းရတာ။ ရုံးပိတ်ရက်နားနေတာ အားနာပါတယ်ကွယ်။

ကျွန်တော်ဆရာဝန်။ ။ ရပါတယ် ဒေါ်လေး။ ဒီနေ့က ကိစ္စတစ်ခုနဲ့ကြုံနေတာ၊ အပန်းမကြီးပါဘူး။ အားမနာပါနဲ့။ ဖြစ်ကြောင်းရယ်ကုန်စင်အောင် ပြောပြပါဦး။

လူနာ။ ။ အစက နည်းနည်းပါးပါး ဖျားတယ်ကွဲ့။ နောက်တော့ အစားပျက်၊ ချောင်းဆိုးပေါ့။ မင်းသူငယ်ချင်းက ဟိုဆေးလေးကောင်းဆို သောက်လိုက်၊ ဒီဆေးလေးကောင်းဆို သောက်လိုက်နဲ့ ကောင်းမလာဘူး။ ဒါနဲ့ ဆရာဝန်ဆီသွားတာပေါ့။

သူငယ်ချင်း။ ။ ငါတို့ မိသားစုဆရာဝန်က ဓာတ်မှန်ရိုက်ရမယ်၊ သွေးစစ်ရမယ်တွေ ပြောတာနဲ့ စစ်ဆေးတယ်ကွ။ အဖြေက မရေရာဘူးတဲ့။ ဓာတ်မှန်က အဆုတ်ပိုးဝင်တဲ့လက္ခဏာတဲ့။ ဒါပေမယ့် သလိပ်စစ်တော့ ပိုးမတွေ့ပြန်ဘူး။ သွေးအဖြေတွေကလည်း အတိအကျ အဖြေမထွက်ဘူးတဲ့။

အဲဒီတော့ အထူးကုသမားတော်ဆီ သွားပြတာပေါ့ကွာ။ မင်းကိုသတိရပေမယ့် အားနာတာနဲ့။

ကျွန်တော်ဆရာဝန်။ ။ အေးပါ။ ဟုတ်ပါပြီ။ ဒါနဲ့ ဆက်ပါဦး။

သူငယ်ချင်း။ ။ အထူးကုသမားတော်က တီဘီလို့ ယူဆတယ်။ တီဘီဆေးသောက်ပါဆိုလို့ သောက်လိုက်တာ။ မင်းမြင်တဲ့အတိုင်းပဲ၊ ပိုဆိုးသွားလို့ပေါ့ကွာ။

ကျွန်တော်ဆရာဝန်။ ။ အခြားရောဂါတွေများ ရှိသေးလား။ ဆီးချို၊ သွေးတိုး၊ နှလုံး စသည်တို့ပေါ့ကွာ။

လူနာ။ ။ ဆေးစစ်ချက်အရတော့ မရှိဘူးတဲ့။

ကျွန်တော်ဆရာဝန်။ ။ ဟုတ်ပါပြီ၊ ဒေါ်လေးရေ။ စမ်းကြည့်လိုက်ဦးမယ်နော်။

မေးရင်း၊ စမ်းရင်း၊ ဓာတ်မှန်၊ ဓာတ်ခွဲအဖြေတွေ ကြည့်ရင်း သုံးသပ်လိုက်မိတာကတော့ သလိပ်တီဘီပိုးမတွေ့တဲ့ အဆုတ်တီဘီ ဖြစ်နေကြောင်းပါ။ မျက်စိရော အသားပါ အနည်းငယ်ဝါနေတာလည်း တွေ့ရပါတယ်။ မစားနိုင်လို့ အသားအရေပါ ခြောက်ကပ်လို့နေပါတယ်။

ကျွန်တော်ဆရာဝန်။ ။ သူငယ်ချင်းရေ၊ တီဘီတော့ တီဘီပဲ။ ဒါပေမယ့် တီဘီဆေး ရပ်ထားဦး။ ဆေးဒဏ်မခံနိုင်ဘူး။ လိုအပ်တဲ့ သွေးစစ်တာတွေလုပ်ရမယ်။ ပြီးမှ လိုအပ်သလို တီဘီဆေး ပြန်တိုက်ရမယ်။

သူငယ်ချင်း။ ။ ငါ နားမရှင်းဘူးဖြစ်နေတယ်ကွာ။ အရင်သမားတော်တုန်းကလည်း သလိပ်ပိုးမတွေ့ဘူးတဲ့။ တီဘီပဲတဲ့။ တီဘီဆေးတိုက်တော့ ပိုဆိုးသွားတာ မင်းအမြင်ပဲ။ အခု မင်းကလည်း ဆေးဒဏ်မခံနိုင်ဘူးတဲ့။ ဒါပေမယ့် ဆေးပြန်တိုက်ဦးမယ်တဲ့။ ရှင်းပြပါဦးကွ။

ကျွန်တော်ဆရာဝန်။ ။ အေးပါကွာ။ ရှင်းပြမယ်။ အခုတော့ ဒေါ်လေးကို သွေးစစ်လိုက်ဦး။ အားဆေးလည်း သွင်းခိုင်းလိုက်မယ်နော်။ ငါလည်းမင်းနဲ့ စကားမပြောရတာကြာပြီ။ ဒီနားက လက်ဖက်ရည်ဆိုင်မှာ အဆာပြေ တစ်ခုခုစားရင်း ပြောကြတာပေါ့ကွာ။

လူနာကို လိုအပ်တဲ့ သွေးစစ်၊ ဆေးသွင်းတာတွေ လုပ်ခိုင်းထားပြီး သူငယ်ချင်းနဲ့ စားသောက်ရင်း စကားလက်ဆုံကျပါတော့တယ်။ အကြောင်းကတော့ ပိုးမတွေ့တီဘီပေါ့။ စိတ်မရှည်နိုင်တော့တဲ့ သူငယ်ချင်းကပဲ စပြောပါတော့တယ်။

သူငယ်ချင်း။ ။ အဆုတ်တီဘီဆို ငါတို့နားလည်တာက ချောင်းဆိုးမယ်။ သလိပ်ထွက်မယ်။ သွေးပါနိုင်တယ်။ သလိပ်စစ်ရင် ပိုးတွေ့မယ်ပေါ့ မဟုတ်ဘူးလား။

ကျွန်တော်ဆရာဝန်။ ။ အဆုတ်တီဘီလူနာ အားလုံးရဲ့ တစ်ဝက်အတွက်တော့ မှန်တယ်။ ကျန်လူနာ တစ်ဝက်မှာတော့ ပိုးမတွေ့ရဘူးကွ။ ဒါတောင် သလိပ်ကို နှစ်ရက်၊ သုံးရက် ဆက်ပြီးစစ်တာနော်။ ပိုးအများဆုံး တွေ့ရတတ်တဲ့ မနက်အိပ်ရာထ သလိပ်များများကို စစ်တာတောင် ၅၀ ရာခိုင်နှုန်းလောက်မှာပဲ ပိုးတွေ့ရတာ။ သလိပ်ကောင်းကောင်းမထုတ်တတ်တဲ့သူနဲ့ သလိပ်ကောင်းကောင်းမထွေးဘဲ တံတွေးတွေသာ ပေးပြီး စစ်မယ်ဆိုရင် ပိုးတွေ့ဖို့ မရှိသလောက်ပဲ။

သူငယ်ချင်း။ ။ အဲဒီတော့ ပိုးမတွေ့ဘဲ မှန်းပြီး တီဘီဆေး ပေးတော့တာပဲလား။

ကျွန်တော်ဆရာဝန်။ ။ ဟား ဟား၊ ဒီလိုတော့လည်း မဟုတ်ရပါဘူးကွာ။ ဆေးကုရာမှာ မှန်းဆချက်တွေ မပါလို့တော့ မရတာမှန်ပေမယ့် အခြားစစ်ဆေးလို့ရတာတွေ ရှိသေးတယ်လေ။ ဥပမာ- ဓာတ်မှန်ပေါ့။

သူငယ်ချင်း။ ။ မင်းကသာ ဓာတ်မှန်ကိုညွှန်းနေ၊ အဲဒီ ဓာတ်မှန်က အဖြူ၊ အမည်းကြီး။ ခေတ်မီနေတဲ့ အခုအချိန်မှာ အရောင်တွေဘာတွေနဲ့ အထူးဓာတ်မှန် မပေါ်သေးဘူးလား။ အဖြူ၊ အမည်းကြီးကိုကြည့်ပြီး ပိုးဝင်တယ်၊ တီဘီဖြစ်တယ်နဲ့ဆိုတော့ ငါတော့ ခပ်ကြောက်ကြောက်။

ကျွန်တော်ဆရာဝန်။ ။ စိတ်လျှော့ပါကွာ၊ မင်းကလည်း။ အဖြူ၊ အမည်းဓာတ်မှန်မှာလည်း ဒီအချက်တွေဆို တီဘီ၊ ဒီအချက်ဆို ကင်ဆာစသဖြင့် ရောဂါလက္ခဏာသတ်မှတ်ချက်တွေ ရှိပါသေးတယ်ကွ။ ဓာတ်မှန်နဲ့ ရောဂါသတ်မှတ်လို့ရပါတယ်။

သူငယ်ချင်း။ ။ ဟို CT scan ဆိုတာကြီးလည်း အဖြူ၊ အမည်းပဲ မဟုတ်လား။

ကျွန်တော်ဆရာဝန်။ ။ ဟဲ ဟဲ ဟုတ်ပ့ါ။ ဒါပေမယ့် ရိုးရိုးဓာတ်မှန်ထက်ပိုပြီး ရောဂါခွဲခြားနိုင်တယ်။ ဒါပေမယ့် စရိတ်စကကြီးသလို ဓာတ်ရောင်ခြည်အန္တရာယ်ကလည်း ရှိပြန်ရော။ အထူးသဖြင့် ခဏခဏ ရိုက်ရင်ပေါ့။

သူငယ်ချင်း။ ။ ငါကတော့ကွာ၊ ဒီရောဂါ ရှိ၊ မရှိ ၁၀၀ ရာခိုင်နှုန်းပြတဲ့ တိကျတဲ့အဖြေရမယ့် စမ်းသပ်မှုပဲ လုပ်ချင်တယ်။ ဥပမာကွာ သွေးစစ်လိုက်မယ် (+)ရှိတယ်၊ ဒါမှမဟုတ် (-)မရှိဘူး၊ ဒါဆိုရင် ရှင်းရောပဲ။ အဲဒါမျိုး မရှိဘူးလား။

ကျွန်တော်ဆရာဝန်။ ။ အဲဒီလိုသာရှိမယ်ဆိုရင် တီဘီလည်း လူ့လောကမှာ ရှိချင်မှ ရှိတော့မှာ။ ရောဂါရှိသူ၊ မရှိသူ ခွဲခြားသိမှုဖြင့် ရောဂါရှိသူကို ဆေးအပြတ်ကုလိုက်။ ဒါဆို တီဘီရောဂါရှင်းပြီပေါ့။ အဲဒီလိုလည်း မရသေးဘူးကွ၊ သူက မာယာများတယ်။

သူငယ်ချင်း။ ။ မင်းကလည်း ဒီတီဘီပိုးလေးကို မာယာများတယ်တဲ့။ ကဲ ပြောစမ်းပါဦး။ မင်းတီဘီရဲ့ မာယာတွေ။

ကိုယ့်စကားနဲ့ကိုယ်ပတ်ဆိုသလိုမျိုး ရှင်းပြလေရှုပ်လေနဲ့။ အထုပ်ဖြေပြလိုက်တာပဲ ကောင်းပါတယ်လို့ ဆုံးဖြတ်လိုက်ရင်း။

ကျွန်တော်ဆရာဝန်။ ။ သူငယ်ချင်း၊ မင်း ခေတ်စကား ဂျင်းထည့်တယ်ဆိုတာ သိတယ် မဟုတ်လား။

သူငယ်ချင်း။ ။ အေးလေ၊ ဂျင်းထည့်ခံရတယ်ဆိုတာ မသိမသာအနှပ်ခံရတာ၊ မဟုတ်တာ အလုပ်ခံရတာ။ ဟုတ်တယ်ဟုတ်။

ကျွန်တော်ဆရာဝန်။ ။ ဟုတ်ပ့ါ၊ တီဘီနဲ့ပတ်သက်ပြီး ဂျင်းနှစ်ခုရှိတယ်။ အရပ်ထဲက သုံးတဲ့ဂျင်း(ချင်း)နဲ့ အသံထွက်တူတဲ့ Gene ပဲ။ အဓိပ္ပာယ်လည်း ဆင်ပါတယ်။ ပထမဂျင်းက Gene Expert Test ပဲ။ လွယ်လွယ်ဆို တီဘီဂျင်းစစ်တယ်။ ကွန်ပျူတာနဲ့ စစ်တာလို့ ပြောတာပါကွာ။ စောစောက ပြောခဲ့တဲ့ သလိပ်ပိုးမတွေ့ တီဘီတွေမှာ Gene Expert Test နဲ့ စစ်ရင် ပိုးဗီဇတွေ့ရတာတွေရှိတယ်။ ရိုးရိုးသလိပ်တီဘီပိုး စစ်တာထက် ပိုကောင်းတာပေါ့။ ဆေးယဉ်၊ မယဉ်ပါ တစ်ခါတည်းခွဲခြားနိုင်တယ်။

သူငယ်ချင်း။ ။ ဒါဆို ရိုးရိုးမစစ်ဘဲ ဂျင်းကြီးပဲ စစ်ပစ်လိုက်ရင် မကောင်းဘူးလား။

ကျွန်တော်ဆရာဝန်။ ။ သူ့မှာလည်း ကန့်သတ်ချက်တွေ၊ အားနည်းချက်တွေရှိသေးတယ်။ စက်တပ်ဆင်ခ၊ စက်ကိုင်မယ့် ကျွမ်းကျင်ဓာတ်ခွဲမှူး၊ ထွက်လာတဲ့အဖြေကို သုံးသပ်ရမှုတွေပေါ့။ အသုံးအတော်တည့်ပေမယ့် ၁၀၀ ရာခိုင်နှုန်းကောင်းပြီလို့တော့ မပြောနိုင်သေးဘူး။ နောက်တစ်ချက်က မူရင်းကောင်းမှ မိတ္တူကောင်းမည်ဆိုသလိုပဲ လူနာကပေးလိုက်တဲ့သလိပ်ဟာ ကွာလတီသလိပ်ဖြစ်ဖို့ လိုတယ်။ လုံလောက်တဲ့ပမာဏရှိတဲ့၊ အဆုတ်ထဲက ထွက်လာတဲ့ သလိပ်ကိုပေးမှ အဖြေမှန်နဲ့နီးစပ်မှာ။ တံတွေးဆို မရဘူး။ သွေးမပါစေရဘူး။ ဒါကြောင့် သလိပ်ကို Gene စစ်လို့မတွေ့ရင် မတွေ့ဘူး။ တီဘီမဟုတ်ဘူးလို့ ၁၀၀ ရာခိုင်နှုန်း မပြောနိုင်ပြန်ဘူး။ အခြားအချက်တွေနဲ့ ဆက်စပ်သုံးသပ်ရပြန်တယ်။

သူငယ်ချင်း။ ။ မင်းဟာက နားထောင်ကောင်းပြီးမှ အဖျားရှူးသွားပြန်ပြီ။ မှန်းဆရတာ ဖြစ်လာပြန်ပြီ။

ကျွန်တော်ဆရာဝန်။ ။ အေးပေ့ါကွာ၊ ဒ့ါကြောင့် ဆေးကုတဲ့နေရာမှာ ဆရာဝန်တွေ ပါနေရသေးတာပေ့ါ။

သူငယ်ချင်း။ ။ ကဲ ဆက်ပြောဦး၊ နောက်ဂျင်းအကြောင်း။

ကျွန်တော်ဆရာဝန်။ ။ အေး နောက်တစ်ဂျင်းက ဂျင်း(ချင်း)သုပ် သုပ်စားတဲ့ဂျင်း(ချင်း) လိုပဲ ပူစပ်လေးကွ။

သူငယ်ချင်း။ ။ မင်းကတော့လုပ်ပြီ၊ တီဘီရောဂါမှာ ပူစပ်မှ မရှိတာ။

ကျွန်တော်ဆရာဝန်။ ။ ဒီလိုပါကွာ၊ ဒီဂျင်းက တီဘီပိုးရဲ့ Gene လို့ပဲ ဆိုကြပါစို့။ တီဘီက တစ်ဦးကတစ်ဦး ဘယ်လိုကူးတယ်လို့ မင်းသိထားလဲ။

သူငယ်ချင်း။ ။ ကျန်းမာရေးပညာပေးတွေမှာတွေ့နေတာကတော့ လူနာချောင်းဆိုး၊ နှာချေရင် အဆုတ်ထဲက တီဘီပိုးတွေက လေထဲရောက်၊ အနီးအနားမှာရှိတဲ့လူက အဲဒီပိုးပါလေကို ရှူမိ၊ ဒီတော့ နောက်တစ်ယောက်ကို ကူးပေ့ါ။ ဟုတ်တယ်ဟုတ်။

ကျွန်တော်ဆရာဝန်။ ။ ဟုတ်သပ့ါ။ တီဘီလူနာတွေ ကြည့်ရတဲ့ အဆုတ်ဆရာဝန် ငါ့မှာဆိုရင် တီဘီပိုး တော်တော်များများရှိနေလောက်ပြီ။

သူငယ်ချင်း။ ။ မင်းကျတော့ ဘာဆေးတွေ သောက်ပြီး ကာကွယ်ထားလို့ ရောဂါမဖြစ်တာလဲ။ ငါ့ကို ပြောပြဦး။ ငါ့မှာလည်း အမေ့ဆီက ရောဂါကူးပြီး လောက်ပြီ။

ကျွန်တော်ဆရာဝန်။ ။ အကောင်းဆုံး ကာကွယ်နည်းက ပိုးမဝင်အောင် တားဖို့ပဲ။ ချောင်းဆိုး၊ နှာချေရင် လူနာရဲ့နှာခေါင်းနဲ့ ပါးစပ်ကို လက်ကိုင်ပဝါ၊ နှာခေါင်းစည်းနဲ့ လုံခြုံအောင်ပိတ်ကာပြီး ပေးရမယ်။ လူနာက လုပ်ရမှာနော်။ သူ့ဆီက ပိုးမထွက်အောင်ပေ့ါ။ ဒါမှ ဘေးလူကို မကူးတော့ဘူးပေ့ါ။

လူနာတွေကိုယ်တိုင်က ကာကွယ်ပေးနိုင်မှ၊ နှာခေါင်းစည်းကို စနစ်မှန်မှန်သုံးနိုင်မှ မကူးစက်တော့မှာလေ။ ဒါကြောင့် အကောင်းဆုံးနည်းလမ်းက ကိုယ့်ဆီ ပိုးမဝင်အောင်၊ တစ်နည်းအားဖြင့် လူနာဆီက ပိုးတွေ မထွက်လာအောင် တားဆီးရတာပဲလေ။

သူငယ်ချင်း။ ။ အဲဒီလို အနီးအနားကလူတွေ နှာခေါင်းစည်း တပ်ထားရင်ကော။

ကျွန်တော်ဆရာဝန်။ ။ မင်း စဉ်းစားကြည့်ပါဦး။ လူနာတစ်ယောက် တည်းက တပ်လိုက်ရင် ကောင်းမလား။ မိသားတစ်စုလုံး တပ်လိုက်ရင် ကောင်းမလား။

သူငယ်ချင်း။ ။ အေး အဲဒါလည်း ဟုတ်သားပဲ။ လူနာကို တပ်ခိုင်းရမှာပေ့ါ။

ကျွန်တော်ဆရာဝန်။ ။ ဒီအပြင် အခြားသူတွေက တပ်ရင် ရိုးရိုးနှာခေါင်းစည်းက မကာကွယ်နိုင်ဘူး။ N – 95 ဆိုတဲ့ အထူးနှာခေါင်းစည်း တပ်ရတယ်။ ဈေးကလည်း ကြီးတယ်။ အသက်ရှူရလည်း ခက်မယ်။ လူတိုင်းတပ်ဖို့ မဖြစ်နိုင်ဘူး။

သူငယ်ချင်း။ ။ ဟုတ်ပါပြီကွာ။ အလုပ်ရှုပ်ပြီး မသေချာဘူး။ ဒီတော့ လူနာကိုသာ နှာခေါင်းစည်း တပ်ခိုင်းလိုက်တာ ကောင်းပါတယ်။ အေးလေ၊ နောက်ဆို အမေချောင်းဆိုးရင် အဲဒီလိုအုပ်ခိုင်းမယ်။ တစ်အိမ်သားလုံး မကူးစက်အောင်ပေ့ါ။ အဲ ငါ့ကိုယ်ထဲဝင်သွားတဲ့ပိုးတွေကျတော့ကော၊ ဆေးမသောက်ရတော့ဘူးလား။

ကျွန်တော်ဆရာဝန်။ ။ သောက်ရင်တော့ တီဘီဆေး သောက်ရမှာ။

သူငယ်ချင်း။ ။ အမယ်လေး၊ ဆေးထဲမှာ တီဘီဆေးတော့ လန့်တယ်။ အမေ့ကို ကြည့်ပြီးတော့လေ။

ကျွန်တော်ဆရာဝန်။ ။ နောက်တစ်ချက် ရှိသေးတယ်။ ကဲ ဆိုပါတော့၊ မင်းက တီဘီဆေးသောက်လိုက်လို့ မင်းကိုယ်ထဲဝင်သွားတဲ့ တီဘီပိုးတွေ ရှင်းသွားပြီဆိုပါတော့၊ မင်းတစ်သက်မှာ တီဘီပိုး ထပ်မဝင်တော့ဘူးလို့ မင်းယူဆနိုင်မှာလား။

သူငယ်ချင်း။ ။ တီဘီရောဂါက ငါ့အမေ တစ်ယောက်ထဲမှာမှ ရှိတာမဟုတ်တာ။ အမေ တီဘီဖြစ်တော့ ဟိုမေး ဒီမေးနဲ့မေးကြည့်တော့ အနီးနားမှာ တီဘီဖြစ်ဖူးသူတွေ၊ တီဘီဖြစ်နေတဲ့သူတွေ မရှားဘူးကွ။ ဒါနဲ့ မင်းပြောတဲ့ နောက်ထပ်ဂျင်းတစ်ခုက ဘာလဲ။

ကျွန်တော်ဆရာဝန်။ ။ ဒီလိုလေ။ လူနာကနေထွက်လာတဲ့ တီဘီပိုးက အခြားလူတွေရဲ့ အဆုတ်ထဲ ဝင်ပြီးသွားရင် ရောဂါတန်းမဖြစ်ဘူး။ မြုံနေတယ်။ ပိုးအဝင်ခံရတဲ့သူက အကြောင်းအမျိုးမျိုးကြောင့် အားနည်းတာဖြစ်လာရင် ရောဂါထဖြစ်ရော။ လူနာတစ်ယောက်ဆီကနေ တစ်နှစ်အတွင်းမှာ နောက်ထပ် လူနာ ၁၀ ယောက်လောက် ထပ်ပွားလာတယ်။ တီဘီက သူ့မျိုးစေ့တွေ ဖြန့်ထားတာပေ့ါကွာ။ ဂျင်းမိကုန်တာပေ့ါ။

သူငယ်ချင်း။ ။ အဲဒီဂျင်းက မင်းပြောတဲ့ တကယ့် ပူစပ်ဂျင်းပါလား။ ဒါကြောင့် တီဘီတွေ မပြတ်တာကိုး။ ဒါဆို ဒီဂျင်းတွေကို မင်းဘယ်လို ရှင်းပစ်မလဲ။

ကျွန်တော်ဆရာဝန်။ ။ ရောဂါဖြစ်သူလို့ သံသယရှိရင် ချက်ချင်းစစ်၊ ဆေးမြန်မြန်တိုက်၊ ဂျင်းတွေပြုတ်ရော။ ရောဂါမကူးစက်အောင် နှာချေ၊ ချောင်းဆိုးရင် နှာခေါင်းစည်းကို စနစ်မှန်မှန်သုံး။ ဒါဆို ဂျင်းမထွက်တော့ဘူး။ ဂျင်းအထည့်မခံရတော့ဘူးပေ့ါ။

သူငယ်ချင်း။ ။ မင်းပြောတဲ့ ဂျင်းတွေအကြောင်း နားလည်ပါပြီ။ ပိုးမတွေ့တီဘီအကြောင်းလည်း တော်တော်လေး သိပါပြီကွာ။ ရှင်းပြလို့ ကျေးဇူးပါ။

ကျွန်တော်ဆရာဝန်။ ။ ကဲ လူနာဆီပြန်ကြရအောင်။ အဆင်ပြေအောင် ဆက်ကုပေးပ့ါမယ်ကွာ။ ကောင်းသွားမှာပါနော်။

သူငယ်ချင်း။ ။ ကျေးဇူးပါပဲ သူငယ်ချင်းရာ။

ကျွန်တော်ဆရာဝန်။ ။ အေးပါကွာ၊ မင်းလည်း တီဘီရဲ့ ဂျင်းတွေနဲ့ ကင်းဝေးပါစေ။

**(တီဘီရောဂါတိုက်ဖျက်ရေးမှာ တက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြသော ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်းပါဝင်ကြသော လူနာနှင့် လူနာရှင်များအားလုံးကို တီဘီရောဂါကင်းဝေးကြပါစေကြောင်းနှင့် တီဘီရောဂါကို အပြီးတိုင် တိုက်ထုတ်နိုင်ကြပါစေကြောင်း ဆန္ဒပြုရင်း ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုရေးသားအပ်ပါသည်။)**

# ရေခေါင်းချောင်းကျေးရွာအနီး AA အဖွဲ့က တပ်မတော်လုံခြုံရေးစစ်ကြောင်းအား စောင့်ကြိုတိုက်ခိုက်

**နေပြည်တော် မတ် ၂၃**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် စေတောင်ကျေးရွာအနီး လုံခြုံရေးဆောင်ရွက်နေသည့် တပ်မတော်စစ်ကြောင်းအား မတ် ၂၂ ရက် နံနက်တွင် AA အဖွဲ့က လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ တပ်မတော်မှ စစ်သည်အချို့ ကျဆုံးဒဏ်ရာရရှိပြီး AA အဖွဲ့မှ အလောင်းသုံးလောင်းရရှိခဲ့ကြောင်း သိရသည်။

မတ် ၂၂ ရက် နံနက် ၆ နာရီခွဲခန့်တွင် AA အဖွဲ့မှ အင်အား ၃၀ ခန့်က ရေခေါင်းချောင်းကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၄၀၀ ခန့်အကွာမှ လက်နက်ကြီး/လက်နက်ငယ်များဖြင့်လည်းကောင်း၊ ညနေ ၄ နာရီခွဲခန့်တွင် အင်အား ၅၀ ခန့်က ရေခေါင်းချောင်းကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၈၀၀ ခန့်အကွာမှ လက်နက်ကြီး/လက်နက်ငယ်များဖြင့်လည်းကောင်း တပ်မတော်စစ်ကြောင်းများအား စောင့်ကြိုတိုက်ခိုက်ခဲ့သဖြင့် တပ်မတော်ဘက်မှ ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း။

ဖြစ်စဉ်များတွင် မိမိဘက်မှ စစ်သည်အချို့ ကျဆုံး/ထိခိုက်ဒဏ်ရာရရှိခဲ့ကာ AA အဖွဲ့မှ အားကစားဝတ်စုံ အရပ်ဝတ်များ ဝတ်ဆင်ထားသည့် အလောင်းသုံးလောင်းအား ရေခေါင်းချောင်းကျေးရွာအနီး AA အဖွဲ့ နေရာယူပစ်ခတ်ခဲ့သည့် နေရာတစ်ဝိုက်တွင် တွေ့ရှိခဲ့ပြီး တပ်မတော်စစ်ကြောင်းများက နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

AA အဖွဲ့အနေဖြင့် ရပ်ကွက်နှင့် ကျေးရွာများအား အသုံးပြုအကာအကွယ်ရယူလျက် တပ်မတော်လုံခြုံရေးစစ်ကြောင်းများအား မိုင်းထောင်/မိုင်းဆွဲ တိုက်ခိုက်ခြင်း၊ ချောင်းမြောင်းပစ်ခတ်ခြင်းများ ပြုလုပ်လျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက မလွှဲမရှောင်သာ ပြန်လည်ခုခံရသည့်အခါ ရပ်ကွက်၊ ကျေးရွာများအတွင်း မလိုလားအပ်သော ထိခိုက်ဆုံးရှုံးမှုများရှိလာနိုင်သဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ မြို့ ရပ်ကွက်နှင့် ကျေးရွာများ၌ AA အဖွဲ့အား လက်မခံကြရန်နှင့် မြို့ ရပ်ကွက်နှင့် ကျေးရွာများအတွင်း ဝင်ရောက်လာပါကလည်း သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် လုံခြုံရေးအဖွဲ့အစည်းများသို့ သတင်းပေးပို့ကြပါရန် မေတ္တာရပ်ခံထားကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။




**သတင်းစဉ်**

# မောင်တောမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၇ သိန်းကျော် သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၂၃**

မောင်တောမြို့နယ် အင္ဂမော်-မောင်တော သွားကားလမ်းတွင် ယာဉ်တစ်စီးပေါ်မှ တန်ဖိုးငွေကျပ် ၃၄၉၀၅ သိန်း တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၇ သိန်းကျော်ကို မတ် ၂၀ ရက် ညနေပိုင်းက သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ပူးပေါင်းအဖွဲ့သည် သတင်းအရ မတ် ၂၀ ရက် ညနေ ၄ နာရီခန့်တွင် အင္ဂမော်-မောင်တော သွားကားလမ်းတွင် အင္ဂမော်ဘက်မှ မောင်တောဘက်သို့ ယာဉ်မောင်း အေးမင်းအောင် မောင်းနှင်လာသည့် Toyota Gaia ယာဉ်အား ရှာဖွေစစ်ဆေးရာမှ WY/R စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၄၅၂၅၀ ကို သိမ်းဆည်းရမိခြင်းဖြစ်သည်။



သို့ဖြစ်၍ ယာဉ်မောင်း အေးမင်းအောင်အား အင်းဒင်နယ်မြေရဲစခန်းက မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိပြီး ကွင်းဆက်တရားခံများ ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**

# နောင်ချိုနှင့် လောက်ကိုင်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၂၃**

မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယနေ့ နံနက်ပိုင်းက နောင်ချိုမြို့အဝင် အိုရီယမ်တယ်တိုးဂိတ်အနီးတွင် ခရီးသည်တင်မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ခရီးသည် လောက်ဝိန်း၏ ဆာလာအိတ်အတွင်းမှ ဆပ်ပြာခွက် ၄၄ ခွက်ဖြင့် ထည့်ထားသည့် ဘိန်းဖြူ ၄၈၄ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၆၀၀ နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ မတ် ၂၂ ရက် မွန်းလွဲပိုင်းက တပ်မတော်မှ လောက်ကိုင်မြို့နယ် ကာပူချိုင်ကျေးရွာလမ်းဆုံတွင် လီလောက်စန်း မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၈၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



# မြို့နယ်အချို့တွင် မီးလောင်မှုဖြစ်ပွား

**မန္တလေး**

ပုသိမ်ကြီးမြို့နယ် ပုဂံတပ်ကျေးရွာတွင် ယနေ့မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ က ဆိုလာပြားအားသွင်းထားခဲ့ရာမှ အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွားရာ နေအိမ်ငါးလုံးနှင့် နွားစာတဲနှစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ဦးဆောင်၍ မီးငြှိမ်းသတ်ယာဉ် ၁၀ စီး၊ အုပ်ချုပ်မှုယာဉ် နှစ်စီး၊ မီးသတ်ရေသယ်ယာဉ် ၂၀၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၅၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀၀ တို့ဖြင့် သွားရောက်ငြှိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင် မီးလုံးဝငြိမ်းခဲ့သည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်နှင့် ရန်ကင်းမြို့နယ်တို့တွင် ယနေ့ မီးလောင်မှုဖြစ်ပွားခဲ့ရာ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ Level-1 အဆင့် ယာဉ်အုပ်စုများဖြင့် ငြှိမ်းသတ်ခဲ့ရာ မိနစ်အနည်းငယ်အကြာမှာပင် မီးငြှိမ်းသတ်နိုင်ခဲ့ကြကြောင်း သိရသည်။

သာကေတမြို့နယ် ၁၀(တောင်) ၁၂ ရပ်ကွက် ရတနာလမ်း အလိုတော်ပြည့်ဘုန်းတော်ကြီးကျောင်းအနီး၌ ယနေ့နံနက် ၁ နာရီက ကိုင်းတော မီးလောင်မှုဖြစ်ပွားသဖြင့် နယ်မြေခံမီးသတ်တပ်ဖွဲ့က ငြှိမ်းသတ်ခဲ့ရာ နံနက် ၁ နာရီ မိနစ် ၂၀ ခန့်တွင် မီးငြိမ်းခဲ့သည်။

အလားတူ နံနက် ၄ နာရီ ၂၅ မိနစ်က ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ် ရန်ကင်းလမ်းနှင့် ရန်ရှင်းလမ်းထောင့်ရှိ ၁၂ လုံးတန်းတိုက်တန်း မြေညီထပ်တွင် မီးလောင်မှုဖြစ်ပွားရာ နံနက် ၄ နာရီ ၃၈ မိနစ်တွင် မီးငြှိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

**မင်းတပ်**

ချင်းပြည်နယ် မင်းတပ်မြို့အနောက်ရပ်ကွက် ကွက်စိပ်(၄)၌ မတ် ၂၂ ရက် ည ၁၁ နာရီခန့်က မီးလောင်မှုဖြစ်ပွားရာ နေအိမ်လေးလုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါရပ်ကွက်နေ ဦးထန်းနိုင်း၏နေအိမ်မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် မီးစတင်လောင်ကျွမ်းခြင်းဖြစ်ပြီး အနီးရှိနေအိမ်များအား ကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**မတ္တရာ**

ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ဆူးလေကုန်းကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းတွင် မတ် ၂၂ ရက် ညပိုင်းက မီးလောင်မှုဖြစ်ပွားရာ ပျဉ်ခင်း တစ်ထပ်ဆောင်၊ လေသာဆောင်တစ်ဆောင်၊ နားနေဆောင် နှစ်ဆောင်နှင့် ဆွမ်းစားဆောင် တစ်ဆောင် စုစုပေါင်း အဆောက်အအုံလေးလုံး မီးလောင်ဆုံးရှုံးခဲ့သည်။

**စိုးကျော်သူထွေး(မတ္တရာ)**



ပေါင်မြို့မစခန်းမှ စခန်းမှူး ဒုရဲမှူးထွန်းဇော်ဦးနှင့် နယ်ထိန်းအဖွဲ့သည် မတ် ၂၃ ရက်က ပေါင်မြို့ ကဒါရပ်ကွက် မြို့သစ် ၈ လမ်းထိပ်ရှိ မြို့တော်ဦးဘုန်းကြီးကျောင်းဓမ္မာရုံတွင် ဒေသခံပြည်သူများအား သက်ငယ်မုဒိမ်းမှုနှင့်ပတ်သက်ပြီး ကြိုတင်ကာကွယ်မှုဆိုင်ရာများ၊ မူးယစ်ဆေးဝါးဆိုင်ရာဥပဒေများနှင့် မှုခင်းများအား ပြည်သူလူထုပူးပေါင်းပါဝင် သတင်းပေးဖော်ထုတ်နိုင်ရေးတို့ကို ဆွေးနွေးဟောပြောစဉ်။ ဝရဇိန်(ပေါင်)

## အင်းတော်မြို့နယ် မဲဇာချောင်းကူးသံကူကွန်ကရစ်တံတား ကိုယ့်အားကိုယ်ကိုးတည်ဆောက်



**စစ်ကိုင်း မတ် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် ပင်သချေကျေးရွာအနီး မဲဇာချောင်းကူးသံကူကွန်ကရစ်တံတားအား ဒေသခံများမှ ကိုယ့်အားကိုယ်ကိုးတည်ဆောက်နေကြောင်း သိရသည်။

အဆိုပါ ဒေသသည် မိုးတွင်းကာလတွင် မဲဇာချောင်း ရေကြီးလာလျှင် လမ်းပန်းဆက်သွယ်ရေးပြတ်တောက်ပြီး မြို့နှင့်အဆက်သွယ်ပြတ်ကာ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးကဏ္ဍများတွင် အခက်အခဲနှင့် ရင်ဆိုင်နေရပြီး ကျောင်းသားကျောင်းသူများ၏ပညာရေးတွင်လည်း အဟန့်အတားတစ်ခုလို ကြုံတွေ့နေရကြောင်း သိရသည်။

နှစ်စဉ်နွေရာသီ မဲဇာချောင်းရေနည်းပါးချိန်တွင် ယာယီလူကူးတံတား တည်ဆောက်ကြရပြန်သည်။ အဆိုပါ နွေရာသီလူကူးတံတား တည်ဆောက်မည်ဆိုပါက အနည်းဆုံး ငွေကျပ်သိန်း ၃၀ ခန့်ကုန်ကျနေကြောင်း၊ ထိုကုန်ကျငွေသည် တစ်နှစ်တည်းသာမက နှစ်စဉ်နွေရာသီရောက်တိုင်း ပြုလုပ်နေရသဖြင့် ငွေအား၊ လူအားပုံမှန် ကုန်ကျနေသည်ကို ဒေသခံများ နှစ်စဉ်ခံနေရကြောင်း ကိုယ့်အားကိုယ်ကိုး တံတားဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးသောင်းစိန်က ပြောပြသည်။

နိုင်ငံတော်အစိုးရကိုလည်း တင်ပြထားပြီး ယခုအခါ စေတနာရှင်များ၊ အလှူခံမှရရှိငွေများဖြင့် စုပေါင်းကာ မတည်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ တံတားကြီးကို ဒေသခံများနှင့် ပူးပေါင်းဆွေးနွေးတိုင်ပင်ပြီး ဆရာတော်၊ သံဃာတော်များကိုလည်း လျှောက်ထားကြောင်း တံတားဖြစ်မြောက်ရေးကော်မတီအတွင်းရေးမှူး ဦးကျော်ဆွေက တံတားနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယခုတည်ဆောက်နေသည့် တံတားသည် အရှည် ပေ ၆၀၀၊ အကျယ် ပေ ၂၀၊ အမြင့် ၂၇ ပေတည်ရှိပြီး သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်ကြောင်း သိရသည်။

**လူအောင်(ကသာ)**

## နွေရာသီ ယဉ်ကျေးလိမ္မာသင်တန်း ယုဇနဉယျာဉ်မြို့တော်၌ ဖွင့်လှစ်

**ရန်ကုန် မတ် ၂၃**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ် ၉၄ ရပ်ကွက် ယုဇနဉယျာဉ်မြို့တော် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်နှင့်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို) လမ်းညွှန်မှုဖြင့် ၉၄ ရပ်ကွက် သာသနာနုဂ္ဂဟအသင်းမှ စီစဉ်ကျင်းပသည့် ပဉ္စမအကြိမ်မြောက် နွေရာသီယဉ်ကျေးလိမ္မာသင်တန်း ဖွင့်လှစ်ပို့ချသည်။

ရှေးဦးစွာ မြို့နယ်သံဃနာယကဥက္ကဋ္ဌဆရာတော်က သင်တန်းအဖွင့်သြဝါဒမိန့်ကြားတော်မူပြီး မြို့နယ်သာသနာနုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးအေးပိုင်က နွေရာသီကျောင်းပိတ်ရက် အားလပ်ချိန်တွင် ဗုဒ္ဓ၏ အခြေခံအဆုံးအမကို သင်ယူတတ်မြောက်ခြင်းဖြင့် ယဉ်ကျေးလိမ္မာလာစေရန် ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ပို့ချရခြင်းဖြစ်ကြောင်း၊ သင်တန်းတွင် သင်တန်းနည်းပြဆရာ ဆရာမ ရှစ်ဦးက မတ် ၂၂ ရက်မှ ၂၈ ရက်အထိ မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ သင်တန်းသား သင်တန်းသူ ၂၃၀ ကျော်ကို သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**ဦးကျင်မောင်**

## အိမ်မဲမြို့၌ မဟာသင်္ကြန်တွင် ဗဟိုမဏ္ဍပ်ထားရှိ ဖျော်ဖြေမည်

**အိမ်မဲ မတ် ၂၃**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့တွင် ၂၀၁၉ ခုနှစ် မဟာသင်္ကြန်ကို ယခင်နှစ်များနှင့်မတူ ထူးခြားစွာဖြင့် ဗဟိုမဏ္ဍပ်တစ်ခုထားပြီး ယိမ်းအကများနှင့် အခြားဖျော်ဖြေရေးများပါ ထည့်သွင်း၍ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဗဟိုမဏ္ဍပ်ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးရှေ့ နှစ်လမ်းတွင် ထားရှိမည်ဖြစ်ပြီး သက်ဆိုင်ရာ ကျေးရွာ၊ ရပ်ကွက်အလိုက် ယိမ်းအကအလှများဖြင့် ဖျော်ဖြေမည်ဖြစ်ကာ မဟာသင်္ကြန်အတက်နေ့ညတွင် ဆုပေးပွဲကျင်းပသွားမည်ဖြစ်ကြောင်းနှင့် နှစ်ဆန်း ၁ ရက်နေ့တွင် အသက် (၈၅) နှစ် အထက် မြို့ပေါ်ငါးရပ်ကွက်မှ အဘိုးအဘွား ၆၇ ဦးကို သက်ကြီးပူဇော်ပွဲ ပြုလုပ်သွားမည်ဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ သိရသည်။

**ချစ်သက်လယ်(ပြန်/ဆက်)**

## ဖယ်ခုံမြို့ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲကျင်းပ

**ဖယ်ခုံ မတ် ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ် ရီနွဲ့ကျေးရွာအုပ်စု၌ ၁၆ ခုတင်ဆံ့ လအိတိုက်နယ်ဆေးရုံသစ်ဖွင့်ပွဲနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မတ် ၂၂ ရက် နံနက် ၁၁ နာရီက အဆိုပါ ဆေးရုံသစ်တွင် ကျင်းပသည်။

ရှေးဦးစွာ ၁၆ ခုတင်ဆံ့ လအိတိုက်နယ်ဆေးရုံကို ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ပြည်နယ်သစ်တောနှင့် သယံဇာတဝန်ကြီး ဒေါက်တာညီညီအောင်၊ ကယန်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခွန်းအေးမောင်၊ ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသူဇာချစ်တင်၊ ဖယ်ခုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖိုးမောင်၊ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မေရီနွဲ့၊ ပထမအကြိမ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖရန်စစ္စကို၊ ဆေးရုံဖြစ်မြောက်ရေးကော်မတီ နာယက ဦးကျားတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး လအိတိုက်နယ်ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

တိုက်နယ်ဆေးရုံကို ပြည်ထောင်စုအစိုးရခွင့်ပြုရန်ပုံငွေကျပ်သန်း ၆၇၀ ဖြင့် တင်ဒါအောင်မြင်သော ယူနိုက်တက်ပါဝါဝင်းကုမ္ပဏီက တာဝန်ယူဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး လအိကျေးရွာရှိ လူဦးရေ ၂၇၀၀ ကျော်နှင့် ပတ်ဝန်းကျင်ရှိ ကျေးရွာပေါင်း ၅၄ ရွာမှ လူဦးရေ နှစ်သောင်းကျော်တို့၏ ကျန်းမာရေးအတွက် မှီခိုအားထားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုထွေး(ဖယ်ခုံ)**

## သီပေါမြို့သန့်ရှင်းသာယာလှပရေး စုပေါင်းအမှိုက်ကောက်

**သီပေါ မတ် ၂၃**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မန္တလေး-သီပေါ-လားရှိုး-မူဆယ်ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ရှေးဟောင်းသမိုင်းဝင် သီပေါမြို့သည် ရှေးဟောင်းသမိုင်းဝင်ဘုရားများ၊ အပန်းဖြေနားခိုစရာ အေးချမ်းမှုများကြောင့် နေ့စဉ်နှင့်အမျှ နိုင်ငံခြားခရီးသွားများ၊ ပြည်တွင်း ဧည့်သည်များနှင့် စည်ကားလျက်ရှိသည်။ သီပေါမြို့သည် ပြည်တွင်း၊ ပြည်ပခရီးသွားများ အဝင်၊ အထွက်များရာ နေရာဖြစ်သဖြင့် မြို့၏ပုံရိပ် ပိုမိုကောင်းမွန်စေရန် သီပေါဒုဋ္ဌဝတီမြစ်တံတားကြီးအောက် မြစ်ကမ်းနံဘေးရှိ အမှိုက်များကို ပညာရေးဌာနမိသားစု၊ အကျိုးဆောင်လူငယ်များ၊ လူမှုကူညီရေးပရဟိတအသင်းများ၊ မြို့နယ်ကင်းထောက်လူငယ်မောင်မယ်များနှင့် မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများ ပူးပေါင်း၍ မြို့သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းအမှိုက်ကောက်သန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် စိမ်းလန်းစိုပြည်ရေးတို့အတွက် အမှိုက်များကို စနစ်တကျစွန့်ပစ်ကြရန်၊ ချောင်း၊ မြောင်း၊ ရေကြောင်းများအတွင်း တာဝန်မဲ့စွာ အမှိုက်မပစ်ကြရန် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

## ပထမအကြိမ် အင်းလျားလမ်း လမ်းလျှောက်မဟာသင်္ကြန်ပွဲတော် ကျင်းပမည်

**ရန်ကုန် မတ် ၂၃**

ရန်ကုန်မြို့တွင် ပထမဦးဆုံးအကြိမ်အဖြစ် ၁၃၈၀ ပြည့်နှစ် မြန်မာ့ရိုးရာ အင်းလျားလမ်း လမ်းလျှောက်မဟာသင်္ကြန်ပွဲတော်ကို ရန်ကုန်မြို့၏ အထင်ကရနေရာဖြစ်သော အင်းလျားလမ်းတစ်လျှောက်၌ လေးရက်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ၁၃၈၀ ပြည့်နှစ် မြန်မာ့ရိုးရာ အင်းလျားလမ်း လမ်းလျှောက်မဟာသင်္ကြန်ပွဲတော် ကျင်းပရေးကော်မတီမှ သိရသည်။

အဆိုပါ မြန်မာ့ရိုးရာ အင်းလျားလမ်း လမ်းလျှောက်မဟာသင်္ကြန်ပွဲတော်အား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် မြတ်မေတ္တာမွန်ကုမ္ပဏီမှ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ပွဲတော်အား တက္ကသိုလ်ရိပ်သာလမ်းမှ ပြည်လမ်းအထိ အင်းလျားလမ်းတစ်လျှောက်နှင့် ပြည်လမ်း အင်းလျားကန်ပေါင်တစ်လျှောက်တွင် ကျင်းပမည်ဖြစ်ကာ ဝင်ပေါက်မုခ်ဦးအား တက္ကသိုလ်ရိပ်သာလမ်းနှင့် အင်းလျားလမ်းအဝင်အဝတွင် တစ်ခု၊ ပြည်လမ်းနှင့် အင်းလျားလမ်းအဝင်အဝတွင် တစ်ခုဖြင့် စုစုပေါင်းမုခ်ဦး နှစ်ခုထားရှိမည်ဖြစ်ကြောင်း သိရသည်။

ပွဲတော်လာရောက်လည်ပတ်ကြသော ပြည်သူများယာဉ်ရပ်နားရန်နေရာများ အဆင်ပြေစေရန်အတွက် ယာဉ်ရပ်နားကွင်းခြောက်နေရာကို စီစဉ်ထားကြောင်း ပွဲတော်ကျင်းပရေးကော်မတီထံမှ သိရသည်။ **ပွင့်သစ္စာ**

## သောက်သုံးရေရှားပါးသည့်ကျေးရွာများသို့ သောက်သုံးရေများ လှူဒါန်း




**ညောင်ဦး မတ် ၂၃**

ရာသီဥတု ပူပြင်းလာမှုနှင့်အတူ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကောင်းညိုကျေးရွာနှင့် လက်ပံပင်တဲတိုက်တို့တွင် ဒေသခံကျေးလက်နေ ပြည်သူများ သောက်သုံးရေရှားပါးမှု အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေကြောင်း သိရှိရသဖြင့် ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာ ဖြူစင်မေတ္တာ ပရဟိတရေလှူအသင်းနှင့် သုမင်္ဂလာပရဟိတရေလှူအသင်းတို့ ပူးပေါင်းအဖွဲ့က မတ် ၂၁ ရက် နံနက်ပိုင်းက ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးခဲ့သည်။

"ကျွန်မတို့ ညောင်ဦးမြို့နယ်က အပူပိုင်းဒေသ မိုးနည်းရပ်ဝန်းဒေသမှာ ပါဝင်နေတဲ့အတွက်ကြောင့် အခုလို ပူပြင်းခြောက်သွေ့တဲ့ နွေရာသီအချိန်ရောက်ပြီဆိုရင် ကျေးရွာအများစု သောက်သုံးရေရှားပါးမှုတွေ နှစ်စဉ်ကြုံတွေ့နေရတာ ဖြစ်ပါတယ်။ တချို့ကျေးရွာဆိုရင်လည်း အဝီစိစက်ရေတွင်းရှိပေမယ့် ရေချိုမရရှိလို့ အခက်ကြုံတွေ့နေကြရပါတယ်။ အဝီစိစက်ရေတွင်းက ရေချိုထွက်ရှိတဲ့ ကျေးရွာတွေကျတော့လည်း အိမ်ထောင်စု လူဦးရေတွေများပြီး ကျွဲ၊ နွားတိရစ္ဆာန်တွေလည်း မွေးမြူထားတော့ သောက်သုံးရေက မလောက်ဘူး ဖြစ်နေကြတယ်။ ယခုနှစ်က ကျွန်မတို့ မြို့နယ်မှာ မိုးရွာသွန်းမှုကလည်း လျော့နည်းခဲ့တော့ ကျေးရွာ တော်တော်များများမှာရှိတဲ့ မြေသားမိုးရေလှောင်ကန်ကြီးတွေမှာ မိုးရေဝင်ရောက်မှုတွေ နည်းပါးပြီး ဆောလျင်စွာ ရေခန်းခြောက်မှုတွေ ဖြစ်ခဲ့ပါတယ်။ ဒါကြောင့် အခုလို နွေရာသီရောက်ပြီဆိုတာနဲ့ ညောင်ဦးမြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာတွေမှာ နှစ်စဉ် သောက်သုံးရေ ရှားပါးမှုပြဿနာတွေ ကြုံတွေ့နေရပါတယ်"ဟု လက်ပံပင်တဲတိုက်ရှိ ဒေသခံပြည်သူတစ်ဦးက ပြောပြသည်။


**ရဲဝင်းနိုင် (ညောင်ဦး)**













# စားသုံးသူကာကွယ်ရေးဥပဒေ ပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

**အခန်း(၁၇)**

**ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုအပေါ်တာဝန်ရှိမှု**

၃၅။ စားသုံးသူသည် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို အသုံးပြုခြင်းကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်လာပါက အောက်ပါပုဂ္ဂိုလ်များတွင် တာဝန်ရှိသည်-

(က) ကုန်စည်ရောင်းချသူ သို့မဟုတ် ဝန်ဆောင်မှုပေးသည့်စီးပွားရေးလုပ်ငန်းရှင်၊

(ခ) ကုန်စည်ထုတ်လုပ်သူ၊

(ဂ) ကုန်စည်ပေါ်တွင်လူပုဂ္ဂိုလ်အမည်၊ ကုန်အမှတ်တံဆိပ် သို့မဟုတ် အခြားထင်ရှားသော အမှတ်အသားများကို အသုံးပြုခွင့်ရှိသူ၊

(ဃ) ပြည်ပမှကုန်စည်များ တင်သွင်းလာပြီး ပြည်တွင်းရှိစားသုံးသူများအား ပြန်လည်ရောင်းချဖြန့်ဖြူးသူ၊

(င) တစ်ဆင့်ပြန်လည်ရောင်းချဖြန့်ဖြူးသူ၊

(စ) ပြည်တွင်း၌ဖြစ်စေ၊ ပြည်ပနိုင်ငံ တစ်ခုခု၌ဖြစ်စေ ဝန်ဆောင်မှုကို ပြည်တွင်းစားသုံးသူများအတွက် ကြားခံဝန်ဆောင်မှုပေးသည့် လုပ်ငန်းလုပ်ကိုင်သူ။

၃၆။ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ဝယ်ယူအသုံးပြုခြင်းကြောင့် အာမခံပေးထားသည့်ကာလအတွင်း စားသုံးသူနစ်နာဆုံးရှုံးမှုများဖြစ်ပေါ်လာပါက အောက်ပါပုဂ္ဂိုလ်များတွင် တာဝန်ရှိသည် -

(က) ကုန်စည်ရောင်းချသူ သို့မဟုတ် ဝန်ဆောင်မှုပေးသည့်စီးပွားရေးလုပ်ငန်းရှင်၊

(ခ) ကုန်စည်ထုတ်လုပ်သူ၊

(ဂ) ကုန်စည်ပေါ်တွင် လူပုဂ္ဂိုလ်အမည်၊ ကုန်အမှတ်တံဆိပ် သို့မဟုတ် အခြားထင်ရှားသော အမှတ်အသားများကို အသုံးပြုခွင့်ရှိသူ၊

(ဃ) ပြည်ပမှကုန်စည်များ တင်သွင်းလာပြီး ပြည်တွင်းရှိ စားသုံးသူများအား ပြန်လည်ရောင်းချဖြန့်ဖြူးသူ၊

(င) တစ်ဆင့်ပြန်လည်ရောင်းချဖြန့်ဖြူးသူ၊

(စ) ပြည်တွင်း၌ ဖြစ်စေ၊ ပြည်ပနိုင်ငံတစ်ခုခု၌ဖြစ်စေ ဝန်ဆောင်မှုကို ပြည်တွင်းစားသုံးသူများအတွက် ကြားခံဝန်ဆောင်မှုပေးသည့် လုပ်ငန်းလုပ်ကိုင်သူ။

၃၇။ မည်သည့်စီးပွားရေးလုပ်ငန်းရှင်မဆို ယင်း၏ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို အခြားစီးပွားရေးလုပ်ငန်းရှင် တစ်ဦးဦးသို့ လွှဲပြောင်းရောင်းချရာတွင် အောက်ပါအခြေအနေတစ်ရပ်ရပ်ပေါ်ပေါက်သည့်အခါ လွှဲပြောင်းရောင်းချသူ စီးပွားရေးလုပ်ငန်းရှင်က ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့် စပ်လျဉ်းသည့် နစ်နာဆုံးရှုံးမှုများကို ဖြေရှင်းဆောင်ရွက်ရမည်-

(က) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ပြုပြင်မွမ်းမံခြင်းမပြုလုပ်ဘဲ မူလအတိုင်းရောင်းချခြင်း၊

(ခ) ကုန်သွယ်ရောင်းဝယ်မှုပြုလုပ်သည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများကို ပြုပြင်မွမ်းမံခြင်း သို့မဟုတ် နမူနာပုံစံ၊ အရည်အသွေး၊ ဖွဲ့စည်းပုံတို့နှင့် ကိုက်ညီမှုမရှိခြင်းများကို သိရှိခြင်းမရှိဘဲ ကုန်သွယ်ရောင်းဝယ်မှုပြုခြင်း။

၃၈။ မည်သည့်စီးပွားရေးလုပ်ငန်းရှင်မဆို ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ပြုပြင်မွမ်းမံပြီး သို့မဟုတ် ပြုပြင်ပြောင်းလဲပြီးမှ စားသုံးသူသို့ ရောင်းချခြင်းပြုလျှင် ယင်းကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်းသည့် နစ်နာဆုံးရှုံးမှုများကို ဖြေရှင်းရန် တာဝန်ရှိသည်။

၃၉။ မည်သည့်စီးပွားရေးလုပ်ငန်းရှင်မဆို စားသုံးသူများအတွက်ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို အသုံးပြုနိုင်သည့်ကာလ သို့မဟုတ် အာမခံပေးထားသည့်ကာလ သက်တမ်းအတွင်း အပိုပစ္စည်းများရရှိနိုင်ရေး ဆောင်ရွက်ပေးခြင်း၊ ရောင်းချပြီးနောက် လိုအပ်သောဝန်ဆောင်မှုများ ထပ်မံပေးခြင်းနှင့် သဘောတူညီချက်တွင်ပါရှိသည့် အာမခံချက်နှင့်အညီ ဆောင်ရွက်ခြင်းပြုရမည်။

၄၀။ ပုဒ်မ ၃၇၊ ၃၈ နှင့် ၃၉ တို့အရ နစ်နာဆုံးရှုံးမှုအတွက် စီးပွားရေးလုပ်ငန်းရှင်နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသော ပုဂ္ဂိုလ်များတွင် တာဝန်ရှိပါက ပူးတွဲ၍ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ တာဝန်ယူဆောင်ရွက်ပေးရမည်။

**အခန်း (၁၈)**

**ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်း**

၄၁။ စီးပွားရေးလုပ်ငန်းရှင်သည် ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းနှင့်စပ်လျဉ်း၍ ကုန်စည်အမျိုးအစားအလိုက် သတ်မှတ်ချက်များနှင့်အညီ အောက်ပါတို့ကို သိသာထင်ရှားစွာဖော်ပြရမည်-

(က) ကုန်စည်၏တံဆိပ်အမှတ်အသား၊

(ခ) ကုန်စည်၏အမျိုးအမည်၊ အရွယ်အစား၊ အရေအတွက်နှင့် အသားတင်ပမာဏ၊ ထားသိုသိမ်းဆည်းမှုအညွှန်း၊ သုံးစွဲပုံနည်းလမ်း၊

(ဂ) ထုတ်လုပ်သည့်ရက်စွဲနှင့် သက်တမ်းကုန်ဆုံးသည့်ရက်စွဲ၊ ထုတ်လုပ်မှုအမှတ်စဉ်၊

(ဃ) ပြည်တွင်းသို့ တင်သွင်းလာသော ကုန်စည်ဖြစ်ပါက တင်သွင်းသူ၏ အမည်နှင့်လိပ်စာ၊ ထုတ်လုပ်သည့်လုပ်ငန်းအမည်နှင့် လိပ်စာ၊

(င) ထုတ်လုပ်သည့်နေရာ သို့မဟုတ် ပြည်ပမှကုန်စည်များတင်သွင်းပြီး ပြန်လည်ထုပ်ပိုးသည့်နေရာ၊

(စ) ကုန်စည်တွင်ပါဝင်သော ကုန်ကြမ်းပစ္စည်း အမျိုးအမည်များနှင့် ပစ္စည်းများ၏ပမာဏ၊ ပါဝင်မှုအချိုးအစား၊

(ဆ) ကျန်းမာရေးဆိုင်ရာဘေးထွက်ဆိုးကျိုး သို့မဟုတ် ဓာတ်မတည့်ကြောင်း ဖော်ပြချက်နှင့် ကြိုတင်သတိပေးချက်၊

(ဇ) သက်ဆိုင်ရာအစိုးရဌာနများက ဖော်ပြရန် သတ်မှတ်ထားသော အချက်အလက်များ။

၄၂။ မည်သည့်စီးပွားရေးလုပ်ငန်းရှင်မဆို ကုန်စည်တွင် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ သိပ္ပံနည်းကျသုတေသနပြုဆောင်ရွက်ချက်နှင့်ကျန်းမာရေး အာဟာရဆိုင်ရာ အာမခံချက်များဖော်ပြနိုင်သည်။

၄၃။ မည်သည့်စီးပွားရေးလုပ်ငန်းရှင်မဆို ပုဒ်မ ၄၁၊ ပုဒ်မခွဲ (ခ) နှင့် (ဆ) တို့ပါ ကုန်အညွှန်းအမှတ်အသား ဖော်ပြရာတွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ တွဲလျက်ဖြစ်စေ ရေးသားဖော်ပြရမည်။

**အခန်း(၁၉)**

**တိုင်ကြားခြင်းနှင့် စိစစ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ခြင်း**

**တိုင်ကြားခြင်း**

၄၄။ အောက်ပါပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုသည်စားသုံးသူ၏ နစ်နာဆုံးရှုံးမှုတစ်ရပ်ရပ်ကို တိုင်ကြားလိုပါက လူကိုယ်တိုင်သော်လည်းကောင်း၊ လူထုဆက်သွယ်ရေးနည်းလမ်းတစ်ခုခုဖြင့်သော်လည်းကောင်း သက်ဆိုင်ရာဦးစီးမှူးရုံးသို့ သက်သေခံအထောက်အထားနှင့်အတူ တိုင်ကြားနိုင်သည်-

(က) နစ်နာသည့်စားသုံးသူ၊

(ခ) နစ်နာသည့်စားသုံးသူ၏မိသားစုဝင်များ၊

(ဂ) နစ်နာသည့်စားသုံးသူနှင့်ဆက်နွှယ်သောပုဂ္ဂိုလ်များ၊

(ဃ) အစိုးရဌာနအဖွဲ့အစည်းများ၊

(င) စားသုံးသူကာကွယ်ရေးဆိုင်ရာအသင်းအဖွဲ့များ။

**စိစစ်ဆောင်ရွက်ခြင်း**

၄၅။ သက်ဆိုင်ရာဦးစီးမှူးရုံးသည် ပုဒ်မ ၄၄ အရ တိုင်ကြားလာသော ကိစ္စများနှင့် စပ်လျဉ်း၍ သက်သေခံအထောက်အထားများ ပြည့်စုံမှန်ကန်မှုရှိစေရေးအတွက် အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) တိုင်ကြားမှုနှင့်စပ်လျဉ်း၍မှန်ကန်မှုရှိ၊ မရှိစိစစ်ခြင်း၊

(ခ) ပြည့်စုံမှန်ကန်မှုမရှိသောတိုင်ကြားမှုနှင့် စပ်လျဉ်း၍ ပြည့်စုံမှန်ကန်စေရေးအတွက် ဆောင်ရွက်စေခြင်း၊

(ဂ) လူထုဆက်သွယ်ရေးနည်းလမ်းတစ်ခုခုဖြင့် တိုင်ကြားမှုနှင့် စပ်လျဉ်း၍ အရေးယူဆောင်ရွက်နိုင်ရန် မှတ်တမ်းရယူခြင်း။

**ညှိနှိုင်းဖြေရှင်းပေးခြင်း**

၄၆။ သက်ဆိုင်ရာဦးစီးမှူးရုံးသည်ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ဇ) အရစစ်ဆေးရေးအရာရှိက တင်ပြလာသည့် စုံစမ်းစစ်ဆေးမှုနှင့် စပ်လျဉ်း၍ စားသုံးသူနှင့်စီးပွားရေးလုပ်ငန်းရှင်တို့အကြား ညှိနှိုင်းဖြေရှင်းပေးနိုင်ရန် အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) စုံစမ်းစစ်ဆေးခဲ့မှုနှင့်စပ်လျဉ်း၍ လိုအပ်သော စာရွက်စာတမ်းများနှင့် အခြားသက်သေခံပစ္စည်းများကိုစစ်ဆေးခြင်း၊

(ခ) တိုင်ကြားခံရသည့် စီးပွားရေးလုပ်ငန်းရှင် သို့မဟုတ် ယင်း၏တရားဝင်ကိုယ်စားလှယ်ကို ညှိနှိုင်းဖြေရှင်းနိုင်ရန်ခေါ်ယူခြင်း၊

(ဂ) စားသုံးသူတိုင်ကြားမှုကို သိမြင်သောပုဂ္ဂိုလ် သို့မဟုတ် မျက်မြင်သက်သေနှင့် စားသုံးသူကာကွယ်ရေးဆိုင်ရာကို သိရှိသော ကျွမ်းကျင်သူများရှေ့တွင် စားသုံးသူနှင့် စီးပွားရေးလုပ်ငန်းရှင် သို့မဟုတ် ယင်း၏ တရားဝင်ကိုယ်စားလှယ်တို့ကို ခေါ်ယူစစ်ဆေးခြင်း၊

(ဃ) တိုင်ကြားခံရသည့် စီးပွားရေးလုပ်ငန်းရှင် သို့မဟုတ် ယင်း၏ တရားဝင်ကိုယ်စားလှယ်သည် ဆင့်ခေါ်ရာသို့ လာရောက်ခြင်း မရှိပါက တစ်ဖက်သတ်စစ်ဆေးဆုံးဖြတ်ခွင့်ရှိခြင်း၊

(င) စားသုံးသူဘက်မှ နစ်နာဆုံးရှုံးမှုရှိ၊ မရှိစစ်ဆေးခြင်းနှင့် ညှိနှိုင်းဖြေရှင်းပေးခြင်း၊

(စ) တိုင်ကြားမှုနှင့်စပ်လျဉ်း၍ ကျူးလွန်ဖောက်ဖျက်သော စီးပွားရေးလုပ်ငန်းရှင်ကို စားသုံးသူကာကွယ်ရေးနှင့်စပ်လျဉ်းသော သဘောတူညီချက်ကို အသိပေးအကြောင်းကြားခြင်း၊

(ဆ) ပုဒ်မခွဲ (စ) အရ သဘောတူညီချက်ကို လိုက်နာခြင်းမရှိပါက ကော်မတီသို့တင်ပြခြင်း။

၄၇။ သက်ဆိုင်ရာဦးစီးမှူးရုံးသည် ပုဒ်မ ၄၆ ပါ ညှိနှိုင်းဖြေရှင်းပေးခြင်းများကို မှတ်တမ်းတင်ထားရှိရမည်။

၄၈။ သက်ဆိုင်ရာဦးစီးမှူးရုံးသည် တိုင်ကြားမှုနှင့်စပ်လျဉ်း၍ ညှိနှိုင်းဖြေရှင်းပေးခြင်း လုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် လျှို့ဝှက်ထားရမည့် သတင်းအချက်အလက်များကို လျှို့ဝှက်အနေဖြင့် ဆောင်ရွက်ရမည်။ သို့သော် အဆိုပါအချက်အလက်များကို ကော်မတီ၊ ကော်မရှင် သို့မဟုတ် တရားရုံးတစ်ခုခုက သက်သေခံအထောက်အထားများအဖြစ် တောင်းခံလာပါက ပေးပို့ပိုင်ခွင့်ရှိသည်။

၄၉။ သက်ဆိုင်ရာဦးစီးမှူးရုံးသည် ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ဇ) အရစစ်ဆေးရေးအရာရှိက တင်ပြလာသည့် စုံစမ်းစစ်ဆေးမှုနှင့်စပ်လျဉ်း၍ ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ရမည့် တိုင်ကြားမှုများကို သက်ဆိုင်ရာအစိုးရဌာနများသို့ ပေးပို့၍ ပူးပေါင်းညှိနှိုင်းဆောင်ရွက်နိုင်သည်။

၅၀။ စားသုံးသူသည် အကြောင်းခြင်းရာများကို မရိုးမဖြောင့်သော သဘောဖြင့် ထိမ်ချန်၍သော်လည်းကောင်း၊ တစ်ဦးတစ်ယောက်ကို မတရားသော နည်းလမ်းတစ်ခုခုဖြင့် နစ်နာဆုံးရှုံးမှုဖြစ်စေရန် ရည်ရွယ်၍သော်လည်းကောင်း မဟုတ်မမှန်လိမ်လည်တိုင်ကြားခြင်း၊ မမှန်သက်သေထွက်ဆိုခြင်း၊ မမှန်သက်သေခံအထောက်အထား တင်ပြခြင်းပြုပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူခြင်းခံရမည်။

၅၁။ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးကိစ္စနှင့်စပ်လျဉ်းသည့် ကုန်ကျစရိတ်များကို နစ်နာဆုံးရှုံးမှု ဖြစ်ပေါ်စေသူဘက်မှ ကျခံစေရမည်။

**အခန်း(၂၀)**

**စီမံခန့်ခွဲရေးနည်းလမ်းအရအရေးယူခြင်း**

၅၂။ သက်ဆိုင်ရာဦးစီးမှူးရုံးသည် ပုဒ်မ ၂၁ အရ စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များကို လိုက်နာရန်ပျက်ကွက်ကြောင်း သို့မဟုတ် ပုဒ်မ ၂၄၊ ၂၅ နှင့် ၂၇ တို့အရ စားသုံးသူက တောင်းဆိုနိုင်သော အခွင့်အရေးများကို ပေးအပ်ရန် ပျက်ကွက်ကြောင်း စစ်ဆေးတွေ့ရှိလျှင် ဖောက်ဖျက်သည့် မည်သည့်စီးပွားရေးလုပ်ငန်းရှင်ကိုမဆို အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊

(ခ) ပြန်လည်ပြင်ဆင်ပေးစေခြင်း၊

(ဂ) အစားထိုးပေးစေခြင်း၊

(ဃ) ဆုံးရှုံးမှုတန်ဖိုးနှင့်အညီငွေပြန်လည်ပေးစေခြင်း။

၅၃။ ကော်မတီသည် ပုဒ်မ ၂၁၊ ၂၄၊ ၂၅နှင့် ၂၇ တို့ပါ ပြဋ္ဌာန်းချက်နှင့်အခန်း (၂၃) ပါ တားမြစ်ချက်များမှအပ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သည့် မည်သည့်စီးပွားရေးလုပ်ငန်းရှင်ကိုမဆို အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေချမှတ်နိုင်သည်-

(က) နစ်နာမှုများအတွက် သတ်မှတ်ထားသော လျော်ကြေးငွေပေးစေခြင်း၊

(ခ) ဒဏ်ကြေးငွေချမှတ်ခြင်း၊

(ဂ) အငြင်းပွားလျက်ရှိသော ကုန်စည်ရောင်းချခြင်း သို့မဟုတ် ဝန်ဆောင်မှုကို ကာလအကန့်အသတ်ဖြင့် တားမြစ်ခြင်း၊

(ဃ) လုပ်ငန်းလိုင်စင်ယာယီပိတ်သိမ်းခြင်း သို့မဟုတ် အမြဲတမ်းပိတ်သိမ်းခြင်းကို လိုအပ်လျှင် သက်ဆိုင်ရာအစိုးရဌာနက ပြုလုပ်နိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း။

၅၄။ ကော်မတီသည် ပုဒ်မ ၅၃၊ ပုဒ်မခွဲ (ခ) အရချမှတ်ထားသည့်ဒဏ်ကြေးငွေများကို ကော်မရှင်ကသတ်မှတ်သည့်အတိုင်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်။

**အခန်း(၂၁)**

**အယူခံဝင်ခြင်း**

၅၅။ ပုဒ်မ ၅၂ အရ ဦးစီးမှူးရုံးက ချမှတ်သည့်အမိန့်ကို မကျေနပ်သူသည် သက်ဆိုင်ရာကော်မတီသို့လည်းကောင်း၊ ပုဒ်မ ၅၃ အရ ကော်မတီကချမှတ်သည့်အမိန့် သို့မဟုတ် ပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) အရချမှတ်သည့်အမိန့်ကို မကျေနပ်သူသည် ကော်မရှင်သို့လည်းကောင်း အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အသီးသီးအယူခံဝင်ရောက်နိုင်သည်။

၅၆။ (က) ကော်မတီသည် ပုဒ်မ ၅၅ အရ အယူခံမှုတွင် သက်ဆိုင်ရာဦးစီးမှူးရုံးက ချမှတ်ထားသော အမိန့်ကိုအတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(ခ) ကော်မရှင်သည် ကော်မတီက ပုဒ်မ ၅၃ အရ ချမှတ်သောအမိန့်ကို လည်းကောင်း၊ ပုဒ်မခွဲ (က) အရ ချမှတ်သောဆုံးဖြတ်ချက်ကို လည်းကောင်း အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ကော်မရှင်၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

**(ဆက်လက်ဖော်ပြပါမည်)**

# အထူးလှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း







ချစ်ဇနီး **အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခိုင်ခိုင်ဦး** မန်နေဂျင်းဒါရိုက်တာ (MMTM - မြတ်မေတ္တာမွန်ကုမ္ပဏီလီမိတက် ) သည် ( ၇၁ )နှစ်မြောက်လွတ်လပ်ရေးနေ့ (၄.၁.၂၀၁၉) တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ နိုင်ငံတော် သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁/ ၂၀၁၉ )ဖြင့် " **အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ** " ဘွဲ့တံဆိပ်တော်ကို ထိုက်ထိုက်တန်တန် ထပ်ဆင့်ချီးမြှင့်အပ်နှင်းခဲ့ပြီး ( ၂၀.၃.၂၀၁၉ )ရက် နေ့တွင် " **အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဘွဲ့ လက်မှတ်တော်** " အား နိုင်ငံတော်မှပေးအပ် ချီးမြှင့်ခြင်းခံခဲ့ရသည့်အတွက် အတိုင်းမသိ ဝမ်းမြောက်ဂုဏ်ယူမိပါသည်။ နောင်အနာဂတ်တွင်လည်း သက်ရှည်ကျန်းမာ ချမ်းသာစွာဖြင့် ချစ်ရသော ခင်ပွန်း၊ သား၊ သမီး၊ မြေး၊ မြစ် များနှင့်အတူ အမျိုးဘာသာ သာသနာအကျိုးကို အလိုရှိတိုင်း ဆတက်တိုး၍ သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ချစ်သောမိသားစုမှ ဝမ်းမြောက်ပျော်ရွှင်စွာ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

| | | |
|---|---|---|
| ချစ်ခင်ပွန်း | – | Dr. ဝင်းမြင့် ဥက္ကဌ – မြန်မာ့စွမ်းဆောင်ကျွန်းနှင့် မြို့တိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက်၊ အတွင်းရေးမှူး – မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း၊ ဥက္ကဌ– MMTM (မြတ်မေတ္တာမွန်ကုမ္ပဏီလီမိတက် ) |
| ချစ်သားကြီး | – | Dr. ဝေယံမြင့်ညွန့်ဝင်း + မသဲမြတ်ခင် |
| ချစ်မြေးလေး | – | မောင်ဘုန်းမြတ်ဝင်း |
| ချစ်သားငယ် | – | မောင်ထွဋ်ခိုင်ဝင်း + Dr. အေးဖြိုးသူ |
| ချစ်သားထွေး | – | Dr. ထက်ခိုင်ဝင်း |
| ချစ်သားငယ်လေး | – | မောင်သန့်ထိုက်ဝင်း |

# လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၉ ခုနှစ်၊ မတ်လ ၂၀ ရက် နေပြည်တော်တွင် ကျင်းပခဲ့သော
၂၀၁၉ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲတွင်
သီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်ကို ပေးအပ်ချီးမြှင့်ခြင်းခံရသော

## ဦးသိန်းဟန်(ဉက္ကဋ္ဌ)

TOKYO PIPE, Excel Hotel Group, Excel Home Mart

အတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆက်လက်၍ မြန်မာနိုင်ငံအတွင်း အမျိုးဘာသာ၊ သာသနာနှင့် လူမှုရေး၊ စီးပွားရေးလုပ်ငန်းများ ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးဇော်ဝင်း(ဉက္ကဋ္ဌ)
ဇော်ထက်ပိုင်အင်ဂျင်နီယာနှင့် ဆောက်လုပ်ရေးကုမ္ပဏီ

ဦးဘုန်းပိုင်ဦး(ဉက္ကဋ္ဌ)
PAING & PAING GROUP OF CAMPANIES

ဒေါက်တာနေဇော်အောင်(အုပ်ချုပ်မှုဒါရိုက်တာ)
Clover Hotel

ဒေါ်သိင်္ဂီလင်း(ဒုတိယအုပ်ချုပ်မှုဒါရိုက်တာ)
A1 Group of Companies

ဒေါက်တာစိုင်းစီတွမ်ခမ်း(ဉက္ကဋ္ဌ)
Rangoon Co.,Ltd

ဦးဇော်မျိုးသန့်(အုပ်ချုပ်မှုဒါရိုက်တာ)
Shwe Kaba Mg Mg Trading Co.,Ltd

ဦးဇော်မျိုးမြင့်
Queen's Park Hotel

ဒေါ်ချစ်စုဟန်(ဒါရိုက်တာ)
Excel Hotel Group

# လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၉ ခုနှစ်၊ မတ်လ ၂၀ရက် နေပြည်တော်တွင် ကျင်းပခဲ့သော
၂၀၁၉ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲတွင်
**သီရိသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်ကို ပေးအပ်ချီးမြှင့်ခြင်းခံရသော**

## ဒေါ်သိင်္ဂီလင်း(ဒုတိယအုပ်ချုပ်မှုဒါရိုက်တာ)

**A1 Group of Companies**

အတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆက်လက်၍ မြန်မာနိုင်ငံအတွင်း အမျိုးဘာသာ၊ သာသနာနှင့် လူမှုရေး၊ စီးပွားရေးလုပ်ငန်းများ ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးဇော်ဝင်း(ဉက္ကဋ္ဌ)
ဇော်ထက်ပိုင်အင်ဂျင်နီယာနှင့် ဆောက်လုပ်ရေးကုမ္ပဏီ

ဦးဘုန်းပိုင်ဦး(ဉက္ကဋ္ဌ)
PAING & PAING GROUP OF CAMPANIES

ဒေါက်တာနေဇော်အောင်(အုပ်ချုပ်မှုဒါရိုက်တာ)
Clover Hotel

ဒေါက်တာစိုင်းစီတွမ်ခမ်း(ဉက္ကဋ္ဌ)
Rangoon Co.,Ltd


ဦးဇော်မျိုးသန့်(အုပ်ချုပ်မှုဒါရိုက်တာ)
Shwe Kaba Mg Mg Trading Co.,Ltd

ဦးဇော်မျိုးမြင့်
Queen's Park Hotel

ဒေါ်ချစ်စုဟန်(ဒါရိုက်တာ)
Excel Hotel Group


DIAMOND
INYA PALACE
Diamond Inya Palace Condominium Solo Exhibition
"BMW" နောက်ဆုံးပေါ် ကား အသစ်ကြီးနှင့် အခြားတန်ဖိုးကြီး
လက်ဆောင်များစွာ ပိုင်ဆိုင်နိုင်မည့် အခွင့်အရေး
"Diamond Inya Palace"
ကွန်ဒို အရောင်းပြပွဲကြီး
The highest building; Diamond Inya Palace Condo remains as an unique beauty
of Myanmar and locates next to stunning Inya Lake.
The richest fancilities at the ground floor, 6th floor and 22nd floor
will being a paradise world with five-star hotel grade setting.
Time : 8:30 AM - 6:00 PM
Date : 23 March 2019 - 31 Mar ch2019
Location : No.2, U Tun Nyein St, Mayangone Twonship, Yangon
Hot Line : +95-9420097992 , +95-9777898988


mazda
CYCLE & CARRIAGE
CELEBRATING 120 YEARS
We cordially invite you to the
NEW MAZDA 3S YANGON
GRAND OPENING PROMOTION
• 3000 USD Cash Back
• 3 Years Free Maintenance Service
• 3 Years Unlimited Mileage Warranty
• 3 Times Car Grooming and Vehicles Anti-Bacterial Treatment
• 300 USD Accessories Installation Gift
• 1 Year Free Interest (Available on 24th March 2019 ONLY)
Hotline
09 897 837 897
Mazda Myanmar
Address
No. 51, Pyay Road, 7½ Miles, Mayangone Township
Open hours
8:30am - 7:00pm
Monday - Sunday


PRECIOUS

## ဒေါ်တင်တင်နု

**B.A, Diploma in Education**
**အထက်တန်းပြဆရာမ(ငြိမ်း)**
**အမျိုးသားအထက်တန်းကျောင်း (ဖြူးမြို့)**
**အထက(၂)၊ ဒဂုံ (မြို့မ)**

### အသက် (၈၁)နှစ်

ဖြူးမြို့နေ အမိန့်တော်ရရှေ့နေ (ဦးတင်မောင်-ဒေါ်သန်းခင်)တို့၏ သမီး၊ တောင်ငူမြို့နေ (ဦးဘစိုး-ဒေါ်သိန်းညွန့်)တို့၏ သမီးချွေးမ၊ အမေရိကန်ပြည်ထောင်စုနေ ဦးစိုးသိန်း၏ ချစ်လှစွာသောဇနီး၊ ဒေါက်တာဖွံ့ဖြိုး-ဒေါက်တာယုယုအောင်၊ ဦးအံ့ကြွယ်-Sathaporn Saengjit၊ ဦးကျော်မျိုးလှိုင်-ဒေါ်ရည်မွန်အေး၊ ဒေါက်တာအေးပြည့်စုံ၊ ဦးထင်အောင်မြင်၊ ဦးဇွဲပိုင်-ဒေါ်သဲစုမွန်တို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏ အဘွားသည် ၁၉-၃-၂၀၁၉ (အင်္ဂါနေ့) အမေရိကန်အရှေ့ပိုင်း ဒေသစံတော်ချိန် ည ၁၁း၃၆ နာရီတွင် အမေရိကန်ပြည်ထောင်စု၊ ဗာဂျီးနီးယားပြည်နယ်၌ ကွယ်လွန်သွားပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်မြင့်မြင့်ခင် (ခ) MASISE HLA AUNG

**မော်လမြိုင် ကွန်ဗင်းနှင့် အောင်သိပ္ပံကျောင်းသူဟောင်း**

### အသက် (၈၀)

ရန်ကုန်မြို့ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၃)ရပ်ကွက်၊ ပုဂံ(၂)လမ်းနေ (ဦးစောလှအောင်-ဒေါ်မြသင်)တို့၏သမီးကြီး၊ (ဦးဘိုးကြင်-ဒေါ်ဖွားကြင်)တို့၏သမီးချွေးမ၊ ဦးတင်စိန်၏ဇနီး၊ (ဦးကျော်ဦး)-ဒေါ်ကြည်ကြည်ညွန့်၊ ဦးအောင်ကျော်-ဒေါ်ခင်မျိုးမြင့်၊ အရာခံဗိုလ်အောင်မော်(အဆရ-၉)-ဒေါ်ဝင်းဝင်းမြိုင်၊ (ဦးဇော်သွေးလင်း)-ဒေါ်မော်မော်သန်း၊ ဗိုလ်မှူးအောင်သော်(ငြိမ်း)-ဒေါ်ဝင်းဝင်းမူ(အထက၊ ပြည်စံအောင်)၊ ဦးအောင်ဇော်ထွေး-ဒေါ်စန္ဒာဦးတို့၏မိခင်၊ မြေး ၁၃ ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွား ဒေါ်မြင့်မြင့်ခင်သည် ၂၂-၃-၂၀၁၉ ရက် နံနက် ၃း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ကျိုစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၃-၂၀၁၉ (ကြာသပတေးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

**ရဟန်း၊ ကျောင်း ဒါယိကာမ**

## မစုလှိုင်ဝင်း (ခ) ချစ်စု

### အသက် (၄၁) နှစ်

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ (ချ-၁/၁၁၂)နေ ဦးခင်မောင်ဝင်း(ခ)ဦးလူပေါ်-ဒေါ်ရီရီလှိုင်(ခ)ဒေါ်တရုတ်မတို့၏သမီးကြီး၊ ဦးလှကြိုင်-ဒေါ်အေးတို့၏ သမီးချွေးမ၊ ဦးထွန်းအောင်-ဒေါ်နီလှိုင်တို့၏တူမ၊ ကိုသိန်းသန်းဝင်း-မသဲစုဝင်း(ခ)ဘဲဥမ၊ မဝင့်ဝါနိုင်(ခ)ဝါဝါ၊ မောင်ဆန်းထွန်းကျော်(ခ)ဖိုးသား၊ မောင်ဖြိုးသီဟကျော် (ခ) ဖိုးခွားတို့၏အစ်မ၊ မောင်ကျော်ဆန်းထွန်း၊ မရွှေရည်ဖွေးဖွေး (ခ)ဖွေးဖွေးတို့၏ မွေးသမိခင်၊ ကိုငယ်ငယ်ထွန်း၏ ချစ်လှစွာသောဇနီးသည် ၂၃-၃-၂၀၁၉ (စနေနေ့) ညနေ ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် နေအိမ်မှ တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**ကော့သောင်းမြို့နယ်အသင်း(ရန်ကုန်)**

## ဒေါ်မြစိန် (ကော့သောင်း)

### အသက် (၈၀)

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ ပိတောက်ရွှေဝါရပ်ကွက်၊ ရွှေမင်းဝံ(၃)လမ်းနေ (ဦးမောင်ရီ-ဒေါ်လှတင်)တို့၏သမီး၊ [ဦးဝင်းရွှေ(ရဲအုပ်-ငြိမ်း၊ သတင်းတပ်ဖွဲ့)]၏ဇနီး၊ ဦးမင်းလွင် (မြို့နယ်အုပ်ချုပ်ရေးမှူး၊ ကျောက်ကြီးမြို့နယ်ထွေ/အုပ်)-ဒေါ်အေးမာ (ကော့သောင်းမြို့နယ် ထွေ/အုပ်-ငြိမ်း)၊ [ဦးဌေးလွင်(ခ)ဖိုးဌေး]၊ [ဦးဆန်နီ (မြို့နယ်ထွေ/အုပ်-ငြိမ်း)-ဒေါ်ခင်ဌေးဝင်း]၊ ဦးကံစိုးဝင်း(ခ)စိုးစိုး (JP Bar)-ဒေါ်စုစုမာ (အထက-၁၊ ကော့သောင်း)၊ ဒေါ်စန်းစန်းထွေး (အထက-၁၊ ကော့သောင်း)၊ ဦးညီညီထွေး-ဒေါ်သူဇာလွင်တို့၏မိခင်၊ မြေး ၁၀ ယောက်၊ မြစ်တစ်ယောက်တို့၏အဘွား ဒေါ်မြစိန်သည် ၂၂-၃-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၃-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ကော့သောင်းမြို့ ရွှေပြည်သာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ အသင်းသား/အသင်းသူများအား အသိပေးအကြောင်းကြားအပ်ပါသည်။ အလုပ်အမှုဆောင်အဖွဲ့

---

## ဒေါ်ခင်မြဦး (အိမ်မဲ)

**ကုန်သွယ်/လယ်ယာ (ငြိမ်း)**

### အသက် (၈၀)

အိမ်မဲမြို့နေ (ဦးမောင်သော်-ဒေါ်ခင်ကြည်)တို့၏သမီးကြီး၊ ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်၊ (၅၄)လမ်း၊ အမှတ်(၄၃)၊ ပထမထပ်နေ ဒေါ်ကြူကြူ။ ဦးစိုးမောင် (ဒုညွှန်မှူး-ငြိမ်း၊ စည်ပင်ဦးစီး)-(ဒေါ်ကြည်ကြည်မာ)၊ ဒေါ်ရီရီမာ(ဒု-ညွှန်မှူး၊ ငြိမ်း၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန)တို့၏ အစ်မကြီး၊ ဦးဖြိုးပိုင်စိုး (MD-မာန်ဘုန်းပိုင်ကုမ္ပဏီ)-ဒေါ်သီရိကျော်လွင်တို့၏အဒေါ်၊ မောင်သုတနေထက်၊ မောင်သုတဉာဏ်ထက်တို့၏ ဘွားဘွားကြီးသည် ၂၃-၃-၂၀၁၉ (စနေနေ့) နံနက် ၀၀း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၃-၂၀၁၉ (တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

## ဦးသိန်းအောင်

**(ဘိုကလေး)**

### အသက် (၈၂) နှစ်

ဘိုကလေးမြို့နေ (ဦးဘစိန်-ဒေါ်မယ်မတ်)တို့၏သား၊ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းလှိုင်အိမ်ရာ၊ တိုက်(၆)၊ အခန်း(၄၉)နေ ဒေါ်ကြင်မြင့်၏ခင်ပွန်းသည် ၂၂-၃-၂၀၁၉ (သောကြာနေ့) ည ၈း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်စိန်

**(ကျောက်ဖြူ/လေးတောင်)**

### အသက် (၇၂) နှစ်

ရမ်းဗြဲမြို့နယ်၊ လေးတောင်တိုက်နယ်၊ ဇရပ်ပြင်ကျေးရွာအုပ်စု၊ နဂါးစံပြကျေးရွာနေ (ဦးမောင်လုံး-ဒေါ်မေလုံးချေ)တို့၏ သမီး၊ (ဦးဘိုးသာဦး-ဒေါ်ဦးခင်)၊ (ဦးင/တောက်)-ဒေါ်စိန်သန်းမတို့၏ ညီမ၊ ဦးကုမာရ (တောင်ကြီး)၊ (ဦးသာထွန်း)၊ (ဒေါ်အောင်ညွန့်မ)၊ ဦးမြရွှေ (CE POSH OFFShore)-ဒေါ်ရီရီအောင် (လ/ထ ညွှန်မှူး-ငြိမ်း၊ တရားရုံးချုပ်)တို့၏ အစ်မ ဒေါ်ခင်စိန်သည် ၂၂-၃-၂၀၁၉ (သောကြာနေ့) ညနေ ၅း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၃-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၃-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အမှတ်(၉၃)၊ နှင်းဆီနီလမ်း၊ ရပ်ကွက်(၃၀)၊ သုဝဏ္ဏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

**ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ရဲမှူးတင်လှိုင် (မှူခင်းရဲတပ်ဖွဲ့-ငြိမ်း)

**ရဲအရာရှိငယ်သင်တန်းအမှတ်စဉ်(၁/၆၅)၊ ဖောင်ကြီး**

### အသက် (၈၃) နှစ်

ရန်ကုန်မြို့ သမိုင်း၊ ဦးဖိုးမှန်လမ်းနေ (ဦးဘိုးရင်-ဒေါ်စောတင်)တို့၏သား၊ အင်းစိန်မြို့နယ်၊ ဈေးကုန်းအနောက်ရပ်ကွက်၊ မာဃလမ်း၊ (A)လမ်း၊ အမှတ်(၇၃)နေ [ရဲမှူးအုန်းဖေ(စီအိုင်ဒီ-ငြိမ်း)]-ဒေါ်ညွှန့်တို့၏ သားသမက်၊ ရဲမှူးအောင်မြင့်ဦး (ရပ်စောက်မြို့နယ်ရဲတပ်ဖွဲ့မှူး)-ဒေါ်လှဲ့လှဲ့ဝင်း၊ ဦးသက်လွင်-ဒေါ်စန်းစန်းမာ၊ ရဲမှူးထွန်းထွန်းဝင်း(သတင်းရဲတပ်ဖွဲ့)-ရဲမှူးလှလှဝင်း(သတင်းရဲတပ်ဖွဲ့)၊ ဦးအောင်သူမြင့်-ဒေါ်မြင့်မြင့်လှိုင်၊ ဒေါ်အေးအေးလှိုင်၊ ဦးမင်းဇော်-ဒေါ်စန်းစန်းလှိုင်၊ ဦးချမ်းမြေ့မွန် (GOLDEN DAY MARITIME)-ဒေါ်မော်မော်လွင် (ခ) မပုလဲ၊ ဦးဝင်းထွဋ်လှိုင် (ခ) ကိုဝဏ္ဏ (LIZSTAR SHIPPING)-ဒေါ်ဇင်မာဝင်းထွန်း၊ (ကိုစိုင်းသူရ)တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေး ၁၄ ယောက်တို့၏ဘိုးဘိုးကြီး၊ (ဒေါ်ခင်စောရီ)၏ချစ်လှစွာသောခင်ပွန်း ရဲမှူးတင်လှိုင်(ငြိမ်း)သည် ၂၃-၃-၂၀၁၉ (စနေနေ့) နံနက် ၉း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၃-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

## ဦးသန်းအောင်

**အထွေထွေမန်နေဂျာ(ငြိမ်း)၊ MFTB, KBZ Bank**

### အသက် (၈၃) နှစ်

ရန်ကုန်မြို့ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ မာန်ပြေ (၁၃)လမ်း၊ အမှတ်(၅၄၈)နေ (ဦးဘသွင်-ဒေါ်အေးခင်)တို့၏သား၊ ဒေါ်စန်းမေ၏ခင်ပွန်း၊ ဒေါ်ကြည်ကြည်အောင်၊ ဦးဇော်မြင့်-ဒေါ်ချယ်ရီအောင်၊ ဦးနေလင်းအောင်တို့၏ဖခင်၊ မသက်နှင်းဆု၏အဘိုး၊ (ဦးသန်းထွန်း-ဒေါ်ခင်သောင်းဆွေ)၊ (ဦးစန်းမောင်-ဒေါ်ခင်အေး)တို့၏ညီ၊ (ဦးချစ်ညွန့်)-ဒေါ်တင်လှရီ၊ (ဦးမြင့်ရွှေ)-ဒေါ်နုနုမြိုင်၊ ဦးလှမြင့်-ဒေါ်တင်မြရီတို့၏အစ်ကိုသည် ၂၃-၃-၂၀၁၉ ရက် မွန်းလွဲ ၁၂း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန် သွားပါသဖြင့် ၂၅-၃-၂၀၁၉ (တနင်္လာနေ့) ညနေ ၄ နာရီတွင် ကျိုစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၃-၂၀၁၉ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဦးမောင်မောင်လှ

**ဒုရဲအုပ်စခန်းမှူး (ငြိမ်း)**
**ကိုယ်ပိုင်အမှတ်-၅၇၀၇၆**

### အသက် (၇၄) နှစ်

အငြိမ်းစားခရိုင်ရဲဝန် [ဦးဟန်-ဒေါ်သိန်းကြည်(မိတ္ထီလာ)]တို့၏ သား၊ [ဦးသန်းမောင်-ဒေါ်စိန်ချစ်(ထားဝယ်)]တို့၏သားသမက်၊ [ဒေါ်ခင်ဝင်း (လ/ထ ညွှန်မှူး၊ သူနာပြု)]၏ ခင်ပွန်း၊ ကိုမျိုးမင်းညွန့်၊ ကိုမျိုးမြင့်ဟန်၊ (ကိုဇော်မင်းထွန်း)၊ မအိလှိုင်ဝင်းတို့၏ဖခင်သည် ၂၃-၃-၂၀၁၉ ရက် မွန်းလွဲ ၁၂း၅၀ နာရီတွင် ကွယ်လွန်သွား ပါသဖြင့် ၂၅-၃-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် အမိုးနီသုသာန်၌ သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တံတိုင်း၊ ရေကန်ဒါယိကာမကြီး**

## ဒေါ်ခင်တင့် (မိုးကုတ်)

### အသက် (၆၈) နှစ်

မိုးကုတ်မြို့ ပိတ်စွယ်ရပ်နေ ဦးကိုကြီး၊ ဒေါ်ပြုံး၊ ဦးကိုကြီး-ဒေါ်သီတို့၏ ညီမ၊ ရန်ကုန်မြို့နေ ဒေါ်မြမြသွယ်၊ မိုးကုတ်မြို့ အရှေ့ရွာရပ်နေ ဒေါ်ခင်အုန်းကြည်တို့၏အစ်မ၊ ရန်ကုန်မြို့နေ ကိုဇေယျာထွန်း-မမေနွယ်မောင်မောင်၊ ကိုပြည့်ဖြိုးအောင်-မအဲမီးပုံ၊ ကိုသားငယ်လေး-မနန်းခမ်းနွံတို့၏ အဒေါ်၊ မမေသုခ၊ မခန့်စုသာ၊ မမေရတီကိုတို့၏အဘွား၊ ဦးမောင်ဝင်း၏ ချစ်လှစွာသောဇနီး၊ Dr.သန်းနိုင်စိုး၏ကျေးဇူးရှင်မွေးသမိခင် ဒေါ်ခင်တင့် (မိုးကုတ်)သည် ၂၃-၃-၂၀၁၉ (စနေနေ့) နံနက် ၁၀း၃၇ နာရီတွင် ရန်ကုန်မြို့ ပန်းလှိုင်စီလုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၃-၂၀၁၉ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ကန်ရိပ်မွန်ကွန်ဒို၊ ကန်လမ်း၊ လှိုင်မြို့နယ်နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

## ဒေါ်အေးအေးခိုင်

**သူနာပြုဆရာမကြီး (ငြိမ်း)၊ စစ်သူနာပြုအပတ်စဉ်(၁၂)**
**အထွေထွေရောဂါကုဆေးရုံကြီး (အင်းစိန်)**

### အသက် (၆၀)

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်၊ (၂/က)စံပြရပ်ကွက်နေ ဦးငွေခိုင်-(ဒေါ်တင်ညွန့်)တို့၏သမီး၊ (ဗိုလ်ကြီးမြင့်စိုး-ငြိမ်း)-ဗိုလ်မှူးကြည်ကြည်တင်၊ (ဒုအရာခံဗိုလ်မောင်အေး-ဒေါ်ဌေးဌေး)၊ ဗိုလ်မှူးခင်မောင်ဌေ (ဒုတိယရဲမှူးကြီး-ငြိမ်း)-ဒေါ်စမ်းစမ်းအေး၊ ဦးလှသောင်း-ဒေါ်ရီရီဝေတို့၏ညီမ၊ ဒေါ်ရီရီခိုင်(ဒုတိယညွှန်ကြားမှူးချုပ်၊ ငွေတိုက်ဦး စီးဌာန)၊ ဗိုလ်ကြီးစိုးထွန်း(ငြိမ်း)-ဒေါ်ညွန့်ညွန့်ခိုင်တို့၏ အစ်မ၊ ဗိုလ်ကြီးအောင်ကြီး (DSA၊ အပတ်စဉ်-၄၉)၊ ဗိုလ်ကြီးရဲမင်းသူ(DSMA၊ အပတ်စဉ်-၁၃)၊ မခင်ဝါဝါခိုင်(ဒုတိယနှစ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်)တို့၏ချစ်လှစွာသောမိခင် ဒေါ်အေးအေးခိုင်သည် ၂၃-၃-၂၀၁၉ (စနေနေ့) နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၃-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် အမှတ်(၁) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀) ငြိမ်းအေးဇရပ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

## အနိစ္စ

## တန်စိတ်ကျော်ဝင်း(ခ)ဦးလှဝင်း

**B.A (Law), L.L.B**
**ဗဟိုတရားရုံးရှေ့နေ**

### အသက် (၇၅) နှစ်

ရန်ကုန်မြို့ (၂၁)လမ်း၊ အောက်(၃၅/ဘီ)နေ (တန်ကြူးကိန်း-ဒေါ်ခူရွှေရပ်)တို့၏ သားကြီး၊ တန်ခွန်တီ(ခ)ဒေါ်မြင့်မြင့်ဝင်း၊ တန်ကွမ်တီ(ခ)ဒေါ်ခင်ဝင်း၊ တန်အန်းန(ခ)ဒေါ်ခင်အေးမွန်တို့၏မောင်၊ [တန်စိတ်မွမ်း(ခ)ဦးကြီးခင်]၊ တန်စိတ်ဘု(ခ) ဦးအောင်ခင်တို့၏အစ်ကို၊ မောင်သူရထွဋ်(ခ)သန်းဝင်းဦး-မရင်ရင်လှိုင်၊ မောင်တင်ထွန်းဝင်း-ဒေါက်တာချိုရည်ဝင်း၊ မအေးမြတ်မြတ်သီ-မောင်ကျော်ဝေလင်းတို့၏ ဖခင်၊ မြေး လေးယောက်တို့၏အဘိုးသည် ၂၂-၃-၂၀၁၉ ရက် ညနေ ၄း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၃-၂၀၁၉ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

## ဦးတင်ထွေး

**စိန့်ဂွ္ဂျန်း ၇၆ ကျောင်းသားဟောင်း**

### အသက် (၆၁) နှစ်

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်း မြောက်/ရှေ့ရပ်ကွက်၊ နတ်စင်လမ်း၊ အမှတ် (၁၁၀-3B)နေ (ဦးအုန်းတင်-ဒေါ်ခင်မေ)တို့၏သားငယ်၊ ဦးစိုးသန်း-(ဒေါ်ခင်သန်းမြင့်)၊ (ဦးခင်အုန်း-ဒေါ်ခင်စန်းမြင့်)၊ (ဦးချစ်ဦး)၊ ဦးမြအေး-ဒေါ်ခင်နွယ်ကြည် (မြမဥ္ဇူ ကြက်သွန်ကြော်လုပ်ငန်း)တို့၏ မောင်/ညီငယ်၊ ဒေါ်တင်တင်လှ၏အစ်ကို၊ တူ/တူမ ၁၃ ယောက်တို့၏ဦးလေး ဦးတင်ထွေး (ပွဲတော်အုပ်ပုဇွန်ခြောက်၊ သိမ်ကြီးဈေး)သည် ၂၃-၃-၂၀၁၉ (စနေနေ့) နံနက် ၀၀း၁၅ နာရီတွင် အကယ်ဒမီအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၃-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူညီအစ်ကိုမောင်နှမများ

---

## ဦးတင်ထွေး

**စိန့်ဂွ္ဂျန်း ၇၆ ကျောင်းသားဟောင်း**

### အသက် (၆၁) နှစ်

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်း မြောက်/ရှေ့ရပ်ကွက်၊ နတ်စင်လမ်း၊ အမှတ် (၁၁၀-3B)နေ (ဦးအုန်းတင်-ဒေါ်ခင်မေ)တို့၏ သားငယ်၊ (ဦးအုန်းဖေ)-ဒေါ်မူမူခင်တို့၏သားသမက်၊ ဒေါ်ချယ်ရီ (ပွဲတော်အုပ်ပုဇွန်ခြောက်ဆိုင်)၏ခင်ပွန်း၊ ကိုကျော်ဇင်ညိမ်း-မမာလာမြင့်၊ မောင်ဆက်ပိုင်ထွဏ်းတို့၏မွေးသဖခင်၊ မောင်ဘုန်းသစ်ကျော်၊ မောင်ဘုန်းဟိဏ်းထွဋ်တို့၏ ချစ်လှစွာသောအဘိုး ဦးတင်ထွေးသည် ၂၃-၃-၂၀၁၉ (စနေနေ့) နံနက် ၀၀း၁၅ နာရီတွင် အကယ်ဒမီအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၃-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

## ဦးထိုက်မင်းဝင်း

**ကထိက၊ စက်မှုအင်ဂျင်နီယာဌာန၊ မော်ဘီ-TU**

### အသက် (၄၃) နှစ်

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ အမှတ် (၁၁၅/၃)၊ မီးဒုံးလမ်းနေ ဦးတင်ဝင်း-ဒေါ်ညွှန့်စိန်တို့၏သား၊ (ဦးသန်းထွန်း)-ဒေါ်တင်ရီတို့၏သားသမက်၊ ဒေါ်မြမြမွန် (TU-သန်လျင်)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဇော်မင်းဝင်း၏ အစ်ကို၊ မနေခြည်ရွှန်းလဲ့၊ မဖူးငုံသစ်တို့၏ ဖခင်သည် ၂၃-၃-၂၀၁၉ (စနေနေ့) နံနက် ၁၀း၂၀ နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၃-၂၀၁၉ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
**ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်၊ ရွှေကြူးကျောင်း၏ပဓာနနာယကဆရာတော်**

## ဘဒ္ဒန္တ အာသောက (အစိုးရဓမ္မာစရိယ)

### သိက္ခာတော် (၆၃)ဝါ၊ သက်တော် (၈၃)နှစ်

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်၊ ရွှေကြူးကျောင်းနှင့် ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ပြင်ခရိုင်ကျေးရွာ ရွှေကျောင်းတိုက် တို့၏ အကြီးအမှူး ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တအာသောက (အစိုးရ ဓမ္မာစရိယ) သက်တော် (၈၃)နှစ်၊ သိက္ခာတော် (၆၃) ဝါသည် (၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁၂ ရက်) ၁၇-၃-၂၀၁၉ (တနင်္ဂနွေနေ့)တွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ (ဈာပနကျင်းပမည့်ရက်ကို ထပ်မံကြေညာပါမည်။) တပည့်ဒါယကာ၊ ဒါယိကာမများ

---

**ရဟန်း၊ ကျောင်း အမကြီး**

## ဒေါ်အမာ (မန္တလေး)

**ဝင်းသားရေအိတ်လုပ်ငန်း၊ မြှားနတ်မောင်ဖိနပ်လုပ်ငန်း**

### အသက် (၉၁) နှစ်

မန္တလေးမြို့ (၈၅)လမ်း၊ ဈေးချို ဝါးတန်းရပ်နေ ပွဲစားကြီး(ဦးဘသောင်း-ဒေါ်လှမေ)တို့၏သမီးလတ်၊ မန္တလေးမြို့ (၈၂)လမ်း၊ ရသာတန်းရပ်နေ (ဦးဘစီ-ဒေါ်အုံးမေ) တို့၏သမီးချွေးမ၊ ဈေးချိုဝါးတန်းရပ်နေ (ဒေါ်သန်းသန်း)၏ညီမ၊ (ဦးစိန်မောင်)၊ ဦးကျော်သိန်း-ဒေါ်ခင်မြမြတို့၏အစ်မ၊ ဦးဝင်းမောင် (ဝင်းဖိနပ်ဆိုင်၊ ဈေးချို)၏ ချစ်လှစွာသောဇနီး၊ ဒေါ်ခင်ခင်ဝင်း၊ (ဦးဇော်ဝင်းနိုင်)-ဒေါ်စုစုလွင်၊ ဒေါ်ဒေလီယာ၊ ဒေါ်မိုး၊ ဂျပန်နိုင်ငံ တိုကျိုမြို့နေ Mr.KAMIKURA YUJI-ဒေါ်ကေသွယ် (စိန်ပန်းခိုင်-မန္တလေးအစားအစာ)၊ ဦးစိုးဝေဝင်း-ဒေါ်ဆွေဇင်မိုးတို့၏ ချစ်လှစွာသောမိခင်၊ မဝင်းယုမွန်၊ Dr.ဟိန်းသန့်ဇော်၊ KAMIKURA YUSAKU တို့၏အဘွား ဒေါ်အမာ(မန္တလေး)သည် ၂၃-၃-၂၀၁၉ (စနေနေ့) မွန်းလွဲ ၁၂း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၃-၂၀၁၉ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အမှတ်-၂၉၅၊ မြို့မကျောင်းလမ်းနေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

## ဒေါ်တင်ရွှေ (မြောင်းမြ)

### အသက် (၈၆) နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ မရမ်းပင်ကျေးရွာနေ (ဦးခင်မောင်-ဒေါ်ညဏ)တို့၏ဒုတိယသမီး၊ ဦးအေးကို-ဒေါ်ခင်အေး၊ ဦးအောင်မြင့်ထွန်း-ဒေါ်ကြည်ကြည်မြင့်၊ Dr.ထွန်းမြင့်၊ မအေးအေးမော်၊ ဦးထွန်းမြင့်ဦး-မသင်းသင်းမော်တို့၏မိခင်၊ မြေး ကိုးယောက်၊ မြစ် ၁၀ ယောက်တို့၏အဘွား ဒေါ်တင်ရွှေသည် ၂၂-၃-၂၀၁၉ ရက် နံနက် ၄း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၁၉ ရက် ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အမှတ် ၂၃၅၊ အနော်ရထာလမ်း၊ လမ်းမတော် နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါက်တာဒေါ်ရီရီမြင့်

**ဆေးတက္ကသိုလ် (၁)၊ ရန်ကုန်**
**စက်ရုံဆရာဝန်၊ ဖန်ချက်စက်ရုံ၊ သန်လျင် (ငြိမ်း)**
**မြို့နယ်ဆရာဝန်ကြီး၊ တာမွေ (ငြိမ်း)**
**ဆရာဝန်ကြီး၊ ကုန်သွယ်/လယ်ယာ (ငြိမ်း)**

### အသက် (၈၄) နှစ်

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ ပြည်လမ်း၊ အမှတ်(၃၂၆-A)နေ (ဦးကျော်မြင့်-ဒေါ်စောရီ)တို့၏သမီး၊ ဦးစိုးမြင့်(ဦးဆောင်ညွှန်ကြားရေးမှူး-ငြိမ်း၊ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၊ အမှတ်-၁ စက်မှုဝန်ကြီးဌာန)၏ ဇနီး၊ ဦးအောင်စိုးမြင့်-ဒေါ်မင်းမင်းလှိုင်၊ (ဦးတင်ထွန်းမြင့်)၊ ဒေါ်ဝေဝေမြင့်(MICB)၊ ဦးရန်နိုင်မြင့် (ရေကြောင်းပြမှူးကြီး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)-ဒေါ်ခိုင်ဆွေသင်းတို့၏ကျေးဇူးရှင်မိခင်၊ အိသန့်စင်(VOA)၊ အေးပွင့်ဖြူသင်း(Grade-8, IISY)တို့၏အဘွားသည် ၂၂-၃-၂၀၁၉ (သောကြာနေ့) ည ၁၀း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

## ဦးထွေးမြင့်

**ဦးစီးမှူး (ငြိမ်း)၊ သမဝါယမဦးစီးဌာန**

### အသက် (၇၁) နှစ်

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်လုံးပြန်ရပ်ကွက်၊ ကျောင်းလမ်း၊ အမှတ်(၂၃)နေ (ဦးဘအုန်း-ဒေါ်လှစိန်)တို့၏သားထွေး၊ (ဦးချစ်လှိုင်)-ဒေါ်သန်းအေးတို့၏သားသမက်၊ ကိုဇော်လင်းလတ် (Dragon Jewel Co., Ltd)-မဇင်မာမြင့်၊ ကိုဝေဖြိုးဟိန်း(Uniteam Marine Co.,Ltd)-ဒေါက်တာမေဇွန်မြင့်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ ယွန်းယွန်း၏ဘိုးဘိုး၊ ဒေါ်ခင်ခင်ညွန့်၏ချစ်လှစွာသောခင်ပွန်းသည် ၂၃-၃-၂၀၁၉ (စနေနေ့) နံနက် ၂း၀၅ နာရီတွင် ရန်ကုန် ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၃-၂၀၁၉ (တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

**ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်မာလာကြည်

### အသက် (၅၉) နှစ်

မော်ဘီမြို့နေ (ဦးစံဝင်း)-ဒေါ်မြမြလွင်၊ (ဦးကြည်-ဒေါ်မေဇာကြီး)တို့၏သမီး၊ ဦးခင်-ဒေါ်ချစ်မြိုင်တို့၏သမီးချွေးမ၊ ရန်ကုန်မြို့ ဒေါပုံမြို့နယ်၊ ယမုံနာ (၂)ရပ်ကွက်၊ ရွာမလမ်း၊ အမှတ်(၅၆)နေ ဦးမျိုးခင်(E.X.R/O)၏ဇနီး၊ ဦးအောင်မင်းထွဋ်(3/E-UNITEAM)-ဒေါ်မျိုးမြတ်မြတ်မျိုး၊ ဦးအောင်မျိုးမြတ်-ဒေါ်ခင်ငြိမ်းဦး (ခေတ္တ-စင်ကာပူ)တို့၏မိခင်၊ မေသဥ္ဇာကျော်၏အဘွားသည် ၂၃-၃-၂၀၁၉ ရက် နံနက် ၅း၁၅ နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၃-၂၀၁၉ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၉-၃-၂၀၁၉ ရက် တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# အနုပညာဖန်တီးမှုက ပရိသတ်အတွက် တင်ဆက်မှုကောင်း၊ ပညာပေးမှုကောင်းဖြစ်ဖို့ လိုတာပါ

**အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆုရ ကျော်ကျော်ဗို**

**ရန်ကုန် မတ် ၂၃**

၂၀၁၈ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု အကယ်ဒမီပေးပွဲအခမ်းအနားကို ယနေ့ ညနေ ၄ နာရီက ရန်ကုန်မြို့ရှိ The One Entertainment Park မှာ ကျင်းပခဲ့ပါတယ်။ အဆိုပါပွဲမှာ ထူးချွန်ဆုရရှိသူတွေရဲ့ ရင်ခုန်စကားသံတွေနဲ့ အမှတ်တရစကားသံတွေကို ကြေးမုံက တွေ့ဆုံမေးမြန်းပြီး ရေးသားတင်ပြလိုက်ပါတယ်။

**သူထူးစံ(အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုရှင်)**
**(မှော်ဝင်သမန်းကျားဇာတ်ကား)**

ပရိသတ်နဲ့ ထပ်တူထပ်မျှပျော်ပါတယ်။ ဟိုးအရင်တုန်းကလည်း ဆန်ခါတင်ကားတွေမှာ ပါဖူးတယ်။ ဒါပေမယ့် ဆန်ခါတင်စာရင်းမှာပဲ ကျန်ခဲ့တယ်။ ဒီနှစ်မှာတော့ လုံးဝထင်မထားပါဘူး။ ကိုယ်ပါတဲ့ဇာတ်ကားကလည်း နည်းတယ်။ ဒီတစ်ကားပဲရှိတယ်ဆိုတော့ အလွန်ဝမ်းသာပါတယ်။ အနုပညာဆက်လက်ရှင်သန်ဖို့အတွက် အားတွေဖြစ်ပါတယ်။ ပရိသတ်ကိုပြောချင်တာကတော့ ကျွန်တော့်အနေနဲ့ ထိပ်ဆုံးထိရောက်အောင်တော့ မလုပ်ချင်ပါဘူး။ သစ္စာရှိအောင်လုပ်မယ်။ ခြေလှမ်းမှန်မှန်လျှောက်လှမ်းမယ်။ ဒီဇာတ်ကားမှာ အမှတ်တရတွေကတော့ အများကြီးပါပဲ။ အခက်အခဲကတော့ သေမလိုတောင်ဖြစ်ခဲ့တယ်။

**ဖွေးဖွေး(အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုရှင်)(ရွှေကြာဇာတ်ကား)**

ကိုယ့်ကိုယ်ကိုယ် ရင့်ကျက်လာပြီလို့ထင်တာ အကယ်ဒမီနဲ့ပတ်သက်လာရင် မရင့်ကျက်နိုင်သေးဘူး။ အရမ်းစိတ်လှုပ်ရှားတယ်။ ပရိသတ်ကလည်း အရှေ့မှာလည်း လက်ပံ၊ ကျွန်မကနှင်းဆီပါမောင် စတဲ့ ပန်းဇာတ်ကားတွေနဲ့ ရထားတော့ ဒီနှစ်မှာလည်း ရွှေကြာနဲ့

**စာမျက်နှာ ၆ ကော်လံ ၁ သို့** ✪



၂၀၁၈ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ခြင်းအခမ်းအနားတွင် ထူးချွန်ဆုဆွတ်ခူးရရှိခဲ့ကြသည့် အနုပညာရှင်၊ အတတ်ပညာရှင်များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။



နောင်တွင် ဥဒါန်းတွင်စေသတည်း ဇာတ်ကားဖြင့် အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ ထူးချွန်ဆုရ သရုပ်ဆောင် အေးမြတ်သူအား အနုပညာမောင်နှမများက ဝိုင်းဝန်းဂုဏ်ပြုကြစဉ်။

## ၂၀၁၈ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ရရှိသူများ

| စဉ် | ဆုအမျိုးအစား | ဆုရရှိသူ | ဇာတ်ကားအမည် |
|---|---|---|---|
| ၁ | တစ်သက်တာ ရုပ်ရှင်ထူးချွန်ဆု | ဒေါ်မြင့်မြင့်ခင် | |
| ၂ | အကောင်းဆုံး ရုပ်ရှင်အသံထူးချွန်ဆု | ကိုအေး | မုန်းစွဲ |
| ၃ | အကောင်းဆုံး ရုပ်ရှင်တည်းဖြတ်ဆု | ကျော်ခိုင်စိုး | ရွှေကြာ |
| ၄ | အကောင်းဆုံး ရုပ်ရှင်ဓာတ်ပုံဆု | ဝင်းလွင်ထက် | မုန်းစွဲ |
| ၅ | အကောင်းဆုံး ရုပ်ရှင်တေးဂီတဆု | ရှုလုံးအမ်ရောနမ် | မျက်နှာပြင်များ |
| ၆ | အကောင်းဆုံး ရုပ်ရှင်ဇာတ်ညွှန်းဆု | ဝိုင်း | ရွှေကြာ |
| ၇ | အကောင်းဆုံး ရုပ်ရှင်ဒါရိုက်တာဆု | ဩရသ | မုန်းစွဲ |
| ၈ | အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဆု | ငွေသော်တာရုပ်ရှင်ထုတ်လုပ်ရေးမှ ဒေါ်လေးသန္တာမြင့် | ရွှေကြာ |
| ၉ | အကောင်းဆုံး အမျိုးသားရုပ်ရှင်ဇာတ်ပို့ဆု | ကျော်ကျော်ဗို | မုန်းစွဲ |
| ၁၀ | အကောင်းဆုံး အမျိုးသမီးရုပ်ရှင်ဇာတ်ပို့ဆု | အေးမြတ်သူ | နောင်တွင်ဥဒါန်းတွင်စေသတည်း |
| ၁၁ | အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆု | ဖွေးဖွေး | ရွှေကြာ |
| ၁၂ | အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆု | သူထူးစံ | မှော်ဝင်သမန်းကျား |








# မျိုးဆက်သစ်ရင်ပြင်

ကြေးမုံ
အထူးဂဏ္ဍ

မတ် ၂၄၊ ၂၀၁၉ (တနင်္ဂနွေနေ့)


ဝတ္ထုတို




■ ဒီရိပ်ညို


လိုင်းကားတစ်စီးမှာ မှတ်တိုင်မဟုတ်ပါဘဲနှင့် ရုတ်တရက် ထိုးရပ်သွားသည်။ ထို့အတူ ခရီးသည်များမှာလည်း သူ့ထက်ငါ အလုအယက် ထိတ်လန့်စွာ ပြေးဆင်းနေကြလေသည်။ ပထမဆုံးပြေးဆင်းလာသော လူတစ်ယောက်မှာ လမ်းကြားတစ်ခုထဲသို့ ပြေးဝင်ပျောက်ကွယ်သွားသည်။ အလုအယက်ဆင်းနေသော လူများအကြား လည်ပင်းကို အုပ်ကိုင်ကာ ယိုင်ထိုးယိုင်ထိုးနှင့် လူရွယ်တစ်ယောက်ဆင်းလာသည်။ လည်ပင်းမှ စီးကျနေသော သွေးများမှာ မြင်မကောင်း။ ကားအောက်ရောက်သည်နှင့် အရုပ်ကြိုးပြတ်လဲကျသွားတော့၏။ ဖုတ်လိုက်ဖုတ်လိုက်အသက်ရှူရင်း ဝိုင်းကြည့်နေသောလူအုပ်ကြီးကို အကူအညီပေးရန် အသနားခံသော မျက်ဝန်းများဖြင့် ကြည့်နေရှာသည်။ တိုက်ဆိုင်စွာပင် အခင်းဖြစ်ရာနေရာမှာ နာမည်ကြီးဆေးရုံကြီးတစ်ခု၏ ရှေ့တည့်တည့်။ အချိန်အနည်းငယ်အကြာမှာတော့ လူရွယ်သည် လောကကြီးကို အပြီးတိုင်နှုတ်ဆက်သွားရှာတော့သည်။

"သနားပါတယ်ကွာ"

"အေးဗျာ ခါးပိုက်နှိုက်က လည်ပင်းကို ဓားနဲ့ ထိုးသွားတာ"

"ခရီးသည်တစ်ယောက် အိတ်ကိုနှိုက်နေတာကို သွားပြောတာလေ။ ဟိုက မကျေနပ်လို့ လုပ်သွားတာ" တစ်ယောက်တစ်ပေါက်ပြောနေကြသော လူအုပ်ကြီးကို မင်းဝေ ကျောခိုင်းကာ ထွက်ခဲ့လိုက်သည်။

**အခန်း(၁)**

"သနားဖို့ကောင်းလိုက်တာ အစ်ကိုရယ်။ ဘေးမှာဆေးရုံကြီးရှိရဲ့သားနဲ့ အစ်ကိုကူညီခဲ့ရမှာ"

"ကူညီလည်း သေမှာပါပဲကွာ သွေးတွေက တအားထွက်နေတာ။ သွားကူညီလို့ အမှုပတ်နေမှာက ကြောက်ရသေးတယ်"

"သေတာ၊ ရှင်တာက ကံပေါ့အစ်ကိုရယ်။ အမှုပတ်ရအောင်လည်း ကိုယ်လုပ်တာမှ မဟုတ်တာ"

"ကိုယ်လုပ်တာ မဟုတ်တာက နောက်မှ။ သွားပတ်သက်မိရင် အသိသက်သေဆိုပြီး ရုံးချိန်းမှန်သမျှတက်နေရမှာ အလုပ်ပျက်တယ်" မင်းဝေ၏ ပြောစကားတွေကို ဇနီးဖြစ်သူ မချေပတော့။ မင်းဝေလည်း ထိုလူရွယ်၏ အားကိုးတကြီး အကူအညီတောင်းနေရှာသော မျက်လုံးတွေကို မြင်ယောင်နေမိသည်။ သတ္တဝါတစ်ခု ကံတစ်ခုပဲမို့ မင်းဝေလည်း မတတ်နိုင်ပါ။ အမှုတွဲထဲပါသွားပါက ကိုရီးယားဇာတ်လမ်းတွဲထက်ပင် ရှည်သွားနိုင်သည်။ အလုပ်အကိုင်အပျက်ခံပြီး ခါးခုတ်ရာ လက်လျှိုရအောင်လည်း ချမ်းသာနေသော မိသားစုမဟုတ်။ မိသားစုလူတန်းစေ့အောင်ပင် မနည်းရုန်းနေရသည်။ မင်းဝေမှာ သားနှစ်ယောက်ရှိသည်။ အကြီးကောင်က တစ်တန်း၊ အငယ်လေးက တစ်နှစ်ပင်မပြည့်သေးပါ။ မိဘဆိုတော့လည်း သားသမီးကို ပညာတတ်ကြီး ဖြစ်စေချင်သည်။ သူများကလေးတွေထက်သာအောင် မြှောက်စားချင်သည်။ ထို့ကြောင့် သားကြီးကို ကျောင်းပိတ်ရက်များမှာ အပြင်အင်္ဂလိပ်သင်တန်းကျောင်းပါ ကြိုးစားထားသည်။ ကိုယ်ပိုင်တက္ကစီမောင်းသည့် မင်းဝေအတွက် အချိန်သည် ငွေပင်။ မိသားစုအတွက် တန်ဖိုးရှိသည့် အချိန်များကို ဘယ်ပယောဂကြောင့်နှင့်မှ အဆုံးရှုံးမခံနိုင်ပါ။

**အခန်း(၂)**

ဆေးရုံကြီးပြင်ပရှိ တက္ကစီဂိတ်တွင် မင်းဝေ ကားထိုးထားလိုက်သည်။ ကားမောင်းသက်နှင့် သမ္ဘာအရ အခြားကားသမားတွေလို အလုအယက်ရှာစရာမလို။ သူ့အချိန်နှင့်သူ၊ သူ့ချိတ်နှင့်သူ မင်းဝေလုပ်တတ်သည်။ အခုလို ညနေပိုင်းအချိန်ဆို ခွင်ကြီးကြီးရတတ်သည်။ အမြဲတမ်းမဟုတ်သော်လည်း တစ်ကြောင်းဆိုတစ်ကြောင်း သိသာသော ခွင်ကြီးကြီးပင်။ မရလျှင်လည်း အပြန်လမ်းကြောင်းရှာပြီး အေးဆေးပြန်ရုံရှိသည်။ ကိုယ်ပိုင်တက္ကစီဆိုတော့ ဖိစီးမှုမရှိချေ။ ဆေးရုံဝင်းထဲမှ မင်းဝေ၏ ချိတ်တမီကုလားတစ်ယောက် ထွက်လာသည်ကို တွေ့လိုက်၍ ဝမ်းသာသွားသည်။ ခွင်ကြီးကြီး ဖြစ်ပါစေဟု ကျိတ်ဆုတောင်းနေမိသည်။

"ကိုမင်းဝေ ရေခဲရထားတယ် တင်မယ်မလား"

"တင်မှာပေါ့ကွ၊ ဘယ်ထိလဲ"

"တောင်ငူ"

"အေး ခေါ်ခဲ့ကွာ ဈေးစကားပြောတာပေါ့"

ရေခဲဆိုသည်မှာ ဆေးရုံတွင် လတ်တလော သေသွားသောလူနာကို မင်းဝေတို့ ဘာသာဗေဒနှင့်ခေါ်ခြင်းပင်။ သိပ်မကြာမီ ဆေးရုံဝန်ထမ်း တမီကုလားနှင့်အတူ လူတစ်ယောက်ပါလာသည်။

"ညီက ကာယကံရှင်လား"

"ဟုတ်အစ်ကို၊ ဆုံးသွားတာ ကျွန်တော့်အဖေပါ"

"တောင်ငူထိဆိုတော့ နှစ်သိန်းခွဲပေးရမယ် ညီ"

"မများဘူးလားအစ်ကိုရယ်၊ ကျွန်တော်တို့က ပိုက်ဆံမရှိပါဘူး။ ဒီမှာက ဆွေမရှိမျိုးမရှိမို့ အဖေ့ကို ပြန်ခေါ်ချင်တာပါ"

"မများဘူး ညီ၊ ဘော်ဒီဆိုရင် ဘယ်သူမှ တင်ချင်တာ တင်ရဲတာမဟုတ်ဘူးနော်။ ပြဿနာဖြစ်ရင်လည်း အစ်ကိုပဲ ရှင်းရမှာ" နောက်ဆုံးတော့ ဈေးဆစ်မရမှန်းသိ၍ နှစ်သိန်းခွဲနှင့်ပင် တည့်သွားသည်။တမီကုလားကို ပိုက်ဆံသုံးသောင်းပေးလိုက်ပြီး မှာလိုက်သည်။

"ခြောက်ခွဲလောက်ဆိုမှောင်ပြီ ငါကားလာထိုးမယ်။ သူတို့ကိုပြောထားဦး ငိုနေလို့ မရဘူးလို့"

"သိပါတယ် ကိုမင်းဝေရာ။ အခုမှလုပ်တာကျနေတာပဲ" မင်းဝေ၏ တက္ကစီကားလေးမှာ အမြန်လမ်းပေါ် တရိပ်ရိပ်ပြေးလွှားနေသည်။ အနောက်ခန်းမှာတော့ ဆေးသွင်းပိုက်တွေတပ်ထားသော အလောင်းကြီးက မိသားစုနှစ်ယောက်ကြား ဟန်မပျက် ငုတ်တုတ်ထိုင်နေသည်။

"ဟယ်လို အစ်မလား။ အစ်မရေ ပိုက်ဆံတစ်သိန်းခွဲ သွားဆွဲထားပါဦး။ ကားဆရာကို တစ်သိန်းပဲပေးရသေးတယ်။ ရောက်မှရှာရင် စောင့်နေရမှာစိုးလို့..." ဖုန်းဆက်သံကြောင့် နောက်ကြည့်မှန်မှတစ်ဆင့် မင်းဝေ ကြည့်လိုက်မိသည်။ နာရေးရှင်တွေ၏မျက်နှာပြင်ပေါ်မှာ အပူတွေမြင်နေရသည်။လူတိုင်း သူ့အပူနှင့်သူတော့ ရှိစမြဲပင်။ မင်းဝေလည်း မတတ်နိုင်ပါ။ နာရေးအိမ်ရောက်သောအခါ အသင့်စောင့်နေကြသောလူများက အလောင်းကို မ ချသွားကြသည်။

"ရော့ အစ်ကို တစ်သိန်းခွဲ ကျေးဇူးပါပဲဗျာ"

"ရတယ် ညီ၊ ကဲ အစ်ကိုလည်း ပြန်တော့မယ်"

အပြန်လမ်းမှာ ညကြီးအချိန်မတော် တစ်ယောက်တည်းပေမယ့် မင်းဝေမကြောက်ပါ။ ဒီလိုအတွေ့အကြုံတွေက မင်းဝေအတွက် ရိုးနေချေပြီ။ အချိုကြီးရလိုက်သည့်အတွက် ပျော်ပင်ပျော်ပါသေးသည်။

**အခန်း(၃)**

"အစ်ကိုရေ သားကြီးကိုကြိုရဦးမယ်လေ။ အိပ်ရေးပျက်ထားလို့ မထနိုင်ရင် တခြားတက္ကစီကို ကြိုခိုင်းလိုက်ပါလား"

"ရတယ် ရတယ် အစ်ကိုကြိုနိုင်တယ်" တောင်ငူက ပြန်ရောက်ချိန် အတော်နောက်ကျ၍ မင်းဝေ အိပ်ရေးမဝဖြစ်နေ၏။ ကျောင်းပိတ်ရက်မို့ သားကြီး ဒီနေ့အင်္ဂလိပ်ကျောင်းသွားတက်သည်။ မနက်ကမထနိုင်၍ အသိတစ်ယောက်ကို ပို့ခိုင်းလိုက်ရသည်။ ကျောင်းချိန်က နှစ်နာရီခွဲသာ တက်ရသည်ကြောင့် မင်းဝေ အိပ်ချိန်အနည်းငယ်သာ ပိုရလိုက်သည်။ ရေမြန်မြန်ချိုးလိုက်ပြီး ကားမောင်းထွက်ခဲ့လိုက်သည်။

"ဖေကြီး သား ဒီနေ့စာအကုန်ရတယ်။ ဆရာက တော်တယ်လို့ပြောတယ်"

"ဟုတ်လား ဒါဆိုဖေကြီးက ဆုချရမှာပေါ့။ ဖေကြီးအရုပ်ဝယ်ပေးမယ်နော်"

"ဟုတ်ကဲ့ ဖေကြီး"

သားကြီးကိုကြိုပြီး အပြန်လမ်းတွင်ဖြစ်သည်။ သားကြီးက အပြင်ဘက်ကို ငေးကြည့်နေသည်။ သားကြီးက စာတော်သည်။ ဒီလိုပုံစံအတိုင်းသာဆိုလျှင် ဆရာဝန်ကြီးအဖေ၊ အင်ဂျင်နီယာကြီးအဖေ ဖြစ်ခွင့်ရဦးမည်။ အိပ်ရေးပျက်ထားသည့်အရှိန် စဉ်းစားလိုက်သည့် အတွေးအရှိန်ကြောင့် မင်းဝေ ရုတ်တရက်ငိုက်သွားသည်။

"ဟာ ဖေကြီး ဖေကြီး"

"ကွီ.....ဝုန်း" သားကြီးရဲ့အလန့်တကြား အော်သံကြောင့် သတိပြန်အဝင် လန့်ပြီး ကားကို အရှိန်နှင့်လမ်းဘေးဆွဲချလိုက်ရာ ရပ်ထားသော အုတ်သဲကျောက်ကား နောက်မြီးအောက်သို့ တိုးဝင်သွားတော့သည်။

"ဟာ တိုက်ပြီဟေ့ လုပ်ကြပါဦးဟ" ပတ်ဝန်းကျင်မှ အော်သံတွေနှင့်အတူ လူတွေအပြေးရောက်လာကြသည်။ ကားလေအိတ်ပွင့်ပေမယ့် တိုက်သည့်အရှိန်ပြင်းသောကြောင့် လေအိတ်ပါကွဲသွားသည်။ ကံကောင်းသည်မှာ မင်းဝေ ခါးပတ်ပတ်ထား၍ ခေါင်းမထိမိဘဲ ခန္ဓာကိုယ်အောက်ပိုင်းသာ ညပ်နေသည်။ သားကြီးကိုကြည့်လိုက်တော့ ထိသွားသည် ထင်သည်။ နှာခေါင်းနှင့်ပါးစပ်မှ သွေးများထွက်ကျနေပြီး သွေးရူးသွေးတန်းဖြင့် အဖေကို အားကိုးတကြီးကြည့်နေရှာသည်။ ဒီအကြည့်ကို မင်းဝေ သိသည်။ မင်းဝေ အလွန်ကြောက်သွားသည်။ အားကုန်ရုန်းထပေမယ့် ညပ်နေ၍ ထမရချေ။

"ကယ်ကြပါ ကျွန်တော့်သားလေးကို ကယ်ပေးကြပါဗျာ" သားသမီးဇောနှင့်မျက်ရည်တွေကြားမှ မင်းဝေ အားကုန်အော်နေမိသည်။ ထိုစဉ် လူအုပ်ကြားမှ လူတစ်ယောက် ပြေးထွက်လာပြီး သားကြီးဘက်မှ ကားတံခါးကို အတင်းဝင်ဆွဲဖွင့်သည်။ မင်းဝေကားမှာ တိုက်သည့်အရှိန်ကြောင့် ကားခေါင်းရော တံခါးတွေပါ တွန့်ကြေပျက်စီးနေပြီ။ကားတံခါးမှာ အလွယ်တကူဖွင့်မရချေ။ ထိုလူကတော့ မရမက ကြိုးစားဖွင့်နေတော့သည်။ ထိုလူ၏ အစပြုကြိုးစားမှုကြောင့် နောက်လူတွေပါ ဝင်လာပြီး အတင်းဆွဲခွာဖွင့်ရာ သားကြီးဘက် ခြမ်းတံခါးမှာ ပွင့်သွားတော့သည်။ ကားတံခါးပွင့်သည်နှင့်တစ်ပြိုင်နက် သားကြီးကို ပွေ့ချီကာ ထိုလူပြေးထွက်သွားတော့သည်။ မင်းဝေကိုတော့ သက်ဆိုင်ရာ ကူညီမှုအသင်းတွေ ရောက်လာမှ ခက်ခက်ခဲခဲ ဆွဲထုတ်ခဲ့ရသည်။

"သား ကျွန်တော့်သား၊ ဘယ်ရောက်သွားလဲ"

"လာ အစ်ကို၊ လာ လိုက်ခဲ့" အသင့်စောင့်နေဟန်တူသော လူတစ်ယောက်မှာ မင်းဝေကို သူ့ကားပေါ်တင်၍ ခေါ်သွား၏။ ဆယ်မိနစ်ခန့်မောင်းပြီး ဆေးရုံကြီးတစ်ခုကို ရောက်ခဲ့လေသည်။ ဆယ်မိနစ်မှာ မင်းဝေအတွက်တော့ ဆယ်ကမ္ဘာလောက်ကြာသည်ထင်သည်။ ဆေးရုံထဲရောက်တော့ သားကြီးမှာ အရေးပေါ်ခွဲခန်းဝင်နေသည်။ စိုးရိမ်ရသည့် အခြေအနေပင်။ သိပ်မကြာခင် အသိအကျွမ်းအချို့နှင့်အတူ ဇနီးသည်ပါ ရောက်လာသည်။ ဇနီးသည်ကို ဝိုင်းဝန်းအားပေးနှစ်သိမ့်နေကြသည်။ ခွဲခန်းရှေ့ထိုင်ခုံမှာ ထိုင်နေသော လူတစ်ယောက်။ ထိုသူဆီကို မင်းဝေ လျှောက်သွားလိုက်သည်။

"ကျေးဇူးတင်ပါတယ်ဗျာ"

"ရပါတယ်ဗျာ၊ လူသားတစ်ယောက်အနေနဲ့ လုပ်သင့်လုပ်ထိုက်တာကို လုပ်ပေးတာပါ။ ကျေးဇူးအထူးတင်မနေပါနဲ့ ခင်ဗျားလည်း မျက်နှာလေးဘာလေး သွားသစ်လိုက်ပါဦး။ အဆင်ပြေသွားမှာပါ" ထိုလူပြောမှ မင်းဝေမျက်နှာကို စမ်းကြည့်မိသည်။ ထိခိုက်မိသည့်ဒဏ်ရာတွေမှ သွေးစတွေတောင်ခြောက်နေပြီ။ သန့်စင်ခန်းထဲ မင်းဝေ ဝင်ခဲ့လိုက်ပြီး မျက်နှာကို အားရပါးရသစ်လိုက်သည်။ မျက်နှာသစ်ပြီး ခေါင်းပြန်အမော့ မှန်ထဲမှာ မျက်နှာတစ်ခု။ မင်းဝေ သေချာစိုက်ကြည့်မိသည်။ ထိုမျက်နှာပေါ်တွင် အပူတွေ အပူတွေနှင့်။

## မျိုးဆက်သစ်ရင်ပြင်
## လူငယ်ကလောင်ရှင်များသို့ ပန်ကြားချက်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်လူငယ်များအတွက် ***မျိုးဆက်သစ်ရင်ပြင်*** အထူးထုတ်စာမျက်နှာကို တနင်္ဂနွေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာ၊ ကာတွန်း၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် ရေးသားပေးပို့နိုင်ပါသည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် နှစ်သက်ရာဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင်ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိရမည်။

***မျိုးဆက်သစ်ရင်ပြင်*** သို့ ပေးပို့ပြီး စာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ဖော်ပြရွေးချယ်ခံရခြင်းမရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူးပန်ကြားလိုသည်မှာ စာမူများကို **mirrormyosathit@gmail.com** သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။ **စာတည်းအဖွဲ့**

ဆောင်းပါး

# ပျော်ရွှင်မှုကို ရှာရာတွင်

■ သောတညီ

မြန်မာလူမျိုးတို့၏ ပင်ကိုစိတ်သည် ပျော်ရွှင်မှုကို ခုံမင်နှစ်သက်ကြသည်။ ပွဲလမ်းသဘင်တို့ကို အထူးနှစ်ခြိုက်ကြသည်။ ရပ်ထဲရွာထဲတွင် အလှူပွဲ၊ ဇာတ်ပွဲတို့ရှိလျှင် အားလုံးဝိုင်းဝန်းလုပ်ဆောင် ပျော်ပါးကြသည်။ မြန်မာလ တစ်ဆယ့်နှစ်လလုံးတွင်ပင် ပွဲသဘင်နှင့် ကင်းလွတ်သည့် လဟူ၍ မရှိကြောင်း အားလုံးအသိပင်ဖြစ်၏။

သို့ပေသိ ယနေ့အခါတွင် ထိုအပျော်တို့သည် အပျက်သို့ပင် ဦးတည်နေကြောင်း တွေ့မြင်ရပေသည်။ မည်သို့ဦးတည်နေသနည်းဟု မေးခွန်းထုတ်စရာ ဖြစ်လာပါသည်။ အထင်ရှားဆုံးသော ပွဲတော်တစ်ခုဖြစ်သည့် သင်္ကြန်ပွဲတော်ကို မီးမောင်းထိုးပြချင်ပါသည်။

သင်္ကြန်ပွဲတော်ရက်ရောက်ပြီဆိုလျှင် ရေပက်ကစားခြင်းနှင့်အတူ တွဲဖက်ပြီး ယနေ့လူငယ်တွေ မြင်ယောင်နေကြသည့် အရာတစ်ခုရှိသည်။ ထိုအရာသည်ကား "ယမကာ"ဟုခေါ်သည့် အရက်သေစာပင်ဖြစ်သည်။

"သူငယ်ချင်း မင်းငါ့ကိုခင်ရင်သောက်ကွာ"

"ငါမသောက်ချင်ဘူးကွာ"

သောက်ကြည့်စမ်းပါကွာ။ "က"လို့ ကောင်းတယ်ကွ။ ထိုသို့ လက်ဆင့်ကမ်းပြီး မသောက်တတ်သူကို သောက်တတ်အောင်သင်။ ပြီးလျှင် မဏ္ဍပ်ပေါင်းစုံရှေ့မှာ ကခုန်ပျော်ပါးကြသည်ကို ထိုသင်္ကြန်ပွဲတော်ကာလတွင် မြင်တွေ့နေရသည်မှာ နိစ္စဓူဝလိုဖြစ်လာပေသည်။

ထိုသောက်စားပျော်ပါးကြသူတို့ကြောင့် အသောက်အစားမရှိသည့် သူတို့ပင် စိတ်အနှောင့်အယှက်ဖြစ်ကြရသည်။ ပျော်ရွှင်မှုကို ရှာကြသည့် ကြောက်ခမန်းလိလိ အယူလွဲမျိုးများ မြန်မာ့ယဉ်ကျေးမှုနယ်ပယ်အတွင်း ထိုးဖောက်ဝင်ရောက်လာပြီလော။

မကြာမီအချိန်များအတွင်းမှာ တက္ကသိုလ်ကျောင်းသား ကျောင်းသူများပထမနှစ်ဝက် စာမေးပွဲဖြေဆိုကြရတော့မည်။ ဖြေပြီးလျှင် ဒုတိယပညာသင်နှစ်ဝက်သို့ ကူးပြောင်းပညာသင်ရတော့မည်။ ထိုသို့ ကူးပြောင်းပညာမသင်မီ အဟောင်းမှအသစ်သို့ ကူးပြောင်းခြင်း၏ သင်္ကေတအဖြစ် ရေများပက်ဖျန်းကစားကြလေသည်။ တစ်နည်းဆိုရသော် ကျောင်းသင်္ကြန်ကျင်းပကြသည်ပေါ့။ တက္ကသိုလ်ကျောင်းပေါင်းစုံ မိမိသက်ဆိုင်ရာရက်များ သတ်မှတ်ကာရေသဘင်ပွဲများကျင်းပကြသည်။ ကျောင်းသားတို့ ပျော်ရွှင်ကခုန်နေကြသည်ကို မြင်ရသူတို့အဖို့ ကြည်နူးမဆုံး၊ ပြုံးမဆုံး။ ကြည်နူးခြင်း၏ နောက်ကွယ်၊ အပြုံးတို့၏ နောက်ကွယ်မှာ ရန်ပွဲတွေ၊ ယမကာပွဲတွေကို ဆက်လက်မြင်တွေ့ကြရသည်။ အလွန်ပင် ဝမ်းနည်းစိတ်ပျက်ဖွယ်ကောင်းလှ၏။

မြတ်စွာဘုရားရှင်သည် ကျွန်တော်တို့လူသားတွေ ကျင့်ကြံဖို့ စည်းမျဉ်းငါးခု ချမှတ်ခဲ့၏။ ထိုငါးခုကို ငါးပါးသီလဟု အများသိကြသည်။ ထိုငါးပါးသီလတွင် နောက်ဆုံးတစ်ပါးဖြစ်သည့် "သုရာမေရယ မဇ္ဇပမာဒဋ္ဌာနဝေရမဏိ သက္ခာပဒံ သမာဒိယာမိ"သည် အလွန်အရေးကြီးသည်။ "အသုရာဖျက် ငါးပါးပျက်"ဆိုသည့်စကားပင် ရှိသည် မဟုတ်ပါလော။ ဆင်ခြင်ရှောင်ရှားသင့်လှပေသည်။

သို့မှသာ နောက်ဆက်တွဲ ရန်ပွဲတွေ၊ ခိုးမှုတွေ၊ သတ်ဖြတ်မှုတွေ၊ လုယက်မှုတွေ ကင်းဝေးနိုင်ပေမည်ဟု ဆိုချင်ပါသည်။

ယနေ့ခေတ် မြင်တွေ့နေရသည်မှာ "ယမကာ"သည် ပွဲတိုင်းကျော်သည့် အရာတစ်ခုလိုဖြစ်နေပေသည်။ ပျော်ပွဲစား၊ အလှူမင်္ဂလာဆောင်စသည့် ပွဲတိုင်းတွင်လည်း မပါမဖြစ် ပါဝင်နေသည်။ ပို၍ဝမ်းနည်းစရာကောင်းသည်က "ယမကာ"ဆိုင်များ တိုးချဲ့ဆောက်လုပ်လာခြင်းပင်ဖြစ်သည်။ ကျွန်တော်တို့ငယ်စဉ်က ရွာတစ်ရွာ၊ ရပ်ကွက်တစ်ခုတွင် အလွန်ဆုံးရှိမှ တစ်ဆိုင်ပင်ဖြစ်သည်။ ယနေ့တွင်ကား လက်ညှိုးထိုးမလွဲ။ ထိုဆိုင်များအကြား ကျွန်တော်တို့လူငယ်တွေသည် ပဲလှော်ကြားညပ်သည့်ဆားလို မဖြစ်ရလေအောင် ဂရုပြုသင့်သည်။ လူငယ်ဟူသည်က အရာရာကို စူးစမ်းလေ့လာတတ်ကြသည် မဟုတ်ပါလား။ ပျော်ချင်သည်၊ ပါးချင်သည်။ ပျော်ရွှင်မှုနောက်လိုက်ရင်း အမှားလမ်းကြောင်းပေါ်ရောက်သွားတတ်၏။ လူငယ်များအနေဖြင့် မိမိ၏ပျော်ရွှင်မှုအစစ်အမှန်ကို ရှာဖွေနိုင်ကြပါစေ။

ပုထုဇဉ်လူသားမှန်သမျှ ပျော်ရွှင်မှုကို လိုလားကြသည်ဟုဆိုလျှင် လွန်အံ့မထင်။ မိမိပျော်ရွှင်မှုသည် သူတစ်ပါးအတွက် အနှောင့်အယှက်ဖြစ်အောင်၊ ကဲ့ရဲ့ဖွယ်ဖြစ်အောင် မပြုဆောင်ကြစေချင်။ သင်္ကြန်ပွဲတော်နည်းတူ တခြားသော ပွဲတော်တို့တွင်လည်း "ယမကာ"ကို ရှောင်ရှားကြစေချင်သည်။ စည်းနှင့်ကမ်းနှင့် ယမကာကင်းကင်းနှင့် ပျော်ရွှင်မှုကို ရှာဖွေကြပါဟု ရေးသားတိုက်တွန်းလိုက်ရပေသည်။

ဝတ္ထုတို

# လူပို

■ လင်းဟန်နေ

"လူပိုတဲ့လားကွယ်" ဆိုနှင့်အက်ကွဲစွာ တီးတိုးရေရွတ်လိုက်သော အဘမြင့်၏ အသံကလေးမှာ အဖျားဆွတ် တုန်ခါလျက်ရှိသည်။

ဖျာကြမ်းကလေးပေါ်တွင် ဒူလေးနှစ်ချောင်းထောင်လျက် ဒူးနှစ်လုံးကို လက်နှင့်ပြန်ပိုက်ပြီး ကျုံ့ကျုံ့ကလေးထိုင်နေပုံမှာ ငယ်ငယ်က သင်ခဲ့ရသော ခေါင်းသုံးလုံးရှိသူထံ သင်ယူပါဆိုသည်မှာ အဘမြင့်ကိုပြောသလားထင်ရသည်။ လက်သီးနှစ်ဖက်ကို ဆုပ်ထားလျက် အံကိုကြိတ်လျက် မျက်လုံးအစုံတွင် မျက်ရည်တို့ဝေ့ဝဲနေရင်း သွားလေသူ မယ်သီးကိုပင် သတိရလွမ်းဆွတ်မိသည်။

လင်မယားနှစ်ယောက် ဒိုးတူပေါင်ဖက် အတူတူရုန်းကန်ခဲ့ကြ၍ ဒီသားသမီးတွေကို ကျွေးခဲ့မွေးခဲ့သည်။ ခုတော့လည်း အဘမြင့်မှာ အလုပ်မလုပ်နိုင်တော့။ အသက်ကြီးခဲ့ပြီ။ အိုခဲ့ပြီ။ နာခဲ့ပြီ။ သေရမည့်အချိန်ကို စောင့်မျှော်နေခဲ့ရပြီ။ အရင်တုန်းကတော့ အဘမြင့်က ဆိုင်းထမ်းလေးထမ်း၍ မုန့်ဟင်းခါးရောင်းသည်။မြောင်းမြဇာတိဆိုတော့ မုန့်ဟင်းခါး အချက်ကောင်းပြီးသားဖြစ်သည်။

ရပ်ကွက်တွေထဲမှာ စာသင်ကျောင်းတချို့ရဲ့နားမှာ အဘမြင့်ရဲ့ "ကိုမြင့် (မြောင်းမြမုန့်ဟင်းခါး)" ဆိုင်းဘုတ်ကလေးပါသော အထမ်းကလေးကို တွေ့နိုင်သည်။ မယ်သီးကတော့ အိမ်မှာနေခဲ့ပြီး အိမ်ရှေ့မှာပဲ မုန့်ဟင်းခါးဆိုင်ထွက်သည်။ သည်ဝင်ငွေကလေးနှင့်ပင် သားသမီးများကို ပညာသင်စေခဲ့သည်။ ဝမ်းဝခါးလုစေခဲ့သည်။နေခါးခါးမှာရုန်းကန်ကျွေးမွေးခဲ့သည်။

"ခုတော့ ဒီအဘိုးကြီးက လူပိုကြီးဖြစ်နေပြီလားသားရယ်" တိုးတိုးရေရွတ်ရင်း မျက်ရည်တို့မှာ ဝေ့ဝဲရပြန်သည်။ သားဖြစ်သူကတော့ သူမကြားနိုင်ဘူးအထင်နှင့် သူ့သူငယ်ချင်းတချို့နှင့် ပုလင်းထောင်ရင်း စကားကောင်းနေကြတုန်း။

လရောင်ဝိုးတဝါးက ဝါးထရံကြားမှတစ်ဆင့် အဘမြင့်၏ အိပ်ရာပေါ်သို့ ပျံ့လွင့်နေသည်။ မပီဝိုးတစ်ဝါး အလင်းရောင်မှုန်မှုန်ကလေးထဲ အဘမြင့်တစ်ယောက် မအိပ်နိုင်။ သို့သော်လည်း ဟိုလှည့် ဒီလှည့်၍မရ။ အသက်ကြီးပြီ။ ခန္ဓာကိုယ်က လှုပ်လိုက်တိုင်းနာကျင်နေသည်။ စိတ်အတွေးတွေကတော့ လှုပ်ရှားလူးလွန့်နေသည်။ ချစ်သောဇနီးဖြစ်သူမယ်သီး၏မျက်နှာကိုသာ လရောင်ဝိုးတဝါးတွင် မြင်ယောင်ငေးရီလျက်ရှိလေသည်။ မနက်ဖြန်ဆိုရင် မယ်သီးတစ်ယောက်ကွယ်လွန်သွားတာတောင် ဆယ်နှစ်ပြည့်ပြီ။ မယ်သီးဆိုတာ အဘမြင့်ရဲ့ ချစ်လှစွာသောဇနီး။ ဒီသားတစ်ယောက်ကို အဘမြင့်နှင့်အတူ မေတ္တာတရားတွေဖြင့် ကျွေးမွေးခဲ့သူဖြစ်သည်။ ဘဝခရီး ရေစုန်ရေဆန်မှာ ဒိုးတူပေါင်ဖက် အေးအတူပူအမျှ အဘမြင့်အနား အတူရှိပေးခဲ့သော ဇနီးကောင်းတစ်ယောက်ဖြစ်ခဲ့သည်။ ခွဲခွာခဲ့သည်မှာဆယ်နှစ်တိုင်အောင်ရှိခဲ့ပေမယ့် အဘမြင့် တစ်နေ့မှ မေ့လို့မရအောင် သတိတရရှိခဲ့လေသော ဘဝခရီးဖော်။ ကြင်နာဖော်ကြင်နာဖက်။ မြတ်နိုးဖော်မြတ်နိုးဖက်ဖြစ်ခဲ့သောချစ်ဇနီး။

ဒီသား၏မွေးသမိခင်။ ဒီသားကတော့ မယ်သီး၏နှစ်ပတ်လည်ကို မှတ်မိတော့မည်မထင်ပေ။ သူတို့အလုပ်တွေ သူတို့ အပူတွေနဲ့ပဲ လုံးလည်ချာလည်လိုက်လျက်သက်ရှိထင်ရှားရှိနေသော အဘမြင့်ကိုပင် ဂရုမစိုက်အားကြဘူးမဟုတ်လား။

အဘမြင့်ကလည်း ထွေထွေထူးထူးတွေ ပြောမနေတော့ပေ။ သူက ဘာမှမလုပ်နိုင်တော့တဲ့ လူအိုကြီးတစ်ယောက်ဖြစ်နေခဲ့ပြီ မဟုတ်လား။ ဇရာရဲ့ဖိနှိပ်မှုအောက်မှာ အဘမြင့် ဘာကိုမျှ တုံ့ပြန်လိုခြင်းမရှိတော့။ ကျွေးတာနှင့်စားသည်။ ပေးတာနှင့်ပင်ဝတ်သည်။

တစ်ချိန်က ဒီသားအပေါ် ဖခင်ကောင်းတစ်ယောက်ရဲ့ တာဝန်တွေကျေပွန်စွာ မေတ္တာတရားတွေယိုဖိတ်စွာဖြင့် အဘမြင့်နှင့်ဘွားမယ်သီးတို့က တာဝန်ကျေပွန်ခဲ့ကြသည်။ အရွယ်လွန်မှကံပေါ်သော သားကလေးဟု ချစ်လိုက်ရသည်မှာ ဖူးဖူးမှုတ်၍ ငုံထားမတတ်ဆိုသလိုပင်။

ဒီလိုမေတ္တာတရားတွေအတွက် ဘယ်လိုပြန်ရရမည်ဟူသော မျှော်လင့်ချက်တွေတော့ အဘမြင့်တို့မှာ မရှိခဲ့ရိုးအမှန်ပါ။ သားဖြစ်သူကတော့ သူ့အမေ၏ ဆယ်နှစ်ပြည့်ကိုပင် သတိမရနိုင်အောင်ရှိနေပြီ။ အဘမြင့်ပြောပြန်လျှင်လည်း "အပိုအလုပ်တွေဗျာ ဒီမှာမအားရတဲ့ကြားထဲ" စသဖြင့် အဘမြင့်တစ်ယောက် အအော်ခံ၊ အငေါက်ခံရဦးမည်။ ထိုအခါ သားဖြစ်သူပဲ ငရဲရဦးမည်။

ထိုသို့ဖြစ်မည်ကို အဘမြင့်မလိုလားနိုင်ပါ။ ထို့ကြောင့်ပင် တော်ရုံကိစ္စများကို သူတစ်ယောက်တည်း ကြိတ်ခံစားသည်။ မည်သူ့ကိုမျှ မပြောပြဖြစ်တော့။ အရင်ကတော့ မြေးဖြစ်သူကို ပြောပြဖြစ်တတ်သေးသည်။ ယခုမူ မြေးဖြစ်သူ လူပျိုပေါက်အရွယ်ရောက်လာသောအခါ အဘမြင့်အား အရေးမစိုက်ချင်တော့။ သူ့ဖုန်းတစ်လုံးနဲ့သာ အချိန်ကုန်လျက် အဘမြင့်အားရှိသည်ဟုပင် မထင်တော့ပေ။ ညဥ့်က တဖြည်းဖြည်းနက်လာသည်။ တိတ်ဆိတ်သွားသည်မှာ အပ်ကျသံတောင် ကြားရတော့မတတ်ဖြစ်သည်။ ဆုံးဖြတ်ချက်တစ်ခု ဒုန်းဒုန်းချလျက် အဘမြင့်တစ်ယောက် အိပ်ပျော်ဖို့ ကြိုးစားလိုက်သည်။ အသက်ကိုမှန်မှန်ရှူလျက် ဝင်သက်ထွက်သက်တို့ကို လိုက်လံမှတ်ရှုရင်း မကြာမီပင် အိပ်ပျော်ခဲ့လေသည်။

ဝေလီဝေလင်းကတည်းက အဘမြင့်နိုးနေသည်။ အသက်ကြီးလာတော့ အအိပ်အနေက နည်းလာသည်။ ဒီနေ့က ချစ်ဇနီးဆုံးသည်မှာ ဆယ်နှစ်ပြည့်သောနေ့မို့ထင်သည်။ ပို၍ပင်အစောကြီးနိုးနေမိသည်။ မနေ့က သားဖြစ်သူပြောခဲ့သောစကားများကို နားထဲပြန်ကြားနေမိပြန်သည်။ ချစ်ဇနီးမယ်သီးကို လွမ်းဆွတ်သတိရစိတ်က တစ်ဖက် သားဖြစ်သူပြောသောစကားများကို ရင်နာရသည်ကတစ်ဖက်နှင့် စိတ်မှာ မချမ်းမြေ့နိုင်။

သူသည် အသက်ကြီးခဲ့ပြီ။ အရင်လိုမိသားစုတာဝန်တွေ မထမ်းရွက်နိုင်တော့။ သို့သော် လူပိုတော့မဖြစ်ချင်။ မဖြစ်ရ။ မယ်သီးအတွက် လူပိုမဖြစ်စေရ။ ပြီးတော့ သာသနာအတွက် လူပိုမဖြစ်စေရ။ တတ်နိုင်သမျှသာသနာ အကျိုးသယ်ပိုးမည်။ တစ်အိမ်လုံးသည် တိတ်ဆိတ်အိပ်မောကျနေကြဆဲ။ အိပ်ရာထဲမှ ဖြည်းလေးစွာပင် ထလိုက်သည်။ ကိုယ်လက်သန့်စင်ပြီး အိမ်ရှေ့သို့ ထွက်လာခဲ့သည်။ အိတ်ကပ်လေးထဲသို့စမ်းလိုက်သောအခါ မသုံးရက် မစွဲရက်ထားထားသော ငွေစက္ကူအချို့ ရှိနေသေးသည်။

အပြင်တွင် လင်းအားက ကောင်းလာနေပြီ။ ငှက်ကလေးများ၏ ကျည်ကျည်ကျာကျာ အသံကလေးများကိုပင် အဘမြင့်ကြားနေခဲ့လေပြီ။ လမ်းထိပ်ကို အရောက်သွားပြီး မုန့်ဟင်းခါးဝယ်ရမည်။ ပြီးရင် မယ်သီးအတွက် ဆွမ်းကပ်မည်။ လတ်တလော သူလုပ်နိုင်သည်မှာ ဒါပဲရှိတော့သည်။

မယ်သီးအတွက် သူတတ်နိုင်သလောက်ကြိုးစားမည်။ အဘမြင့်သည် ငွေစက္ကူတချို့အား ကျစ်ကျစ်စုပ်၍ လင်းအရုဏ်တွင် တရွေ့ရွေ့လျှောက်လှမ်းနေပါတော့သည်။ လတ်ဆတ်အေးမြသော လေထုနှင့်အတူ အဘမြင့်၏ ချစ်ဇနီးအပေါ် တမ်းတလွမ်းဆွတ်မှုများမှာ သူ၏အထီးကျန်မှုများနှင့်အတူ လက်ဆတ်ပျံ့လွင့်လျက်ရှိလေသည်။

## ကလေးများရဲ့တစ်နေ့တာ

ပညာတတ်ကြီး ဖြစ်အောင်ကွယ်
သားသားမီးမီး ကျောင်းသွားမယ်။
ဆရာများရယ် စာသင်ပြ
သေသေချာချာ လိုက်မှတ်ကြ။
ကျောင်းကြီးပြီးက အိမ်ပြန်ကာ
အိမ်အလုပ်လည်း ကူရမှာ။
အားတဲ့အခါ စာတွေဖတ်
စိတ်ပေါ့ပါးစွာ မှတ်စုမှတ်။
ကျန်းမာဖျတ်လတ် သန့်စွမ်းစေ
အားကစားလည်း လုပ်မယ်လေ။
ကိုယ်ကာယတွေ ဖွံ့ဖြိုးဖို့
ပုံမှန်ကြိုးစား လှုပ်ရှားစို့။
ညဘက်ရောက်လို့ အိပ်ရာဝင်
ဘုရားရှိခိုး နေ့အစဉ်။
တစ်နေဝင်လို့ တစ်ရက်ဆုံး
သားသမီးတို့ တပြုံးပြုံး။

ဆွေချစ်မင်း


## သုတရသစုံလင်ဖို့ ခရီးသွားကြစို့

ကျောင်းပိတ်တဲ့ရက် နွေရာသီ
ပျော်ရွှင်ဖွယ်ရာ မျိုးစုံညီ
ဆွေမျိုးဆုံသည့် သည်ကာလ
မြန်ပြည်အနှံ့ လျှောက်လည်ကြ။
ဘုရားတွေလည်း ဖူးကြမယ်
ကုသိုလ်ထူးလို့ ဆုပန်ရှယ်
သုတစုံဖွယ် လေ့လာထား
ဒေသစုံမှ တိုင်းရင်းသား။
သာယာလှပ ရှုခင်းတွေ
မြန်ပြည်တစ်ဝန်း စိမ်းလန်းဝေ
အပန်းလည်းပြေ ဘဝင်ချမ်း
ရသစုံတဲ့ စာကြည့်ခန်း။
စိတ်ဓာတ်ခွန်အား တိုးပွားစေ
အားသစ်လောင်းစို့တို့တစ်တွေ
မိမြေတိုးတက် အောင်မြင်ပြား
အားလပ်ရက်မှာ ခရီးသွား။

လမင်းဟံသာ(ပဲခူး)

ဝတ္ထုတို

## ■ ဇင်မွန်(ကိန္နရာ)



ရွာဦးကျောင်းက အုန်းမောင်းသံကြောင့် အိပ်ပျော်နေတဲ့ ကျုပ်မျက်လုံးတွေ ပွင့်လာတယ်။ ဒီချိန်ဆိုရင် ထနေကျမို့ ကျုပ်မျက်လုံးတွေက ကျင့်သားရနေပြီလေ။ ဘေးနားက လက်နှိပ်ဓာတ်မီးကိုစမ်းရင်း အိပ်ရာကနေ လူးလွန့်ထလိုက်တယ်။ ကျိုးတိုးကျဲတဲ ဖြစ်နေတဲ့ကြမ်းတွေကနေ အသံမမြည်အောင် အသာဖွနင်းရတယ်။ အိပ်ပျော်နေတဲ့ မီးနေသည်မိန်းမနဲ့ ကလေးတွေ နိုးသွားမှာမို့။ အောက်ကိုရောက်မှ လက်နှိပ်ဓာတ်မီးကိုထိုးထမ်းပိုးဝါးကိုရှာပြီး ထွက်လာခဲ့တယ်။ ကျုပ်ထောင်ထားတဲ့ ကြွက်ထောင်ချောက်တွေကို သွားလိုက်တာလေ။ ကျုပ်လား။ ကျုပ်ကတော့ ရာသီလိုက်ပြီး ဖားရိုက်၊ ငါးထောင်၊ ကြွက်ထောင် လုပ်တဲ့သူပေါ့။

အခုချိန်ကတော့ ကြွက်ပေါတဲ့ရာသီလေ။ ရွာရဲ့မြောက်ဘက်က လယ်ကွင်းတွေမှာ လယ်လုပ်ရာသီမဟုတ်လို့ ပဲခင်းတွေရှိတယ်။ အဲဒီအခင်းတွေမှာ သွားထောင်တာလေ။ သိပ်မဝေးတာမို့ ခဏပဲရောက်လာတယ်။ ကျုပ်ထောင်ထားတဲ့ ကြွက်ထောင်ချောက်တွေကို လိုက်စုလိုက်တယ်။ ကျုပ်တို့ကတော့ ကြွက်ဘိလို့ပဲခေါ်တယ်။ ဒီနေ့တော့ တွက်ခြေကိုက်ပြီဗျို့၊ ကြွက်ပိတော်တော်များများမှာ ကြွက်တွေမိနေလေရဲ့။ ဒီရက်ပိုင်းတွင်း များများရစေချင်တာတော့ အမှန်ပဲ။ ကျုပ်မိန်းမ အေးဘုံ မီးဖွားလို့ သားဖွားဆရာမကို ကန်တော့ငွေခြေကြွခ ပေးရဦးမှာ။ ကြွက်ဘိတွေကို ဝါးနဲ့လျှိုထမ်းပြီး လာလမ်းအတိုင်းသုတ်သုတ်ပြန်လာခဲ့တယ်။ ဒီကောင်တွေကို အချိန်မီရောင်းရအောင် လုပ်ရဦးမှာလေ။

အိမ်ရောက်တော့ ထမင်းအိုးတည်လိုက်တယ်။ ထမင်းကျက်သွားတော့ သားနှစ်ယောက်အတွက် ကြွက်တစ်ကောင် ကြော်ပေးပြီး အေးဘုံအတွက်တော့ ငါးရံ့ခြောက်လေး ဖုတ်ပေးလိုက်တယ်။ မီးနေသည်က ကြွက်နဲ့ မတည့်ဘူးလေ။ ကြွက်ကအကြောတက်တယ်။ ကျုပ်အတွက်ကတော့ ရွာထဲကပြန်လာမှပဲ ချက်စားတော့မယ်။ ကျုပ်က လူတစ်မျိုးဗျ။ ဖားရိုက်ငါးနှိုက်တာလုပ်တာ။ ကျုပ်လက်နဲ့ သတ်တဲ့အကောင်ဆို စားတာမဟုတ်ဘူး။ အားလုံးပြီးမှ အေးဘုံကိုနှိုးလိုက်တယ်။ သူက ညညဆို ကလေးတစ်ဖက်နဲ့ ကောင်းကောင်း မအိပ်ရဘူးလေ။

"အေးဘုံ ဒီမှာ မျက်နှာသစ်ဖို့ရေ၊ ထမင်းကိုတော့ ငါးရံ့ခြောက်ဖုတ် ဆီဆမ်းပေးထားခဲ့တယ်။ နှင့်သားနှစ်ယောက်အတွက်တော့ ကြွက်ကြော်ပေါ့၊ ငါတော့ ရွာထဲ ကြွက်ရောင်း ထွက်လိုက်ဦးမယ်"

အေးဘုံကို နှိုးထားခဲ့ပြီး ရွာထဲကိုထွက်လာခဲ့တယ်။ အခုရာသီဆို ကြွက်သိပ်ရောင်းကောင်းတာ။ မကုန်မှာမပူရဘူး။ ရွာထဲရောင်းပြီး ကျန်တဲ့အကောင်ဆို ရွာတောင်ဖျားက ထန်းတောမှာ သွားပေးလိုက်တာပဲ။ ဒီအချိန်က ထန်းရည်ပေါ်တဲ့အချိန်ဆိုတော့ ထန်းရည်ဆိုင်က ကြွက်ကြော်ကို အမြည်းလုပ်ရောင်းတာလေ။ ကျုပ်ခြေလှမ်းတွေကို ခပ်သုတ်သုတ်လှမ်းလိုက်တယ်။ ကြွက်ရောင်းပြီးမှ နေ့လယ်စာချက်ရမှာမဟုတ်လား။

× × ×

အေးဘုံနဲ့ ကလေးတွေကတော့ အိပ်နေပြီ။ ဟိုဘက် ဒီဘက်လူးလွန့်လိုက်တာနဲ့ အသံမြည်တဲ့ ကြမ်းခင်းကြောင့် မလူးသာမလွန့်သာ။ သက်ပြင်းရှည်တစ်ချက်ကိုချရင်း အေးဘုံနဲ့ ညားခဲ့ပုံကို စဉ်းစားမိသွားတယ်။ ငယ်ငယ်ကတည်းက အမေဆုံးသွားတဲ့ကျုပ်က တံငါသည်အဖေနဲ့ပဲ ငါးနှိုက်ဖားရိုက်ရင်း ကြီးလာတယ်။ အေးဘုံမိဘတွေကတော့ လယ်နဲ့ယာနဲ့မို့ စီးပွားရေးမဆိုးကြဘူး။ အေးဘုံနဲ့ကျုပ် သမီးရည်းစားတွေဖြစ်တော့ သူ့မိဘတွေက သဘောမတူဘူးလေ။ ကျုပ်ကို အကုသိုလ်ကောင်တဲ့။ သူတို့ပြောတော့လည်း ပြောချင်စရာ။ ကျုပ်ကလည်း အကုသိုလ်အလုပ်ပဲ လုပ်တာလေ။ ရွာမှာရှိတဲ့ ပျိုးနုတ်လယ်ရိတ် အလုပ်တွေကို ကျုပ်မလုပ်တတ်ဘူး။ ဒါနဲ့ပဲ မိဘတွေ သဘောမတူတဲ့ကြားက ကျုပ်ခိုးရာနောက်ကို အေးဘုံလိုက်ခဲ့တယ်။ အေးဘုံမိဘတွေကတော့ ပြန်အပ်တာတောင် လက်မခံခဲ့ဘူး။ ကျုပ်မျက်နှာတစ်ရွာထင်ပြီး လိုက်လာတဲ့နောက်မှာ အေးဘုံကို အကြင်နာပိုခဲ့မိတယ်။ ကျုပ်ပင်ပန်းရင် ပင်ပန်းပါစေ၊ အေးဘုံကိုတော့ အလုပ်မခိုင်းခဲ့ဘူး။ ကျုပ်ရှာလာတဲ့ ဖားလေး ငါးလေးတော့ ရွာထဲလှည့်ရောင်းရတာပေါ့။

အခုဆို ကျုပ်တို့မှာ သားနှစ်ယောက် သမီးတစ်ယောက်နဲ့ ရတနာတွေ စုမိနေပြီလေ။ ဒီနှစ်ကျောင်းဖွင့်ရာသီဆို ကျုပ်သားအကြီးကောင်ကို ကျောင်းစထားလို့ရပြီ။ ကျုပ်က ပညာမတတ်ခဲ့တော့ ကျုပ်သားသမီးတွေကို ပညာတတ်ဖြစ်စေချင်တာတော့ အမှန်ပဲ။ ကျုပ်လို အကုသိုလ်ကောင်တော့ ကျုပ်သားသမီးတွေမဖြစ်စေရဘူး။

"ဟူး" သက်ပြင်းမောတစ်ခုကို ချမိပြန်တယ်။ ခဏခဏချလို့ အသက်တိုနိုင်ရဲ့။ တိတ်ဆိတ်တဲ့ညကိုထိုးဖောက်ပြီး ကြက်တွန်သံက စူးထွက်လာတယ်။ ညသန်းခေါင်ပင်နက်ခဲ့လေပါလား။ အတွေးတွေကိုဖျောက်ပြီး နောက်ရက်တွေအတွက် အားမွေးရဦးမယ်။

× × ×

"ဝေ့ါ ဝေ့ါ"

အိမ်ပေါက်မှာတင် အန်နေတဲ့အေးဘုံကို မြင်တော့ ပိုက်လိုက်ရာက ပြန်လာတဲ့ ကျုပ်ခြေလှမ်းတွေ ပိုသွက်သွားတယ်။

"ဟာ အေးဘုံ စောစောစီးစီး ဘာဖြစ်တာလဲ နေမကောင်းလို့လား"

လက်ထဲက ပိုက်ကိုချ၊ ငါးထုပ်ကို ဝါးစွန်တစ်ခုမှာ ချိတ်လိုက်ပြီး အေးဘုံအနားကို ရောက်သွားမိတယ်။

"ဖျားတာ မဟုတ်ဘူး ဟိုဟာဖြစ်တာနေမှာ"

အန်ရလွန်းလို့ မောပန်းနေဟန်ရတဲ့ အေးဘုံအသံက တိုးတိုးပဲထွက်လာတာပါ။ ဒါပေမယ့် ကျုပ်နားတစ်ခုလုံး အူသွားသလိုပဲ။

"ဘာ ဟာနင့်ဟာက မလွန်လွန်းဘူးလား ဟာ၊ အငယ်မတောင် ဘယ်နှလရသေးလို့လဲ"

"ဘာပြောတယ် အခုဗိုက်ကြီးတော့ ကျုပ်အပြစ်ပေါ့ဟုတ်လား။ တော့်အပြစ်ကျမပါတော့ဘူးလား ကျက်သရေတုံးကြီးရဲ့"

မောနေပေမယ့် ရန်ထောင်လိုက်တဲ့ အေးဘုံအသံကတော့ ကျယ်လွန်းလှတယ်။

"ကဲ တော်ပါ။ ဆက်မပြောနေနဲ့တော့။ နင်နေလို့ မကောင်းဘူးမို့လား။ ငါပဲထမင်းချက်လိုက်မယ်။ ပြန်အိပ်နေလေ"

စကားစကိုဖြတ်ပြီး မီးဖိုရှိရာလာခဲ့လိုက်တယ်။ ဟုတ်တယ်လေ။ အဲလိုမှ မဟုတ်လို့ရှိရင် အေးဘုံပါးစပ်ကထွက်လာမယ့် ဖရုသဝါစာစကားတွေကို နားမချမ်းသာအောင် ကြားရတော့မယ်လေ။ ဒါပေမယ့်လည်း အေးဘုံထံက ရှိုက်သံသဲ့သဲ့ကိုတော့ စိတ်မချမ်းသာစွာ ကြားနေရတယ်။ ဆန်အိုးထဲကဆန်ကို ခြစ်ခြုတ်ယူပြီး ထမင်းအိုးတည်လိုက်တယ်။ ပိုပိုတိုးတိုးလာမယ့် ပါးစပ်ပေါက်တွေအတွက် ကျုပ်ရင်လေးလာမိတယ်။ ဒီအိမ်မှာ ငွေရှာနိုင်တာဆိုလို့ ကျုပ်တစ်ယောက်ပဲရှိတာလေ။ လူ့ဘဝဆိုတာ ရခဲလှဆိုပဲ။ လူ့ပြည်က အပ်တစ်စင်း ဗြဟ္မာပြည်ကအပ်တစ်စင်း ဆုံမိမှ လူဖြစ်တယ်ဆိုလား။ ကျုပ်အိမ်မှာတော့ အပ်တွေ မကြာမကြာ ဆုံကြလေသလား။

× × ×

ကျုပ်ရှာဖွေသမျှကိုတာ မစုဆောင်းတတ်ပေမယ့် စုတတ်တာစုထားတဲ့ ကျုပ်မိန်းမရဲ့စုဘူးက ဘယ်ချိန်ပေါက်မယ် မသိပေ။ ကျောင်းအပ်တွေလက်ခံနေပြီမို့ ကျုပ်သားအကြီးကို ကျောင်းအပ်ရင် အဖြူအစိမ်းတစ်စုံနဲ့ လွယ်အိတ်လေးတော့ ဝယ်ပေးချင်မိတာအမှန်။ ဒီညတော့ ကျုပ်ရဲ့အလုပ်သစ်စလုပ်တော့မယ်။ အလုပ်နဲ့ပတ်သက်ရင် အကုသိုလ်ကောင် ကျုပ်က သိပ်လာဘ်မြင်တာလေ။ မနေ့ကဘဲ ရွာတောင်ပိုင်းက မတင်ရွှေဆီကနေ နေ့ပြန်တိုးယူပြီး တရုတ်လုပ်ရှော့စက် တစ်လုံးဝယ်လာတယ်။ ဒီနေ့ပဲဆင်ပြီး ကျုပ်လုပ်ငန်းစတော့မယ်။ ဒီလိုရေဝင်စ အချိန်တွေဆို ငါးရှဥ့် သိပ်ပေါတာဗျို့။ ဈေးကလည်းကောင်းတယ်လေ။ ရှော့စက်ထည့်ထားတဲ့ပုံးကို ကျောပေါ် လွယ်လိုက်တယ်။ ဘွတ်ခြေနင်းကိုစီး၊ ဓာတ်မီးကိုခေါင်းမှာ ကြိုးနဲ့မြဲအောင် သိုင်းစည်းပြီး ထွက်လာခဲ့တယ်။ ကျုပ်ထွက်လာတဲ့နေရာကတော့ ရွာနောက်က သချိုင်းရှိရာကိုပဲ။ အခုချိန်က မိုးကြိုစပါး ရေစလွှတ်ချိန်မို့ သချိုင်းနားက တာကျင်းတွေမှာ ရေဝင်စပြုနေပြီလေ။ ငါးရှဥ့်ဆိုတဲ့ အကောင်တွေက အပုပ်သိပ်ကြိုက်တာ။ တော်တော်ဝေးတဲ့ အကွာအဝေးကနေတောင် ဒီကောင်တွေက အနံ့ခံနိုင်တယ်လို့ ကြားဖူးတယ်။ ဆုတောင်းကောင်းတဲ့အရာတော့မဟုတ်ပေမယ့် ဒီနေ့က ပထမဆုံးနေ့မို့ လာဘ်ဦးအနေနဲ့ များများရပါစေလို့ ကျုပ်ဆုတောင်းလိုက်မိတယ်။ မတင်ရွှေဆီက ယူလာတဲ့ နေ့ပြန်တိုးဆိုတာက နေ့တိုင်းဆပ်ရမှာ မဟုတ်လား။ ကျုပ်လိုပဲ ငါးရှဥ့်တိုက်တဲ့ ရွာလယ်က ဖိုးမောင်ကို ဝင်ခေါ်လိုက်တယ်။

"ဖိုးမောင်ရေ ငါကတော့ သချိုင်းဘေးက တာကျင်းရိုးထဲသွားမှာ။ မင်းအတူလိုက်မလား"

"မလိုက်တော့ဘူး ကိုတူး။ ကျုပ်က ဟိုဘက်က လယ်ကန်သင်းရိုးတွေဘက်သွားမှာ။ ပြန်ရင်သာ ကျုပ်ကို မီးလှမ်းထောက်လိုက်"

ကျုပ်တစ်ယောက်တည်း လာခဲ့လိုက်တယ်။ ဖိုးမောင်က တစ္ဆေသိပ်ကြောက်တတ်တာလေ။ သချိုင်းနားဆိုတော့ မလိုက်ရဲတာ ထင်ပါရဲ့။ တာကျင်းထဲကိုဆင်းပြီး ရှော့စက်ကို စဖွင့်လိုက်တယ်။ ရေကတော့သိပ်မများသေးဘူး။ ခြေသလုံးတစ်ဝက်လောက်ရှိသေးတယ်။ ဝါဆိုဝါခေါင်လောက်ဆို ဒီတာကျင်းတွေထဲက လူအရပ်မီအောင် ရေများပြီလေ။ ကျုပ်မှန်းတာ မမှားဘူး။ ငါးရှဥ့်တွေက အကောင်ချောကြီးတွေချည်းပဲ။ အခုလို အကောင်ကြီးရင် ဈေးပိုပြီးရတယ်။ ရှော့နဲ့ တို့မိလို့ ရေပေါ်မှာပေါ်လာတဲ့ အကောင်တွေကို ရှော့စက်ရပ်ပြီး လက်နဲ့ယူရတယ်။ ရှော့စက်ကို မရပ်မိရင် လူကိုရှော့မိတတ်တယ်လေ။ ဘာကြာသေးလဲ။ ပြီးခဲ့တဲ့တစ်လလောက်ကမှ ဟိုကောင်ဖိုးမောင်၊ ငါးရှော့တို့ရင်း ရှော့မိပြီး သတိလစ်သွားတာ။ အနီးမှာ နွားကျောင်းသားတွေရှိလို့ အသက်မပျောက်တယ်ဆိုပဲ။ ဒီနေ့တော့ လာဘ်ဦးကောင်းတယ် ပြောရမလား။ ငါးရှဥ့်တော်တော်ရနေပြီ။ အကောင်တွေလည်းကြီးတယ်။ လာဘ်လို့ ပြောလို့ မသင့်တော်ပါဘူး။ ကျုပ်လုပ်နေတာ အကုသိုလ်အလုပ်လေ။ သူများတွေ ပြောသလိုပဲ။ အကုသိုလ် အကျိုးပေးတယ်ပေ့ါ။ ရလိုလောဘနဲ့ဆိုတော့ ပတ်ဝန်းကျင်ကို သတိမထားမိဘူး။ ဘယ်နားရောက်နေပါလိမ့်လို့ ဘေးဘီကို မီးနဲ့ဝေ့ကြည့်လိုက်တယ်။ ရွာနဲ့တောင် အတော်ဝေးလာလေပြီ။

"တီ တီ တီ"

ဆိုတဲ့ ရှော့စက်သံမှာ တစ်ခုခုကိုတို့မိသွားတဲ့ အသံကြားလို့ ရှော့စက်ကိုရပ်ပြီး ခြေထောက်နဲ့အသာစမ်းကြည့်လိုက်တယ်။ ငါးအကောင်ကြီးရင် ငါးရှဥ့်လိုအပေါ် ပေါ်မလာဘူး။ လက်နဲ့က မစမ်းရဲဘူး။ တစ်ခါတစ်ရံမှာ မြွေဖြစ်တတ်လို့။ ခြေထောက်မှာသာ ဘွတ်ဖိနပ်စီးထားလို့လေ။ ငါးဆိုတာသေချာမှ လက်နဲ့စမ်းယူလိုက်တယ်။ ဟာ။ ငါးရံ့နှစ်ကောင်ဗျို့။ ဒီလိုချိန်က ဒီလောက်ကြီးတဲ့ ငါးရံ့ရခဲတယ်။ ငါးရံ့အကောင်ကြီးရင်ဈေးကလည်းကောင်းတယ်လေ။ ကျုပ်တော်တော် ဝမ်းသာသွားတယ်။ ဒီကောင်တွေလောက်ဆို တစ်ပိဿာ ရှစ်ထောင်လောက်ရှိတယ်။ နှစ်ကောင်ပေါင်း တစ်ပိဿာခွဲလောက်ဆိုတော့ ဒီနေ့အတွက်တော့ ပွပြီလေ။ ရှော့စက်ကို ရပ်ပြီး ပြန်တော့မယ်စိတ်ကူးလိုက်တယ်။

"ရှူး"ဆိုတဲ့ နှာမှုတ်သံ ခပ်ပြင်းပြင်းကြောင့် ကျုပ်တောင် လန့်သွားတယ်။ ကြောက်လန့်တကြား ဘေးကိုသေချာဓာတ်မီးထိုးကြည့်လိုက်တော့

"ဟာ အမလေး"

ကျုပ်ပါးစပ်ကနေတောင် အသံထွက်သွားတယ်။ နည်းတဲ့အကောင်ကြီးလား။ အစကတော့ မြွေပွေးကြီးထင်နေတာ။ အသေအချာကြည့်မှ စပါးကြီးမြွေကြီးဖြစ်နေတယ်။ ခေါင်းကတော့ ရေပေါ်မှာပေါ်နေတယ်။ ရေထဲမှာရှိတဲ့ ကိုယ်ထည်က ကျုပ်ခြေသလုံးလောက်တော့ အသာရှိမယ်။ တရှူးရှူး မှုတ်နေတဲ့ နှာမှုတ်သံ တော်တော်ဒေါသထွက်နေတဲ့ပုံ။ တကယ်တော့ ဒီအကောင်ကြီးက ခုနက ကျုပ်ရလိုက်တဲ့ ငါးရံ့နှစ်ကောင်ကို ချောင်းနေပုံရတယ်။ ကျုပ်ရှော့စက်က သူ့ကို တို့မိသွားတယ်ထင်ရဲ့၊ အမြီးပါလှုပ်ယမ်းလာပုံက ကြောက်စရာ။ အစကတည်းက ကျုပ်ဆိုတဲ့ကောင်က မြွေဆိုရင် ရေမြွေကိုတောင် ကြောက်တဲ့သူ။ အခု ကျုပ်ဘယ်လိုလုပ်ရမလဲ။ ဒီကောင်ကြီး မလှုပ်တော့အောင်ငြိမ်သွားမှ ရှော့စက်ကိုရပ်လိုက်တယ်။ ကျုပ်တစ်ကိုယ်လုံးလည်း တုန်တုန်ဆတ်ဆတ်ကိုဖြစ်လို့။ ကျုပ်က ဖားငါးရှာတဲ့ တံငါအလုပ်သာလုပ်တာ။ အကောင်ကြီးကြီးဆို တစ်ခါမှသတ်ဖူးတာမဟုတ်ဘူး။ ဝမ်းရေးအတွက် ရှာဖွေရင်း အန္တရာယ်ဒုက္ခတွေနဲ့ ကျုပ်ရင်ဆိုင်တိုက်ခိုက်ဖူးပေမယ့် ဒီတစ်ခါတိုက်ပွဲကတော့ ကျုပ်ကိုစိတ်အလှုပ်ရှားစေဆုံးပဲ။ ကျုပ်ရဲ့နှလုံးခုန်နှုန်းတွေ ပြန်မှန်လာပြီဆိုမှ ဒီကောင်ကြီးကို ဘာလုပ်ရမလဲ စဉ်းစားမိတယ်။ သေသွားမှတော့ မထူးတော့ပြီမို့ ကျုပ်အတွက်ငွေရအောင် ဖန်ရမှာပဲ။ ရွာတောင်ပိုင်းက ရွာထဲကထွက်သမျှ ကုန်စိမ်းတွေကို ဖောက်သည်ယူပြီး မြို့ဈေးမှာ သွားရောင်းတဲ့ မတုတ်မကိုသတိရသွားတယ်။ သူကတစ်ခါက ကျုပ်ကိုပြောဖူးတယ်။ စပါးကြီးသည်းခြေရရင် ဈေးကောင်းပေးဝယ်မယ်တဲ့။

စပါးကြီးသည်းခြေက ဈေးရောင်းကောင်းတယ်ဆိုလားပဲ။ စပါးကြီးဆိုတာ ဘယ်သူမှ သိပ်သတ်ကျတာမဟုတ်ဘူး။ မတုတ်မကို နှစ်သောင်းလောက်တော့ တောင်းရမယ်။ ထွက်လာခါနီးမှ အေးဘုံပြောလိုက်တဲ့ စကားကိုကြားရောင်မိသွားတယ်။

"ဒီကရှေ့ဆို မိုးနဲ့လေနဲ့၊ ကလေးတွေနဲ့ မလွယ်ဘူးတော်ရေ၊ ဆန်လေးတစ်ပိုင်းလောက်တော့ ဝယ်ထားချင်သား" ဆိုပဲ။ အေးဘုံလိုချင်တဲ့ ဆန်တစ်ပိုင်းတော့ ဝယ်လို့ရပြီလေ။ စပါးကြီး အရေခွံကို နိုင်ငံခြားမှာ လက်ကိုင်အိတ်တို့ ဘာတို့လုပ်တယ်လို့လည်း ကျုပ်ကြားဖူးတယ်။ ငါးရှဥ့်ဒိုင်ကို ရသလောက်နဲ့ ရောင်းခိုင်းရမှာပဲ။ အတွေးနဲ့တော့ တော်တော်အဆင်ပြေသွားတယ်။ တာရိုးပေါင်ပေါ်တက်ပြီး ဖိုးမောင်ကိုရှာကြည့်လိုက်တယ်။ ဟိုဘက် လယ်ရိုးတွေကနေ ဒီဘက်ကိုလာနေတဲ့ မီးရောင်ကိုမြင်တော့ မီးနဲ့ထောက်ပြီး အချက်ပြ လှမ်းခေါ်လိုက်တယ်။ ဒီကောင်ကြီးကို ကျုပ်တစ်ယောက်တည်း မသယ်နိုင်ဘူးလေ။ လမိုက်ညမို့ မှိုင်းပျပျကောင်းကင်ကို မော့ကြည့်လိုက်တော့ ခုနစ်စဉ်ကြယ်ပင် အမြီးထောင်နေလေပြီ။ ဒီချိန်လောက်ဆို စိတ်ပူတတ်တဲ့ ကျုပ်မိန်းမ အိပ်ရာကနေ ထစောင့်နေလောက်ပြီထင်ရဲ့။ ။

ကြေးမုံ
အထူးဂျာနယ်

ဆောင်းပါး

# ဆုံးမတတ်စေချင်ပါသည်

■ ဆန်းလင်းအောင်

တစ်နေ့က ကျွန်တော် ထမင်းဆိုင်တစ်ဆိုင်ကို ထမင်းသွားစားပါတယ်။ အဲဒီဆိုင်မှာ ထမင်းစားနေကြတဲ့သူတွေ အများကြီးပါပဲ။ ခဏလောက်ကြာတော့ ဆိုင်ရှင်အဒေါ်ကြီးက သူ့သားကို လူပုံအလယ်မှာ အော်ကြီးဟစ်ကျယ်နဲ့ ရိုက်နှက်ဆုံးမနေပါတယ်။ အကြောင်းက သူ့ကို အသိမပေးဘဲ အပြင်ကို အလည်ထွက်လို့ပါတဲ့။ ကောင်လေးက ၁၆၊ ၁၇ အရွယ်လေးပါ။ လူပျိုပေါက်ဖြစ်နေပါပြီ။ အခုလို လူအများကြားမှာ အရိုက်ခံရတော့ အံတကြိတ်ကြိတ်နဲ့ ဒေါသလည်းထွက်ပြီး ရှက်နေရှာပါတယ်။

ဒီမြင်ကွင်းကိုမြင်ရတော့ ကျွန်တော် ထမင်းကို ဆက်မစားချင်တော့တာကြောင့် ပိုက်ဆံရှင်းပြီး ထွက်လာခဲ့ပါတယ်။ ခေါင်းထဲမှာ အတွေးတွေ တသီကြီးနဲ့ပါပဲ။ ကျွန်တော်တို့တွေဟာ ကလေးတွေကို ရိုက်နှက်ဆုံးမပါမှ လိမ္မာမှာတဲ့လားဆိုပြီး အမျိုးမျိုးတွေးနေမိပါတယ်။ ကျွန်တော့် အသက် ၂၀ ရှိပါပြီ။ ဒီအသက်အရွယ်ထိ အဖေ တစ်ခါမှ မရိုက်ဖူးပါဘူး။ ကျွန်တော် အမှားလုပ်တဲ့အခါ ညလုံးပေါက် ထိုင်စကားပြောတယ်။ အကောင်းအဆိုးကို ခွဲခြားပြပြီး စိတ်ရှည်လက်ရှည် ရှင်းပြပေးတတ်တယ်။ ဇန်းမော် ဆရာတော်ရဲ့ ဆုံးမစာတွေကို တစ်ပုဒ်ပြီးတစ်ပုဒ် ရွတ်ပြတတ်တယ်။ ဝါကျတစ်ကြောင်းချင်းစီရဲ့ အဓိပ္ပာယ်ကို အကျယ်တဝင့် ဖွင့်ဆိုပြတတ်တယ်။

ဒါကြောင့် တစ်ယောက်ယောက်က မဟုတ်တာ တစ်ခုခုလုပ်ဖို့ တိုက်တွန်းတဲ့အခါ အဖေ့စကားတွေကို ပြန်ကြားယောင်ရင်း ပြတ်ပြတ်သားသား ငြင်းပယ်ခဲ့လေ့ ရှိတယ်။ ဒါဟာ ကိုယ်ရည်သွေးပြတာမဟုတ်ပါဘူး။ အဖေ ကျွန်တော့်အပေါ် ဆုံးမပုံကိုချပြခြင်းသာ ဖြစ်ပါတယ်။ အခု ဒီစာကိုဖတ်နေရင်းနဲ့ မိမိကိုယ်ကို သုံးသပ်ဆင်ခြင်ကြည့်ကြပါ။ ကိုယ်နဲ့သွေးသားမကင်းတဲ့ ကလေးတွေအပေါ် ဘယ်နည်းဘယ်ပုံ ပြုမူဆုံးမဖူးလဲဆိုတာ.. ကလေးတွေရဲ့ ခံစားချက်တွေကို ဖွင့်ပြောလာအောင် နားလည်မှုပေးခဲ့ပါသလား။

သူတို့လေးတွေရဲ့ မျှော်လင့်ချက်ကို မသိမသာဘဲ ဖြစ်ဖြစ် သိသိသာသာပဲဖြစ်ဖြစ် ရိုက်ချိုးခဲ့ဖူးပါသလား။ သူတို့အသားကို နာအောင်ရိုက်လိုက်မှ မှတ်သားသွားမယ်လို့ ယူဆဖူးပါသလား။ ကိုယ့်ကို ကြောက်စေချင်တဲ့စိတ်နဲ့ "ငါပြောတဲ့အတိုင်းလုပ် ဘာမှ ပြန်မပြောနဲ့" ဆိုပြီး ဖိနှိပ်ချုပ်ချယ်ဖူးပါသလား။ ဒါနဲ့ပတ်သက်ပြီး ကျွန်တော့် ငယ်သူငယ်ချင်းတစ်ယောက်အကြောင်းကို ဖောက်သည်ချချင်ပါတယ်။

သူငယ်ငယ်က သိပ်ကို အနေအေးပါတယ်။ အိမ်ကိုလည်း ကြောက်ရပါတယ်။ မဖြစ်စလောက် အမှားလေး လုပ်မိရင်တောင် တိုင်ကိုဖက်ခိုင်းပြီး တုတ်နဲ့နာနာ ရိုက်လေ့ရှိပါတယ်။ သူဟာ အိမ်ပြန်ရမှာကိုကြောက်နေတတ်ပါတယ်။ သူများတွေ ကျောင်းဆင်းလို့ ပျော်မြူးစွာနဲ့ မိမိနေအိမ်ကို ပြေးလွှားပြီး အပြေးပြန်ကြတဲ့အခါ သူကတော့ ငေးတိငေးငိုင်နဲ့ပါပဲ။ အရွယ်နဲ့မမျှအောင် အလုပ်ကို လုပ်ရပါတယ်။သူ့မိဘက ချမ်းသာပါတယ်။ သူ့ကို လိမ္မာစေချင်တာကြောင့် အကြီးအကျယ် ချုပ်ချယ်ထားကြပါတယ်။ ဒါပေမယ့် ဖြစ်လာတဲ့ရလဒ်ကတော့ မိဘတွေကို နောင်တရစေပါတယ်။ ဟုတ်ပါတယ်။ သူဟာ ငယ်ငယ်လေးနဲ့ စိတ်ဖိစီးမှုတွေများလွန်းတာကြောင့် အိမ်ကို အရွဲ့တိုက်ပြီး သူ့စိတ်ထင်ရာ အကုန်လုပ်တော့တာပါပဲ။

ညသန်းခေါင်ကျော် အရက်မူးပြီး ပြန်လာ။ သူ့မိဘက တုတ်ကြီးကြီးနဲ့ ငိုယိုပြီး ရိုက်နှက်။ သူက ခံစားချက်ကြီးကြီးနဲ့ အော်ပြော "ကြိုက်သလောက်ရိုက် ဒီနေ့ကစပြီး ကျုပ်လုပ်ချင်ရာ လုပ်တော့မှာ" လို့ နာနာကျင်ကျင် ဟစ်ကြွေးပါတယ်။ အဲဒီအချိန်ကစပြီး တစ်ဆွေလုံးတစ်မျိုးလုံးက သိပ်ပြီး လိမ္မာယဉ်ကျေးခဲ့ဖူးတဲ့ သူ့ကို ဘယ်သူမှ ထိန်းလို့ မရတော့တာကြောင့် လွှတ်ပေးထားရပါတယ်။ ခုလည်း သူလုပ်ချင်ရာ လုပ်နေတော့တာပါပဲ။ စိတ်ဓာတ်ကောင်းတဲ့ သူငယ်ချင်း၊ စာတော်တဲ့ သူငယ်ချင်း၊ သတ္တိရှိတဲ့ သူငယ်ချင်း၊ အနစ်နာခံဝံ့တဲ့သူငယ်ချင်းဟာ ကျောင်းမှာ မပျော်တော့ဘဲ ငယ်ငယ်လေးနဲ့ဘဝလမ်းကို လျှောက်လှမ်းသွားပါတော့တယ်။ ဒါဟာ မိဘရဲ့ မှားယွင်းတဲ့ပုံသွင်းမှုတွေကြောင့်လို့ထင်ပါတယ်။ ကလေးဆိုတာလည်း သက်ရှိလူသားတွေပါပဲ။ သူတို့မှာ ခံစားချက်ရှိတယ်။ သူတို့မှာ မျှော်လင့်ချက်ရှိတယ်။ သူတို့မှာ အဆင်မပြေမှု ရှိတယ်။ ဒါတွေကို မိဘဖြစ်သူကနားလည်ပေးတတ်ဖို့ သိပ်ပြီး လိုအပ်ပါတယ်။ မိဘဆိုတာ သားသမီးတို့ရဲ့လက်ဦးဆရာတွေပါ။ ကိုယ့်သားသမီးရဲ့ စရိုက်လက္ခဏာဟာ သွန်သင်ဆုံးမပေးသူ မိဘများနဲ့ တိုက်ရိုက်သက်ဆိုင်နေပါတယ်။ ကလေးတွေဟာ သူတို့ကိုရိုက်နှက်ရင် အားမတန်လို့ မာန်လျှော့ထားရပေမယ့် စိတ်ကတော့ နာကြည်းနေတတ်ပါတယ်။ ကလေးတွေဟာ မိဘပဲဖြစ်ဖြစ် ဆရာပဲဖြစ်ဖြစ် သူတို့ကိုရိုက်တဲ့အချိန်မှာတော့ မုန်းတီးနေကြပါတယ်။ ဆိုလိုတာက လူဆိုတာ ငရုတ်သီးစားတဲ့အခါ စပ်မယ်။ သံပရာသီးစားရင် ချဉ်မယ်။ ထန်းလျက်ခဲကိုက်ရင် ချိုမယ်။ ဒီသဘောပါပဲ။ နည်းကောင်းလမ်းမှန်နဲ့ဆုံးမကြဖို့၊ ကလေးတွေနားလည်လက်ခံလာအောင် စိတ်ရှည်လက်ရှည် ရှင်းပြပေးကြဖို့၊ သူတို့လေးတွေ ခံစားချက်ကို အလေးထားပေးကြဖို့ ဒီနေရာကနေ အကြံပြုရေးသားလိုက်ရပါတယ်။

## အညာနွေ

ခါနွေဦးရဲ့လှပန်းချီ၊
လက်ပံရဲရဲနီ။
စိမ့်စမ်းရေကြည် နွေမှာခန်း၊
တေးဆိုဉသြလွမ်း။
တောင်ခြေစခန်း လှမ်းလို့မျှော်၊
မြူခိုးတွေနဲ့နော်။
စိတ်ထဲမပျော် သခ်ါရ၊
တရားသဘောပြ။
သဘာဝရဲ့ သည်ချိန်ခါ၊
ကြွေကျရော်ရွက်ဝါ။
ပင်စည်တိုင်းမှာ ရွက်သစ်ကိုင်း၊
ရိုးတံတွေကပြိုင်း။
ဖုန်လှိုင်းတွေက တဝေဝေ၊
လှည်းလမ်းကြောင်းမှာနေ။
အညာနွေမှာ သူရိန်မင်း၊
အပူရှိန်ကပြင်း။
အလုပ်ရှင်းစ ကိုတောင်သူ၊
ရိတ်သိမ်းပြီးလို့လှူ။
ဘာသာအယူ မြတ်ဗုဒ္ဓ၊
လှူဒါန်းပျော်ရွှင်ရ။ ။

ကိုသောင်းLK

# သင်္ကြန်ခါတွင်း ဘေးရန်ကင်း၊ ထိန်းသိမ်းရိုးရာအမွေ

■ အဂ္ဂနက်

သင်္ကြန်နှစ်ဦး တူးပို့ တူးပို့..... ထူးလို့ မြူးသာယာ.....သင်္ကြန်မယ်များ တူးပို့ တူးပို့.....တူးမာရဲ့နော်ဗျာ.....ငွေငန်းသံစုံ တူးပို့ တူးပို့.....အာရုံဖျော်ဖြေတာ..... မယ်တို့ကိုလည်း တူးပို့ တူးပို့.....မာပါစေခင်ဗျာ။

နွေဦး၏ လေပြေလေရူးလေးများနှင့်အတူ သင်္ကြန်သီချင်းသံများ ပျံ့လွင့်လာ၏။ ထိုသင်္ကြန်သီချင်းသံများကြားတိုင်း စိတ်သည် မြူးကြွလာရ၏။ နှလုံးသည် ရွှင်လန်းလာရ၏။ ပိတောက်ပင်မှ ပိတောက်ပန်းပွင့်တို့၏ မွှေးရနံ့များလည်း ကြည်နူးဖွယ် ဆွတ်ပျံ့လာ၏။ သီချင်းသံလွင့်ပျံ့လာရာ ထီသည်တရားခံကား လက်တွန်းလှည်းလေးဖြင့် ရပ်ကွက်အစွန်သို့ ထွက်ခွာပျောက်ကွယ်သွားလေ၏။

ပန်းပိတောက်ဝါဝါတို့ကား နွေးထွေးစွာ ပွင့်လန်း၍ နူးညံ့နေကြ၏။ အစွမ်းကုန်ပွင့်နေသော ပိတောက်တို့သည် ကမ်းကုန်အောင် လှပနေကြ၏။ တေးရေးစာဆိုများကလည်း သင်္ကြန်နှင့် ပိတောက်၊ ပိတောက်နှင့် နွေ စသည် ဥတုရာသီ ပန်းပန်းချီတို့ကိုလည်း အနုပညာရသမြောက်စွာ ဖွဲ့ဆိုကြ၏။သီကုံးကြ၏။လူ့သဘာဝ၊ လူ့ပတ်ဝန်းကျင်များ အကြောင်းကိုလည်း အနုပညာတန်ဆာဆင်ကာ အတာသင်္ကြန်နှင့် လှပစွာ ဆင်မြန်းကြ၏။

နွေ၊ ပိတောက်၊ သင်္ကြန်။ နွေလည်းရောက်ပြီ။ ပိတောက်ပန်းတို့လည်း ပွင့်ကြပြီ။ သင်္ကြန်နှစ်ကူးတော့မည်။

မဟာသင်္ကြန်ပွဲကို မြန်မာလ တပေါင်းလ မိန်ရာသီ အကုန် တန်ခူးလမိဿရာသီသို့ ကူးပြောင်းချိန်တွင် ကျင်းပကြပါသည်။ဧပြီလထဲတွင် ဖြစ်ပါသည်။ သင်္ကြန်ပွဲရက်ကို အကြို၊ အကျ၊ အကြတ်၊ အတက်ဟူ၍ ကျင်းပပါသည်။ အစိုးရရုံးပိတ်ရက်များလည်း ဖြစ်ပါသည်။

ကျွန်တော်တို့ မြန်မာနိုင်ငံတွင် မြို့ရောတောပါမကျန် နေရာစုံ မဟာသင်္ကြန်ပွဲကို ကျင်းပကြသည်။ မြို့နယ်အလိုက်၊ ရပ်ကွက်အလိုက်၊ရပ်ရွာအလိုက် မဟာသင်္ကြန်ပွဲကို ကျင်းပကြသည်။ လူတန်းစားမရွေး အလွှာစုံကဏ္ဍစုံဖြင့် ပါဝင်ဆင်နွှဲ နွှဲပျော်ကြပါသည်။

ကျွန်တော်တို့တောရွာများတွင်လည်း တောဓလေ့အရ သင်္ကြန်ပွဲများကို ကျင်းပကြသည်။ ပျော်ပွဲရွှင်ပွဲများ၊ ကုသိုလ်ရေးများ အဆိုအက၊ အတီးအခုန်တို့ဖြင့် စည်ကားသိုက်မြိုက်စွာပင်။ ယဉ်ယဉ်ကျေးကျေးနှင့် နွေးထွေးပျူငှါစွာ ရေကစားပက်ဖျန်းကြသည်။ ရွှဲရွှဲစိုအောင်လောင်း၍ ခိုက်ခိုက်တုန်အောင်လည်း ချမ်းကြရသည်။ ပိတောက်တစ်ခက်ဖြင့် ချစ်သက်လက်ဆောင်များအဖြစ်လည်း ဖူးစာရေးဖွဲ့ ဇာတ်လမ်းဆင်ကြသည်။

ဘုရားသွားကျောင်းတက် ကုသိုလ်ရေးများလုပ်ကြသည်။ သက်ကြီးရွယ်အို အဘိုးအဘွားများအား ခေါင်းလျှော်ပေးခြင်း၊ ခြေသည်းလက်သည်း ညှပ်ပေးခြင်း စသည့် ကောင်းမှုကုသိုလ်များအား ပျော်ရွှင်စွာ စုပေါင်းလုပ်ဆောင်ကြသည်။ အကျွေးအမွေးအလှူကုသိုလ်များလည်း စိတ်အားတက်ကြွစွာ ကျွေးမွေးကုသိုလ်ပြုကြသည်။ မုန့်လုံးရေပေါ်များ၊ မုန့်ကြာစိမျာ း နယ်ကြလုံးကြ၊ မုန့်ဟင်းခါးများ၊ ကြာဆံချက်များ ချက်ကြ လုပ်အားတူဖြင့် ပျော်ရွှင်စွာ လုပ်ဆောင်ကြသည်။ ကုသိုလ်ရေးဖြစ်၍ လက်မနှေးကြ။ တက်အားသမျှ အဘက်ဘက်ကပါဝင်ကူညီ ကုသိုလ်ပြုကြသည်။ ထို့ပြင် နွားများ၊ ကျွဲများ၊ ငါးများ စသည့် သက်ရှိသတ္တဝါများကိုလည်း ဘေးမဲ့လွှတ်ကြသေးသည်။နိုင်ငံ့ဥပဒေဖြင့် အချုပ်သားများလည်း လွတ်ငြိမ်းချမ်းသာခွင့်ရကြသည်။

မကြာခင် မြန်မာနှစ်ကူးတော့မည်။ နှစ်တစ်နှစ်အစတွင် ကောင်းမှုကုသိုလ်များဖြင့် စတင်ခြင်းသည် မင်္ဂလာရှိ၏။ ထိုမျှမက နှစ်တစ်နှစ်၏အစတွင်ပျော်ရွှင်စွာဖြင့် နှစ်ဟောင်းကိုစွန့်၍ နှစ်သစ်ကိုကြိုဆိုရခြင်းသည်လည်း မင်္ဂလာရှိသောအရာပင် ဖြစ်ပါသည်။

နှစ်သစ်တွင် နှစ်သစ်ဘဝသစ်ဖြင့် ရှင်သန်ရဦးမည်။ အသစ်အသစ်သော စိတ်နှလုံးပြောင်းလဲမှုများဖြင့်၊ အသစ်သစ်သော စိတ်နှလုံးကောင်းများဖြင့် နောက်တစ်နှစ်တာ ဖြတ်သန်းရပေဦးမည်။

နေ့တစ်နေ့၏ အစတွင် စိတ်ကို ကြည်လင်သန့်ရှင်းအောင် ထားသကဲ့သို့ နှစ်တစ်နှစ်၏ အစတွင်လည်း စိတ်နှလုံးကြည်လင်အောင်ထားသင့်ပေသည်။ နှစ်တစ်နှစ်၏ ကုန်ဆုံးချိန်တွင် ကျွန်တော်တို့ ဘဝကို၊ လူမှုပတ်ဝန်းကျင်ကို မည်မျှအကျိုးရှိအောင်နေထိုင်ခဲ့ပြီးပြီနည်း။ ပြန်လည်ဆင်ခြင်သင့်ပေသည်။ နှစ်သစ်တွင်လည်း မိမိတို့၏ ဘဝရှင်သန်မှုကို မည်ကဲ့သို့ ဖြတ်သန်းမည်နည်း။ အစီအစဉ်အသစ် စိတ်နှလုံးအသစ်ဖြင့်ဖြတ်သန်းရာတွင် လူမှုပတ်ဝန်းကျင်ကို အကျိုးပြုရမည်။ မိမိကိုယ်ကိုလည်း အကျိုးပြုရမည်။

ကျွန်တော်တို့သည် နှစ်သစ်အတာသင်္ကြန်၏ ပျော်ပွဲရွှင်ပွဲများနှင့်အတူ လိုက်ပါပျော်ရွှင်ကြဦးမည်။ လွဲမှားသော၊ အန္တရာယ်ရှိသော ပျော်ရွှင်မှုမျိုး မဖြစ်သင့်။ တိုးတက်ပြောင်းလဲလာသော ခေတ်စနစ်၏ ယဉ်ကျေးမှုနှင့်အတူ လွဲမှားသော သင်္ကြန်တွင်းပျော်ရွှင်မှုမျိုးမဖြစ်သင့်။ တိုးတက်ပြောင်းလဲလာသော သင်္ကြန်ယဉ်ကျေးမှု၏ အရှေ့တွင် ကောင်းကျိုးဆိုးကျိုးများ ဒွန်တွဲပါလာကြသည်။ ရှေးအခါက ရိုးရိုးယဉ်ယဉ်နှင့် ပိတောက်တစ်ခက်ဖြင့် ရေပက်ကြရာက ယခုအခါ ဆန်းဆန်းထွင်ထွင်နှင့် ရေပိုက်များဖြင့် ရေကစားလာကြသည်။ရှေးအခါက ရင်ဖုံးအင်္ကျီ ချိတ်ထမီနှင့် ရေကစားခဲ့ကြရာမှ ယခုအခါ လျှပ်ပေါ်လော်လည်သော ဝတ်စားဆင်ယင်မှုဖြင့် ရေကစားကာ ပျော်ရွှင်မှုအတုအယောင်တွင် နစ်မွန်းလာကြသည်။ ခုံမင်လာကြသည်။ အသားကပ်၊ ရင်ဟိုက်၊ပေါင်တို၊စကပ်တိုများဖြင့် ရေကစားလာကြသည်တွင် အမြင်မသင့်ရအောင် ရှိလှသည်။ အန္တရာယ်ကိုလည်း ဖိတ်ခေါ်သလို ဖြစ်လာသည်။

အရက်ယဉ်ကျေးမှု၊ ဘီယာယဉ်ကျေးမှု ခေတ်မီသည်ဟု တွင်တွင်ဆိုကာ ပျော်ပွဲရွှင်ပွဲများတွင် သောက်စားမူးယစ်လာကြသည်။ လူကြီးမှမဟုတ်၊ လူငယ်မှမဟုတ်၊ ကျား-မ မရွေး အရွယ်စုံ သောက်စားမူးယစ်လာကြသော အခါတွင် အပျက်အပျက်နှင့်နှာခေါင်းသွေးထွက်လာရသည်။ တန်ဆေးလွန်ဘေးဆိုသကဲ့သို့ အပျော်မှအပျက်သို့ အပျော်မှ ခိုက်ရန်ဖြစ်ပွားမှုသို့ ကူးပြောင်းလာရသည်။ စိတ်နှလုံးနူးညံ့သူများ သောက်လေ၊ မူးလေ စိတ်နှလုံးပျော်ရွှင်လေဖြစ်မည်ဆိုသော်လည်း ကျန်းမာရေးအသိအရကြည့်မည်ဆိုလျှင်မကောင်း၊ သောက်လေ မူးလေ သွေးဆိုးလေဆိုသော် ခိုက်ရန်ဖြစ်ပွားမှုများ ဖြစ်လာရသည်။

လူတစ်ယောက် အလွန်အကျွံမူးယစ် ရီဝေလာသောအခါ စိတ်နှင့်လူ မကပ်။ မြင်မြင်ရာ မည်းမည်း ရန်သူကဲ့သို့ သတ်မှတ်လာကြသည်။ စိတ်အခန့်မသင့်သည်နှင့် တစ်ပြိုနက် ရန်ပွဲများဖြစ်လာရသည်။သောက်စားမူးယစ်ပြီးသည်တွင် စိတ်သည်ကြွလာ၏။ ငါဆိုသော အတ္တသည်လည်း ခေါင်းထောင်ထလာ၏။ ထိုအချိန်တွင် အနည်းငယ်သော တွန်းတိုက်မှု အမှားတွင်ပင် "ငါ့ကို ဘာကောင်ထင်လို့လဲ၊ ငါ့အကြောင်း သိစေရမယ်" စသော ရန်စကားများသည် အစီအရီထွက်ပေါ်လာရတော့၏။ စကားနည်းရန်စဲမဟုတ်ဘဲ စကားများရန်များဖြစ်လာရသည်။ ထိုသို့သော လူမှုပြဿနာသည် အသေးအဖွဲ့မှစလာသည်။ ပြဿနာသည် မီးခွက်ထွန်းရာ၍မှ မဟုတ်၊ သူ့အလိုလိုပင် အမှိုက်လေးတစ်စကဖြင့် ပြာသာဒ် မီးလောင်ရသည်။

ဤသို့ဖြင့် ငြိမ်းအေးသော သင်္ကြန်သည် ပူလောင်သော သင်္ကြန်ဖြစ်လာရသည်။ ရိုးရိုးလေးယဉ်နေသော သင်္ကြန်သည် ဆန်းဆန်းပြားသင်္ကြန်ဖြစ်လာရသည်။ သင်္ကြန်တွင်း ငြိမ်းချမ်းစွာပျော်ရွှင်ရမည့် အလျောက်၊ ငြိမ်းချမ်းစွာ ကုသိုလ်ပြုရမည့်အလျောက်၊ စိတ်မလုံခြုံစွာ ကုသိုလ်ပြုလှူဒါန်းကြရသည်။ ပူပန်စွာ ရေကစားပျော်ရွှင်ကြရသည်။ ဤသည်မှာ မြန်မာ့ရိုးရာ မဟာသင်္ကြန်အငွေ့အသက်၊ မဟာသင်္ကြန်၏ ယဉ်ကျေးမှု ဆုတ်ယုတ်နေပြီလားဟူ၍ ပြန်လည်ဆင်ခြင်မိပါသည်။

အချုပ်အားဖြင့်ဆိုရသော် ကျွန်တော်တို့သည် မြန်မာ့ရိုးရာ မဟာသင်္ကြန်၊ အတာသင်္ကြန်ကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲသည့်အခါ လိမ္မာယဉ်ကျေးစွာဖြင့် ပါဝင်ဆင်နွှဲသင့်ပေသည်။ ထို့ပြင် စိတ်အညစ်အကြေးများကို သင်္ကြန်ရေများနှင့် စင်ကြယ်စေပြီး နှစ်သစ်တွင်လူသစ် စိတ်သစ်နှင့် ရှင်သန်နိုင်ရန်၊ လူ့ပတ်ဝန်းကျင်အကျိုးပြုနိုင်ရန် ရှေးရှုလျက် မဟာသင်္ကြန်ပွဲတွင် အန္တရာယ်ကင်းစွာ လိုက်ပါဆင်နွှဲရင်း မြန်မာ့ရိုးရာဓလေ့ ယဉ်ကျေးမှုကို ထိန်းသိမ်းသင့်ပေသည်။

## တရားတော်များအားထုတ်ရန်ဖိတ်ကြားခြင်း


ရန်ကုန်မြို့ ဒဂုံမြို့နယ်၊ မဟာဝိဇယစေတီတော် ဓမ္မရက္ခိတဓမ္မာရုံဗိမာန်တော်ကြီးတွင် ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း စစ်ကိုင်းတောင်ရိုး သိရီသုမနချောင် မိုးကုတ်ဝိပဿနာမဂ္ဂင်ဓမ္မရိပ်သာ ရှင်သီဝလိတောရရိပ်သာ၊ မဟာဥရုဝေလ ဝင်္ကပါတောရရိပ်သာ၊ မြစ်သားမြို့နယ် သုမနကျောက်ဂူတောရ ရိပ်သာများ၏ ဦးစီးပဓာန နာယကဖြစ်တော်မူသော ဘဒ္ဒန္တသုမန(မဟာကမ္မဋ္ဌာနာစရိယမဟာထေရ်) အရှင်သူမြတ်မှ နေ့မီးငြိမ်း(၁၀)ရက် တရားစခန်းပွဲကို ခန္ဓာဉာဏ်ရောက် ဟောကြားချီးမြှင့်မည်ဖြစ်ပါ၍ တရားတော်များကို နာကြားအားထုတ်တော်မူကြပါရန် လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက်။ ။ ၁၃၈၀ ခုနှစ်၊ တပေါင်းလပြည့်ကျော်(၆)ရက်မှ တပေါင်းလကွယ်နေ့အထိ။
(၂၆-၃-၂၀၁၉ မှ ၄-၄-၂၀၁၉)ရက်ထိ။

ကျင်းပမည့်အချိန်။ ။ နံနက်(၈:၃၀)နာရီမှ (၅:၃၀)နာရီထိ။

ကျင်းပမည့်နေရာ။ ။ ရန်ကုန်မြို့ ဒဂုံမြို့နယ်၊
မဟာဝိဇယစေတီတော်၊ ဓမ္မရက္ခိတဓမ္မာရုံဗိမာန်ကြီး။

သိလိုသမျှကို ဦးမင်းမင်းမြတ်(၀၉-၄၀၂၅၀၇၀၁၆)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။




YANGON INTERNATIONAL LIFESTYLE FURNITURE FAIR
19th
၂၀၁၉ ခုနှစ်-မတ်လ (၂၇) ရက်နေ့ မှ (၃၁) ရက်နေ့ အထိ (၅)ရက်တိုင်တိုင် ကျင်းပသွားပါမည်
နှစ်သစ်ကူးအကြို ပရိဘောဂပြပွဲကြီး
တပ်မတော်ခန်းမ
LUCKY DRAW
Platinum Sponsored by
Casabella
Gold Sponsored by
SWEETY HOME | INHOUSE | NEWLOOK | URBAN
Organized by : Thousand Islands Business Group

ရွှေမှန်တောင်
TMR000849(0519)
TMR007525(0620)

ဘာသာစုံဂုဏ်ထူးရှင်များမွေးထုတ်ပေးသော အောင်မြင်ကျော်ကြားသော
ကိုယ်ပိုင်အထက်တန်းကျောင်း
အဆင့်မြင့်ဘော်ဒါ
ကျောင်းအပ် လက်ခံနေပါပြီ

ငှားမည်
09 515 7160
09 96 515 7160
09 76 515 7160
New World Office Page
ARC 85' x 47' (Sq ft-14000)

"Better English For a Smarter Life"
ဦးရဲကော်လတ်
M.A.(UFL),MBA(UTCC)
APPLIED GRAMMAR & SPOKEN ENGLISH
Basic 4 Skills
Intermediate 4 Skills
Advanced 4 Skills
March 28 Open
(-09-5057138,09-73175231)

သဘာဝသုခ
TEL:(09)73071133,73081817,973081817,798326362

Super Cool
Air Con
(၁) မ/ဒုံမြို့နယ် 09-777407575,01-706356,09-49594626
(၂) ရန်ကင်းမြို့နယ် -09-73187375, 09-400407575
(၃) သာကေတမြို့နယ် -09-420305462, 09-254179565
(၄) ကြည့်မြင်တိုင်မြို့နယ် -09-256155553, 09-33338211
(၅) မ/ဥက္ကလာမြို့နယ် -09-450013581, 09-49316140
(၆) လှိုင်မြို့နယ်- 09-256223396, 09-47054581
(၇) မန္တလေး -09-49252181, 09444042912
အပြီးအစီးဈေးနှုန်း → 1.0 HP 325000Ks
1.5 HP 375000Ks
Air-Con အဟောင်းအပျက်များကိုလည်း ဈေးကောင်း ပေးဝယ်ယူနေပါသည်။09-445063969


သစ်တောနဲ့

သစ်ပင်

ချစ်ခင်တဲ့လူမျိုး

သစ်ပင်ကို

နှစ်စဉ်စိုက်

ရွှေတိုက်ကိုစိုး

## အများသိစေရန် ကြော်ငြာ

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၉)ရပ်ကွက်၊ ပုန်းညက်မြိုင်လမ်း၊ အမှတ်(၈၂ -)ဟုခေါ်တွင်သော အလျားပေ(၂၅)×အနံပေ(၆၀)အကျယ်ရှိ မြေနှင့်နေအိမ်အား အရပ်ရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် တရားဝင်ဝယ်ယူ ပိုင်ဆိုင်သူ ဒေါ်သောင်းနု[၁၂/သကတ(နိုင်)၀၀၃၄၂၅]၊ ဒေါ်သီသီလွင်[၁၂/သကတ(နိုင်)၀၀၃၄၂၆]တို့ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေကရောင်း ကြေးငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်၍ ယင်းအိမ်မြေအား ပိုင်ရေးဆိုင်ခွင့် ရှိပြီး ကန့်ကွက်လိုသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကိုကိုစံ(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၂၅၁၈၅)**
**အခန်းအမှတ်(၁၁)၊ ဝေဟင်လမ်း၊ ၂ရပ်ကွက်၊ ဝေဘာဂီမြို့သစ်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၁၀၆၅၄၁၅၊ ၀၉-၇၈၃၆၆၇၅၂၂**

## အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ မြေနုလမ်း၊ မြေနုကွန်ဒို၊ တိုက်အမှတ်(၉၉/ခ) အခန်းအမှတ်(၆၀၂) အား ကွန်ဒိုဓာတ်လှေကားအသုံးပြုခွင့်၊ ကားပါကင်ရပ်နားခွင့် အပါအဝင် တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ထားရှိ ပိုင်ဆိုင်မှု အကျိုးခံစားလျက် ရောင်းချသူ ဦးဝင်းဆွေထံမှ ၎င်းတိုက်ခန်း ဝယ်ယူရန်အတွက် စရန်ငွေချထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက် စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ် ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးအောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်ချိုမာလွင်**
**ဖုန်း-၀၉-၉၇၄၈၈၈၀၄၅၊ ၄၃၁၂၉၃၀၅**

တော တောင် ခြောက် ခန်း လယ် ယာ နွမ်း ၏

